
www.burmeseclassic.com



# သမ္မတ ဦးသိန်းစိန်

သို့မဟုတ်

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီပဲ့ကိုင်ရှင်

အောင်မြတ်ဦး

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| တန်ဖိုး | - | ၂၂၀၀ |
| အုပ်ရေ | - | ၂၀၀၀ |
| ပထမအကြိမ် | - | ၂၀၁၂ ၊ စက်တင်ဘာလ |
| မျက်နှာဖုံး | - | Bo Bo ( CCW ) |
| ထုတ်ဝေသူ | - | ဦးဝင်းသူရလွင် |
| | | အိမ်မက်အသစ်စာပေ |
| | | အမှတ် -၃၈၊ (၃)လွှာ၊ ၁၅၃-လမ်း |
| ပုံနှိပ်သူ | - | ဦးယင်အောင်ကျော် |
| | | ရွှေပြည်ဟိန်း ပုံနှိပ်တိုက် |
| | | အမှတ် - ၂၁၄၊ ဗိုလ်တထောင်ဈေးလမ်း |

CIP

၉၂၃.၁

အောင်မြတ်ဦး (ဦး)

သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပဲ့ကိုင်ရှင်

မျိုးချစ်စာပေ ၂၀၁၂

စာ ၂၅၂ / ၁၂.၅ × ၁၉.၅ စင်တီ

(၁) သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပဲ့ကိုင်ရှင်


# သမ္မတဦးသိန်းစိန်

သို့မဟုတ်

## မြန်မာနိုင်ငံ၏ ဒီမိုကရေစီပဲ့ကိုင်ရှင်

---

အောင်မြတ်ဦး

---

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊


### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# ၂၀၁၁ ခုနှစ်၏ အထင်ရှားဆုံးခေါင်းဆောင်နှစ်ဦး




## သမ္မတ ဦးသိန်းစိန်
## နှင့်
## ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ-၁

နိဒါန်း
သို့မဟုတ်
ခေတ်သစ်တည်၊ ပြည်သစ်ဆောက်သူတစ်ဦး၏
ဖျတ်ခနဲ မြင်ရသည့်ရုပ်ပုံလွှာ
၁။ သမ္မတဦးသိန်းစိန် အစိုးရသစ်နှင့်
စိတ်လှုပ်ရှားဖွယ် မြန်မာ့နိုင်ငံရေး
၂။ သမ္မတဦးသိန်းစိန်၏ အစိုးရသစ်လက်ထက်
ထူးခြားဖြစ်စဉ်များ
၃။ ၂၀၁၁၊ အစိုးရသစ်၏ မမေ့သင့်သော
ဆောင်ရွက်ချက် ရက်စွဲမှတ်တမ်း
၄။ အမျိုးသားအကျိုးစီးပွား ပြည်သူအကျိုးစီးပွား

## အပိုင်း (၁)

### ၉ ဦးမြောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် သူ့ဘ၀၊ သူ့နိုင်ငံရေး၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်

၅။ ၉ ဦးမြောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်
မြန်မာ့သမိုင်းတွင် အုပ်ချုပ်ရေးအာဏာရ
သမ္မတများ
၆။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အာဏာသုံးရပ်
၇။ နိုင်ငံ့ဖဘော်သမ္မတ ဦးသိန်းစိန်နှင့် မှတ်မှတ်ရရ
ဘ၀မော်ကွန်း

www.burmeseclassic.com

www.burmeseclassic.com



၈။ ပြည်သူ့ရင်ထဲက သမ္မတ
၉။ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် သမိုင်းဝင်
မြစ်ဆုံဆုံးဖြတ်ချက်
(ဟီလာရီကလင်တန်၏ ဓာတ်ပုံမှတ်တမ်း)
၁၀။ အမေရိကန်-မြန်မာဆက်ဆံရေးနှင့်အစိုးရသစ်
၁၁။ အစိုးရသစ်လက်ထက် နိုင်ငံတကာ
အသိုင်းအဝိုင်းတို့ ပြန်လည်ဝင်ရောက်ခြင်း
၁၂။ အမေရိကန်သမ္မတ အိုဘားမားမှ နိုင်ငံတော်သမ္မတ
ဦးသိန်းစိန်သို့ အိတ်ဖွင့်ပေးစာ
၁၃။ သမ္မတဦးသိန်းစိန် (သို့မဟုတ်)
သမိုင်းလိုအပ်ချက်အရ ပေါ်ထွက်လာသူ

## အပိုင်း (၂)

**သမိုင်းဝင်ခြစ်စဉ်၊ သမိုင်းဝင်မိန့်ခွန်း၊ သမိုင်းဝင်အင်တာဗျူး**

၁၄။ ဝါရှင်တန်ပို့စ် အကြီးတန်းအယ်ဒီတာနှင့်
သမ္မတကြီးဦးသိန်းစိန် အင်တာဗျူး
၁၅။ နောက်ပြန်လှည့်မည်မဟုတ်
၁၆။ သမ္မတ၏ နှစ်ပတ်လည်မိန့်ခွန်း
ကောက်နုတ်ချက်
၁၇။ ခိုင်မာသောဒီမိုကရေစီနိုင်ငံ တည်ဆောက်မည်
၁၈။ ကြားဖြတ်ရွေးကောက်ပွဲ အင်ဒိုနီးရှားသံအမတ်
အင်တာဗျူးနှင့်အဖြေ



## အပိုင်း (၃)
## နောက်ဆက်တွဲ

၁၉။ နိုင်ငံတော်သမ္မတဦးသိန်းစိန် လွှတ်တော်သို့
ပေးပို့သည့် သဝဏ်လွှာ
၂၀။ နိုင်ငံတော်သမ္မတနှင့် တိုက်ရိုက်မီဒီယာ
၂၁။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်
မစ္စတာဘန်ကီမွန်း၏ လွှတ်တော်မိန့်ခွန်း
၂၂။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်
မစ္စတာဘန်ကီမွန်းနှင့် ပြည်တွင်းမီဒီယာများ
ကျမ်းကိုးစာရင်း

★★★

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

## သို့မဟုတ်

## တိုင်းသစ်တည်၊ ပြည်သစ်ဆောက်သူတစ်ဦး၏ ဖျတ်ခနဲ မြင်ရသည့် ရုပ်ပုံလွှာ

### (၁)

လူသည် သမိုင်းကို ဖန်တီးသူဖြစ်သကဲ့သို့ စာရေးဆရာသည် လူ့သမိုင်း နိုင်ငံသမိုင်းအား ပကတိ အရှိတရားအတိုင်း၊ အမှန်တရားအား ပုံဖော်ရေးသား တာဝန်ရှိသည်။

စာရေးဆရာ၏ အမှန်တရား ပုံဖော်ရေးသားချက်မှာ လူငယ်လူရွယ်မျာ အနာဂတ်ခရီးအတွက် အလင်းရောင် ဖြစ်သည်။ ယင်းအတွက် စာရေးသူမျ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု ကင်းဖို့လိုသည်။

ကျွန်တော်သည် နိုင်ငံရပ်ခြားမှ အထင်ကရပုဂ္ဂိုလ်များ အကြောင်းအ တည်တည်ရပ်၍ ရေးသားခဲ့သလို၊ မြန်မာနိုင်ငံမှ ထင်ရှားသည့် ပုဂ္ဂိုလ်မ အကြောင်းကိုလည်း ရေးသားခဲ့သည်။

လူတစ်ဦးတစ်ယောက်၏ အကြောင်းအား ရေးသည့်အခါတွင်လည်း ထိုပုဂ္ဂိ ၏ ဖြတ်သန်းမှုသမိုင်းစဉ်အရ ကောင်းလျှင် ကောင်းကြောင်း၊ ဆိုးလျှင် ဆိုးကြေ အမြင်ကို ပီပြင်စွာ ရေးခဲ့သည်။

ဒါက စာပေသမားပီပီ တာဝန်သိခြင်း၊ သစ္စာရှိခြင်း ခံယူချက်နှင့် ရေးခဲ့ခြ ဖြစ်သည်။ စာရေးသူသည် တစ်စုံတစ်ဦး၏ ချစ်ခြင်း၊ မုန်းခြင်းအား မျှော်ကိုး မလိုပါ။

### (၂)

ကျွန်ဘော် မှတ်မိနေသေးသည်။

သကြ်န်မိုးနံ့ သင်းစအချိန်တွင် ၃၉ လမ်း၊ လက်ဖက်ရည်ဆိုင် တစ်ဆို စာပေဝိုင်းကလေးတစ်ခု၌ ထုတ်ဝေသူ လူငယ်တစ်ဦးနှင့် စကားကောင်းနေ မမျှော်လင့်ပဲ သူနှင့်ဆုံရသည်ကို မမေ့။

သူက ကိုတင်မောင်ထွန်း။ လွန်ခဲ့တဲ့ ဆယ်ခုနှစ်တစ်ခုနီးပါးက သူနှင့် အ်ုပ်ထုတ်ဝေရေးစကား ပြောဖူးသည်။ ကျွန်တော် စာမူ ဝယ်ဖူးသည်။ မထုတ် ဖြစ်ခဲ့။

ဘာကြောင့်ဟူသည် ကျွန်တော်မသိ။

သည်တစ်ခါ ပြန်တွေ့တော့ မျိုးချစ်စာပေ ဖြန့်ချိရေးအား ထူထောင် သအကြောင်း ပြောသည်။ သူ့ အမူအရာကမူ သူ့ထုံးစံအတိုင်း။

“ကောင်းတာပေါ့ဗျာ”

ဒါပဲ ကျွန်တော်ပြောခဲ့သည်။

ဤသို့ဖြင့် စကားကောင်းကြပြီး လူခွဲတော့-

“ကျွန်တော် ကိုအောင်မြတ်ဦးနဲ့ စကားပြောချင်တယ်”

သူက ပြောသည်။

“ရပါတယ်”

ဤသို့ဖြင့် ကျွန်တော်တို့ စာပေလောကသားတို့ ထုံးစံအတိုင်း ဆိုင်ပြောင်း ကြသည်။ ဆိုင်သစ်ရောက်တော့-

“အစ်ကိုအောင်မြတ်ဦး ကျွန်တော်ကို စာအုပ်တစ်အုပ် ရေးပေးမလား”

စကားစပါသည်။

“တကယ်ထုတ်မှာလား”

”တကယ့်ထုတ်မှာ၊ အကျိုးအမြတ်ကြောင့် မဟုတ်ဘူး၊ လေးစားလို့ ထုတ်မှာ”

“ဘာအကြောင်းလဲ”

“သမ္မတကြီး ဦးသိန်းစိန် အကြောင်းလေး”

ကျွန်တော် အပြုံးနှင့် သူ့အား ဖျတ်ခနဲ ကြည့်လိုက်သည်။ စိတ်ထဲတွင်လည်း မျှော်သလိုလို၊ ပြောရလျှင် ရေငတ်တုန်း ရေတွင်းထဲကျသလိုပင်။

အဘယ့်ကြောင့်ဆိုသော် သမ္မတကြီး ဦးသိန်းစိန်ကို ကျွန်တော် စိတ်ဝင်စား သည်။ ထို့ကြောင့် စာများကြီး စုဆောင်းလေ့လာ ထားခဲ့သည်။ တပ်မတော်သား ဘဝ၊ ယနေ့မြင်ကွင်း သမ္မတကြီး ဦးသိန်းစိန်က တည်ငြိမ်ရိုးဖြောင့်စူးရှသူ၊ တပ်မတော်သား ဘဝကလည်း ထူးခြားသလို၊ အထွေထွေ ရွေးကောက်ပွဲဝင်ပြီး

www.burmeseclassic.com

www.burmeseclassic.com

သမ္မတ တာဝန်ယူတော့လည်း သူက နိုင်ငံခေါင်ဆောင်ပီသသူ၊ ပြည်သူ့အရေး ဂရုပြုသူ။

သမ္မတကြီး ဦးသိန်းစိန်က အမျိုးသား အကျိုးစီးပွား ရှေးရှုသူ။ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ရှေးရှုသူ။

ဒီလို ပုဂ္ဂိုလ်များအကြောင်းက ရေးသင့်သည့်အကြောင်း။

"ကောင်းပြီး ရေးပေးမယ်"

သည့်တော့ သူကြည်နူး ဝမ်းမြောက်စွာ ပြုံးကြည့်သည့် အပြုံးက ကျွန်တော့်နှလုံးသားတွင် စွန်းထင်းနေဆဲ။

(၃)

သမ္မတကြီး ဦးသိန်းစိန်၏ ဖြတ်သန်းမှု လုပ်ဆောင်ချက်များသည် နိုင်ငံတစ်နိုင်ငံ၏ ပြောင်းလဲမှုအတွက် အလွန်ခက်ခဲသည့် အခြေအနေပေါ်တွင် ရပ်တည်လုပ်ဆောင်နေရကြောင်း တွေ့ရ၏။

သို့သော် တိုတောင်းသည့် အချိန်ကာလအတွင်း၌ပင် အချို့ ပီပြင်၍၊ အချို့ ထင်သာမြင်သာ ရှိနေပြီ။

ထို့ကြောင့် သမ္မတကြီး ဦးသိန်းစိန်၏ ဖြတ်သန်းမှု သမိုင်းကြောင်းသည် မြန်မာနိုင်ငံသူ နိုင်ငံသားများ သိသင့်သည့်အကြောင်းဖြစ်၏။

ဤစာအုပ်အား ဖတ်၍ စာဖတ်သူတို့အတွက် အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းနိုင်သည်ဟုလည်း ယုံကြည်၏။ ဤစာအုပ်ဖတ်၍ စာဖတ်သူများ စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ် အခြေခံကို ခံစားလာခဲ့ပြီဆိုလျှင် စာရေးသူအတွက် ရေးရကျိုး နပ်မည်ပင်။

သို့နှယ်ပင်၊ ဤစာအုပ် ရေးဖြစ်စေရန် အဖက်ဖက်မှ ပံ့ပိုးကူညီသည့် ဦးတင်မောင်ထွန်း (မျိုးချစ်စာပေ ဖြန့်ချိရေး)အားလည်း ကျေးဇူးအနန္တဖြင့်-

စာဖတ်သူများရဲ့

အောင်မြတ်ဦး

၂၃-၀၈-၂၀၁၂

၁၈၀ ဘရဏီလမ်း

၁၁ ရပ်ကွက်၊ လှိုင်သာယာမြို့။

# အမျိုးသားရေးမူဝါဒ

ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမဆို မိမိနိုင်ငံနှင့် မိမိနိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ရှေးရှုဆောင်ရွက်ကြရသည့်နည်းတူ မိမိတို့နိုင်ငံနှင့် ဆီလျော်လိုက်ဖက်သည့် အမျိုးသားရေးမူဝါဒများကိုလည်း ခိုင်ခိုင်မာမာ ချမှတ်ထားကြပါသည်။ ထိုချမှတ်ထားသော အမျိုးသားရေးမူဝါဒကို နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံးက အသက်ပေးကာကွယ်စောင့်ရှောက်ကြသည်။

ကျွန်ုပ်တို့နိုင်ငံသည်လည်း အလားတူဖြစ်ပါသည်။ အမျိုးသားရေးမူဝါဒဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုသော ရည်မှန်းချက်(ဝါ)ပန်းတိုင် ဖြစ်ပါသည်။ ထိုအမျိုးသားရေးမူဝါဒကို အခြေခံသည့် နိုင်ငံသားများအားလုံး ထားရှိရမည့်စိတ်ဓာတ်ကို အမျိုးသားရေးစိတ်ဓာတ်ဟု ခေါ်ဆိုပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားရေးစိတ်ဓာတ်ကို နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ထားရှိခဲ့ကြသလို နိုင်ငံလွတ်လပ်ရေးရပြီးနောက်တွင်လည်း မိမိနိုင်ငံအကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်ရန်အတွက် ထားရှိကြရပါသည်။ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးပန်းတိုင် ပျောက်ဆုံးပါက နိုင်ငံနှင့် နိုင်ငံသားများ ပျက်စီးဆုံးရှုံးခြင်း၊ ယိုင်ယဲ့ချည့်နဲ့ပြိုကွဲခြင်းတို့ ဖြစ်စေတတ်ပါသည်။ နောက်ဆုံးတွင် နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးပြီး တစ်ပါးကျွန်ဘဝသို့ ပြန်လည်ရောက်သွားနိုင်သည်ကို သမိုင်းသက်သေများအရ သိရှိနိုင်ပါသည်။

အမျိုးသားရေးမူဝါဒသည် သက်ဆိုင်ရာနိုင်ငံ၏ သမိုင်းဖြစ်စဉ်၊ နိုင်ငံသားများ၏ ပကတိအရှိတရားများနှင့် လွတ်ကင်းသည်ဟူ၍ မရှိပါ။ ထိုနိုင်ငံ၊ နိုင်ငံသားများ၏ သမိုင်းရေးလိုအပ်ချက်နှင့် တစ်ထပ်တည်းကျပါသည်။ ထို့ကြောင့် ယနေ့ ကျွန်ုပ်တို့နိုင်ငံ၏ သမိုင်းရေးလိုအပ်ချက်နှင့်အညီ ချမှတ်ကျင့်သုံးလျက်ရှိသော အမျိုးသားရေးမူဝါဒများကို နိုင်ငံသားအားလုံးက မမိုတ်မသုန် ရှေးရှုကြဖို့လိုမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံသည် လွတ်လပ်သောနိုင်ငံဖြစ်ပါသည်ဟူ၍ ပေါ့ပေါ့တန်တန် မနေအပ်ဘဲ လွတ်လပ်သောနိုင်ငံ၊ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံစွမ်းအားများ ခိုင်မာတောင့်တင်းကြံ့ခိုင်အောင် အမြဲမွေးမြူထားကြရမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဟူမူ ကျွန်ုပ်တို့နိုင်ငံသည် သိသိသာသာ ကျွန်ပြုခံခဲ့ရသည့် သမိုင်းကြောင်းရှိခဲ့ပြီး ထပ်မံ၍ မသိမသာ ကျွန်ပြုမခံရစေရန်အတွက် အမျိုးသားရေးကိုယ်ခံစွမ်းအားများ မပျောက်ပျက်အောင် ထိန်းသိမ်းမြှင့်တင်ထားရမည် ဖြစ်ပါသည်။

ယနေ့ ကျွန်ုပ်တို့နိုင်ငံ၏ အမျိုးသားရေးမူဝါဒမှာ ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် ပြည်ထောင်စုသားအားလုံး၏ ထာဝရလိုအပ်ချက်ဖြစ်သည့် 'ဒို့တာဝန်အရေးသုံးပါး' ပင်ဖြစ်တော့သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် နိုင်ငံအတွက် ထာဝရမှန်ကန်သည့် ပကတိအရှိတရားသာ ဖြစ်သည်။

ပြည်ထောင်စုကြီး ရေရှည်တည်တံ့မှု၊ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု နိုင်ငံ၏ အချုပ်အခြာအာဏာသည်လည်း တည်တံ့ခိုင်မြဲမည် ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ယွင်းသဖြင့် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်၊ အချုပ်အခြာအာဏာ ဆုံးရှုံးမည့်အန္တရာယ်များနှင့် ကြုံတွေ့နေရသည့် နိုင်ငံများကိုလည်း တွေ့မြင်နေရပါသည်။

မျက်မှောက်ကာလ နိုင်ငံတကာ သမိုင်းသင်ခန်းစာများကိုရယူပြီး ကျွန်ုပ်တို့နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံသား ပြည်သူတိုင်း ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ရွက်ပန်ပြီး အနာဂတ်ရည်မှန်းချက်ပန်းတိုင်သို့ ဦးထမ်းပဲ့ထမ်း လျှောက်လှမ်းချီတက်ကြရမည် ဖြစ်ပါသည်။ အသိတရားနှင့် သတိတရားပေါင်းစပ်ကာ နိုင်ငံ့အကျိုးကို ဆက်လက်သယ်ပိုးကြရမည်ဖြစ်ပါသည်။

သို့မှသာ တိုင်းရင်းသားပြည်သူအားလုံး အေးအတူပူအမျှ သာတူညီမျှ လက်တွဲ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး၏ အသီးအပွင့်အားလုံးကို ကိုယ်တိုင်စိုက်၊ ကိုယ်တိုင် ခံစား စားသုံးနိုင်ကြမည် ဖြစ်ပါသည်။ ။

## နိုင်ငံတော်သမ္မတဦးသိန်းစိန် ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းကြီး၏ ၂၀၁၂ ခုနှစ်အတွက် သြဇာတိက္ကမအကြီးဆုံး လူ ၁၀၀ စာရင်းတွင် ရွေးချယ်ခံရ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၁၈-၄-၂၀၁၂ နေ့က အမေရိကန်အခြေစိုက် ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းကြီး၏ ၂၀၁၂ ခုနှစ်အတွက် သြဇာတိက္ကမအကြီးဆုံး လူ ၁၀၀ စာရင်းတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမား၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၊ Apple စီအီးအို တင်မ်ကွတ်ခ်၊ နယူးယော့ခ် ရီမန်ကသလစ်ဂိုဏ်းချုပ် တင်မ်မိုသီဒေါ်လန်၊ စီးပွားရေးလုပ်ငန်းရှင် Warren Buttett တို့အပါအဝင် အခြား ၉၄ ဦးတို့နှင့်အတူ ရွေးချယ်ခံခဲ့ရကြောင်း သိရှိရပါသည်။

★★★

www.burmeseclassic.com



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
နှင့်
ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်
ပထမအကြိမ်တွေ့ဆုံစဉ်က

www.burmeseclassic.com

www.burmeseclassic.com

## ဦးသိန်းစိန်
## အစိုးရသစ်နှင့်
## စိတ်လှုပ်ရှားဖွယ် မြန်မာ့နိုင်ငံရေး

ချုပ်ငြိမ်းခြင်းနှင့် ဖြစ်တည်ခြင်းသည် ပြောင်းလဲခြင်းနိယာမမျိုး၏ ဟိုဘက်သည်ဘက်၌ ရှိနေသည်။ နှစ်ဟောင်းကုန်ဆုံးလျှင် နှစ်သစ်သည် ဝေစီမွေးဖွားလာစမြဲ။

သို့သော် နှစ်ဟောင်းသည် ပစ္စလက္ခ မေ့မေ့လျော့လျော့ ပြောင်းလဲသွားခြင်း မရှိ။ နှစ်သစ်သည် ဝေစီသစ်လွင်နေသကဲ့သို့ နှစ်ဟောင်းသည် သမိုင်းဝင်ဖြစ်စဉ်များနှင့် ကျန်ရစ်ခဲ့၏။

မှန်သည်။

၂၀၁၁ ခုနှစ်သည် မြန်မာပြည်အတွက် စိတ်လှုပ်ရှားဖွယ်နှစ်တစ်ခုဖြစ်ခဲ့ပြီ။ ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲများ

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်မှ ဦးစီးပြုလုပ်ပြီး အနိုင်ရသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နိုင်ငံတော်၏ အာဏာသုံးရပ်အား လွှဲပြောင်းယူနိုင်ခဲ့၏။

အစိုးရသစ်တွင် တပ်မတော်အရာရှိဟောင်း များစွာ ဦးဆောင်ပါဝင်နေသဖြင့် အစိုးရသစ်၏ နိုင်ငံရေးလုပ်ဆောင်ချက်အား ပြည်တွင်းပြည်ပမှ နိုင်ငံရေးစောင့်ကြည့်သူအားလုံးက ကြည့်ရင်း အံ့သြသွားကြရ၏။

အဘယ်ကြောင့်ဆိုသော် အစိုးရသစ်သည် ၂၀၁၁ ခုနှစ်၌ လေ့လာသူများ မျှော်လင့်မထားသည့် အပြောင်းအလဲများ ပေါ်ပေါက်ခဲ့သောကြောင့် ဖြစ်သည်။

ထိုပြောင်းလဲမှုများထဲ၌ သမိုင်းတွင်မည့် ဖြစ်ရပ်များလည်း များစွာရှိခဲ့၏။ ပေါ်ပေါက်ခဲ့၏။

ထိုနှစ်က ထူးခြားသည့်နှစ်။

* * *

၂၀၁၁ ခုနှစ်၌…

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး (နောင် ဥက္ကဋ္ဌ) အား အစိုးရသစ်၏ သမ္မတဦးသိန်းစိန်က ပထမအကြိမ် သမိုင်းဝင်တွေ့ဆုံခြင်း။

နိုင်ငံတော်သမ္မတက ပြည်သူ့ဆန္ဒနှင့်အညီ မြစ်ဆုံစီမံကိန်းအား ရင်ဆိုင်ရန် ညွှန်ကြားခြင်း။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ခြင်း။

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌရာထူး ရရှိခြင်း။

ကမ္ဘာ့ရူပါ ပါဝါအမေရိကန်သမ္မတ အိုဘားမား၏ မြန်မာနိုင်ငံဆိုင်ရာ ပထမဆုံးမိန့်ခွန်းနှင့် နှစ် (၅၀) ကျော်အတွင်း ပထမဆုံးအကြိမ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်သည် မြန်မာနိုင်ငံသို့ ခရီးနှင်လာခြင်း။

စသည်တို့က သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အစိုးရသစ်လက်ထက် ပေါ်ပေါက်ခဲ့သည့် သမိုင်းဝင်ဖြစ်ရပ်များ ဖြစ်ခြင်း။

စောင့်ကြည့်လေ့လာနေသည့် နိုင်ငံရေးပညာရှင်တို့က–

"၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအလွန်၊ ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းအခြေအနေတွေကို ပြန်ကြည့်ရင်တော့ အားတက်စရာ မရှိပါဘူး။ ဘာမှလည်း မတွေ့ရဘူး"

ဟု နိဒါန်းဆင်သုံးသပ်ခဲ့သလို ထိုထိုသော နိုင်ငံရေးသုတေသီတို့ဝင်–

"ဒါပေမယ့် တစ်ခုထူးခြားတာက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖျက်သိမ်းပြီး သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအဖွဲ့သစ် အာဏာလွှဲပြောင်းယူတဲ့

www.burmeseclassic.com

www.burmeseclassic.com



မတ်လ (၃၀) ရက်နေ့မှ မြွက်ကြားတဲ့ သမ္မတ
ဦးသိန်းစိန်ရဲ့ ပထမဆုံးမိန့်ခွန်းကတော့ မျှော်
လင့်အားတက်စရာဖြစ်ခဲ့တာ အမှန်ပဲ''

ဟု သုံးသပ်ပြောဆိုခဲ့၏။

မှန်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ပထမဆုံးမိန့်ခွန်းကို သုံးသပ်ကြည့်လျှင် သမ္မတသည် ပြည်သူလူထု အထိနာစေမည့် နည်းလမ်းများအား ရွေးချယ်ခြင်းမပြုခဲ့။

နိုင်ငံတော်ငြိမ်းချမ်းသာယာစေရန် ငြိမ်းချမ်းသော နည်းလမ်းများအား အဓိကထားစွမ်းဆောင်ရန် ရိုးဖြောင့်တည်ကြည်စွာ ဆို၏။

**သမ္မတ၏ ပထမမိန့်ခွန်း၌-**

''မတူညီသည့် အမြင်ရှိသူများအတွက်၊ တိုင်း
ပြည်အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်
မှု လမ်းဖွင့်ထားကြောင်း၊ စီးပွားရေးတွင်
အရင်းရှင်၊ ဓနရှင် အခွင့်ထူးခံများ၏ လက်ဝါး
ကြီးအုပ် ချယ်လှယ်မှုထိန်းသိမ်းမည့်အကြောင်း၊
လာဘ်ပေးလာဘ်ယူကိစ္စများအား ထိရောက်စွာ
အရေးယူမည့်အကြောင်း၊ သတင်းမီဒီယာကို
တိုင်းပြည် စတုတ္ထမဏ္ဍိုင်အဖြစ် တရားဝင်
အသိအမှတ်ပြုကာ နိုင်ငံသားများအား လူ့အခွင့်



အရေးကို အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်
အညီ ရအောင်ဆောင်ရွက်ပေးမည့်အကြောင်း''

စသည်တို့အား ပြည်သူအား အသိပေးခဲ့သည်။

စင်စစ် သည်စကားများ၊ အစိုးရကတိများက ယခင်အစိုးရလက်ထက်၌ မကြားဖူးသော၊ ကြားရခဲသော စကားများပင်။ ယခုသမ္မတက ရုပ်မြင်သံကြားမှ သူ့အသံနှင့်သူ ပြည်သူကို အသိပေးခဲ့ပြီ။

ဒါက ပြည်သူအတွက် အားတက်စရာပင်။

သို့နှယ်ပင် တစ်ရက်ခြား၌ မြွက်ကြားသည့် သမ္မတ၏ မိန့်ခွန်းစကားက ပြည်သူကို ပိုမိုမျှော်လင့် အားထားစေပြန်၏။

* * *

နိုင်ငံ၏ လူဦးရေ (၂၀) ရာခိုင်နှုန်းကျော်ရှိနေသည့် တောင်သူလယ်သမားများနှင့် အခြေခံလူတန်းစားများအကျိုးအတွက် မေလတွင် ပြုလုပ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီး ရေးလုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့၏။

သိသိသာသာ မကောင်းသေးသော်လည်း သူ၏စေတနာဘာသာစကားများကိုမူ အသိအမှတ်မပြု၍မရ။ အသိအမှတ်ပြုရမည်ပင်။

ယင်းကဲ့သို့ပင် သမ္မတဦးသိန်းစိန်လက်ထက် ပင်စင်စားဝန်ထမ်းများ၏ တိုးမြှင့်လစာအား ဇွန်လ (၃၀) ရက်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



တိုးမြှင့်ပေးခြင်း။

မေလ (၁၆) ရက်နေ့၌ အကျဉ်းသား တစ်သောင်းကျော်အား လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ်လျှော့ပေါ့မှုများပေးသည်မှာ ဝမ်းမြောက်စရာဟု ဆိုနိုင်၏။

အမိက ပြည်သူအား စိတ်လှုပ်ရှားဖွယ်ဖြစ်ခဲ့သည်က ၂၀၁၁၊ ဩဂုတ်လ (၁၉) ရက်နေ့။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် အောင်ဆန်းစုကြည်တို့ နေပြည်တော်ရှိ သမ္မတရုံးတွင် ပထမအကြိမ် တွေ့ဆုံခြင်း ဖြစ်၏။

နိုင်ငံရေးလေ့လာသူတွေက-

"ဒီတွေ့ဆုံမှုဟာ မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့ တွေ့ဆုံမှုပဲ။ အစိုးရနှင့် အတိုက်အခံကြားက အပြန်အလှန် ယုံကြည်မှု တည်ဆောက်ခြင်းဆိုလည်း မှန်တယ်။ ဒါဟာ အပြောင်းအလဲများစွာ ဖြစ်ပေါ်လာဖို့ အစပဲ"

ဟု သုံးသပ်ကြ၏။

မှန်သည်။

သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အရပ်သားအစိုးရက ပြိုလဲမတတ်ဖြစ်နေသည့် စီးပွားရေးများအတွက် အခွန်လျှော့ခြင်းနှင့် ဘဏ်အတိုးနှုန်းလျှော့သည့် နှီးနွှောမှုအစီအစဉ်များ။

လူလတ်တန်းစား ကားစီးသူအများစုအား ပျော်ရွှင်စေသည့် ကားအဟောင်းနှင့် အသစ်လဲလှယ်အစားထိုးအစီအစဉ်များအား အစိုးရသစ်က ဆက်တိုက်ဆောင်ရွက် လုပ်ကိုင်ခဲ့သည်။



ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ တန်ဖိုးရှိသော လူထုနှင့် ပညာရှင်အများစု မလိုလားသည့် ဧရာဝတီမြစ်ဆုံစီမံကိန်းအား ယခုအစိုးရလက်ထက်၌ ရပ်ဆိုင်းထားရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်က စက်တင်ဘာ (၃၀) ရက်နေ့၌ ညွှန်ကြားခဲ့၏။

အောက်တိုဘာ (၁၂) ရက်နေ့တွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေသူ အကျဉ်းသား (၂၀၀) ခန့်အပါအဝင် အကျဉ်းသား ၆၃၅၀ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပြန်၏။

ထို့နောက် မြန်မာနိုင်ငံရေးအတွက် အရေးကြီးသည့်နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအား နိုဝင်ဘာလဆန်း၌ ပြင်ဆင်ပြဋ္ဌာန်းခဲ့သလို ၂၀၁၀ ပြည့် ရွေးကောက်ပွဲအား သပိတ်မှောက်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီ ပြန်လည်မှတ်ပုံတင်ရန် ဆုံးဖြတ်ခဲ့၏။

နိုဝင်ဘာ (၁၈) ရက်နေ့၌ ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးအား မြန်မာနိုင်ငံတာဝန် ထမ်းဆောင်ရန် အာဆီယံထိပ်သီးအစည်းအဝေးမှ ဆုံးဖြတ်ခြင်း။

အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမားက နှစ်ပေါင်း (၅၀) ကျော်အတွင်း ပထမဆုံး မြန်မာနိုင်ငံနှင့်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



သည့် မိန့်ခွန်းအား ပြောကြားခဲ့သလို အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးအား မြန်မာနိုင်ငံသို့ စေလွှတ်မည့်အကြောင်း မိန့်ခွန်း၌ ထည့်ပြောခဲ့၏။

(အမေရိကန်သမ္မတ အိုဘားမားက အောင်ဆန်းစုကြည် နှင့် မိနစ် ၂၀ ကြာ ဖုန်းနှင့် စကားပြောခဲ့၏။)


နိုဝင်ဘာ ၃၀ မှ ဒီဇင်ဘာ ၂ ရက်နေ့အတွင်း အမေရိ ကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံသို့ လာရောက်ကာ အမေရိကန်နှင့်မြန်မာ ဆက်ဆံရေး မျက်နှာသစ် ဖွင့်လှစ်ခဲ့သည်။

သမ္မတဦးသိန်းစိန်သည် အမေရိကန်နှင့်မြန်မာ ဆက်ဆံ ရေး ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်နေသကဲ့သို့ တရုတ်နိုင်ငံ နှင့်ဆက်ဆံရေးအားလည်း မပြတ်အောင် ဆောင်ရွက်လျက်ရှိ၏။

အစိုးရသစ်လက်ထက်၌ လွှတ်တော်တွင် အခန်းကဏ္ဍ များအားလည်း လွှတ်တော်ပုံမှန်အစည်းအဝေးများနှင့် ကောင်းမွန် သော လုပ်ဆောင်ချက်များနှင့် လုပ်ဆောင်ပြခဲ့၏။

လွှတ်တော်နှစ်ရပ်စလုံး၌ ဒီမိုကရေစီနှင့်အညီ သဘော ထားကွဲလွဲမှုရှိခဲ့သော်လည်း ရလဒ်ကောင်းရစေရန် ပူးပေါင်း ဆောင်ရွက်သွားနိုင်ခဲ့၏။

ဥပဒေကြမ်းများစွာအားလည်း လွှတ်တော်များက အတည်ပြုခဲ့ပြီး ရေးရာကော်မတီများကလည်း တက်ကြွစွာ လုပ်ကိုင်ခဲ့ပြီ။



မြန်မာနိုင်ငံရောက်
အမေရိကန် အထက်လွှတ်တော်အမတ်
ဂျွန်မက်ကိန်း



သမ္မတ ဦးသိန်းစိန် ၏
ပင်စင်လစာတိုးမြှင့်ခံစားခွင့်ကြောင့်ပြုံးပျော်နေကြသည့် ပင်စင်စားများ

www.burmeseclassic.com

www.burmeseclassic.com



သမ္မတဦးသိန်းစိန်အစိုးရအဖွဲ့သည် တိုင်းပြည်တိုးတက်အရေးအတွက် စဉ်ဆက်မပြတ် လုပ်ကိုင်နေသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးရန် ကြိုးပမ်းလျက် ရှိ၏။

ယခုအခါ အသီးအပွင့် မခံစားရသေးသည်ဆိုနိုင်သော်လည်း အနာဂတ်အတွက် မျှော်လင့်စရာများစွာ ရှိနေကြသည်။

ထို့ကြောင့် စည်းကမ်းရှိစွာ၊ ညီညွတ်စွာ လုပ်ပြမည်ပင်။

★★★

## သမ္မတဦးသိန်းစိန်၏ အစိုးရသစ်လက်ထက် ထူးခြားဖြစ်စဉ်များ

နိုင်ငံတစ်နိုင်ငံတွင် အစိုးရအဖွဲ့နှင့်အတူ သူ့တာဝန်ယူမည့်သူ ဆောင်ရွက်ချက်လည်း ရှိစမြဲ။ ယင်းဆောင်ရွက်ချက်များအနက် ထူးခြားသည့် ဆောင်ရွက်ချက်ဖြစ်စဉ်သည် သမိုင်းဝင်ထူးခြားဖြစ်စဉ်ဟုလည်း ဆိုရမည်ဖြစ်၏။ ထိုဆောင်ရွက်ချက်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များကလည်း သမိုင်းဝင်ဖြစ်စဉ်များပင်တည်း။

ယင်းတို့ကား . . .

www.burmeseclassic.com

www.burmeseclassic.com



၁။ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အောင်ဆန်းစုကြည် တွေ့ဆုံခြင်း

အစိုးရသစ်၏ သမ္မတဦးသိန်းစိန်နှင့် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် အောင်ဆန်းစုကြည်တို့၏ ဩဂုတ်လ ၁၉ ရက်နေ့ တွေ့ဆုံခဲ့သည့် တွေ့ဆုံမှုသည် ထူးခြားသည့် တွေ့ဆုံမှုဖြစ်သကဲ့သို့ စိတ်လှုပ်ရှားဖွယ်ဟုလည်း ဆိုရမည်ဖြစ်၏။

ဆိုရလျှင် ထိုတွေ့ဆုံခြင်းသည် အစိုးရခေါင်းဆောင်နှင့် အတိုက်အခံခေါင်းဆောင်တို့ကြား နှစ်ပေါင်း (၂၀) အတွင်း အကောင်းဆုံးသော တွေ့ဆုံခြင်းဟု ဆိုရမည်ဖြစ်၏။

ရွေးကောက်ပွဲလွန်ကာလ ပြည်တွင်းပြည်ပ စောင့်ကြည့်သူတို့ အံ့ဩမှင်သက်သွားစေသည့် တွေ့ဆုံမှု ဖြစ်သည်။

အရေးပါသည့် တွေ့ဆုံမှုလည်းဖြစ်သည်။

၂၀၁၁၊ ဩဂုတ်လ ၁၉ ရက်နေ့…

အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ဓာတ်ပုံ ချိတ်ဆွဲထားသည့် သမ္မတရုံးခန်းမ၌ ဗိုလ်ချုပ်၏သမီးဖြစ်သူ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် အောင်ဆန်းစုကြည်နှင့် သမ္မတဦးသိန်းစိန်တို့ တွေ့ဆုံခဲ့ကြ၏။ ဆွေးနွေးခဲ့၏။

ညစာအဖြစ်လည်း ရိုးရာအစဉ်အလာမပျက် ဧည့်ခံ၏။ အောင်ဆန်းစုကြည်ကိုယ်တိုင်က သမ္မတနှင့် ပထမအကြိမ် တွေ့ဆုံမှုအပေါ် ဝမ်းမြောက်ကျေနပ်မိကြောင်း ဖွင့်ဟဝန်ခံ၏။

ယင်းတွေ့ဆုံမှုသည် အစိုးရအဖွဲ့ခေါင်းဆောင်နှင့် အတိုက်



ခံခေါင်းဆောင်တို့အကြား ကြီးမားသည့် ယုံကြည်မှု (အပြန်အလှန်) လေးစားမှု တည်ဆောက်နိုင်ခဲ့သည်တည်း။

သမ္မတ၏ သမိုင်းတွင်သည့် ရောဝတီဆုံးဖြတ်ချက်

စက်တင်ဘာ (၃၀) ရက်နေ့၌ သမ္မတဦးသိန်းစိန်သည် သမိုင်းတွင်မည့် ဆုံးဖြတ်ချက်တစ်ခုအား ချမှတ်ခဲ့၏။

ပြည်သူလူထုနှင့် ပညာရှင်တို့အကြား အငြင်းပွားမှုများစွာ ဖြစ်ပေါ်နေသော ရောဝတီမြစ်ဆုံစီမံကိန်းအား သမ္မတဦးသိန်းစိန် သက်တမ်းအတွင်း ဆက်လက်တည်ဆောက်ခြင်းမပြုဘဲ ရပ်ဆိုင်းရန် သမ္မတက ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ဒေါ်လာ ၃ ဘီလျံကျော် အဆိုပါစီမံကိန်းအား ရပ်ဆိုင်းလိုက်ခြင်းကြောင့် သမ္မတဦးသိန်းစိန်အပေါ် ယုံကြည်မှု ထောက်ခံမှုများစွာ ရရှိခဲ့သည်။

မြန်မာနိုင်ငံရှေ့ရေးအတွက် အရေးကြီးသော အဆိုပါ သမ္မတ၏ ဆုံးဖြတ်ချက်ကြောင့် ပြည်သူအများ ပျော်ရွှင်ခဲ့ရ၏။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ခြင်း

ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီက သမ္မတဦးသိန်းစိန်အစိုးရအဖွဲ့အား ယုံကြည်သဖြင့် အရေး

www.burmeseclassic.com

www.burmeseclassic.com



ပါသည့် ဆုံးဖြတ်ချက်အားချခဲ့သည်။

အဖွဲ့ချုပ်သည် ၂၀၁၀ ရွေးကောက်ပွဲအား သပိတ်မှောက်ခဲ့သည့် ၁၉၉၀ ပြည့်ရွေးကောက်ပွဲ၌ ရွေးကောက်ပွဲ အောင်နိုင်ခဲ့သည့် ထိုပါတီသည် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲနှင့် နောင်လာမည့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု နိုဝင်ဘာ ၁၈ ရက်နေ့က ဆုံးဖြတ်ခဲ့သည်။

## ၄။ သမ္မတအိုဘားမား၏ မြန်မာနိုင်ငံဆိုင်ရာ သမိုင်းဝင်မိန့်ခွန်း နိုဝင်ဘာ (၁၈) ရက်။

အမေရိကန်နိုင်ငံ၏ ဘားရက်အိုဘားမားသည် နိုဝင်ဘာ ၁၇ ရက်နေ့၌ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် အောင်ဆန်းစုကြည်နှင့် မိနစ် ၂၀ ခန့် ဖုန်းနှင့် စကားပြောခဲ့၏။

ထို့နောက် အိုဘားမားသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေး၌ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပထမဆုံးမိန့်ခွန်း ပြောခဲ့၏။ သူ့မိန့်ခွန်းထဲ၌-

> 'အမှောင်မိုက်ဆုံးကာလများအလွန်တွင် မှိတ်တုတ်မှိတ်တုတ် တိုးတက်မှုများ (Flicker of progress) မြန်မာနိုင်ငံ၌ တွေ့မြင်ရပြီ'

ဟု အိုဘားမား ဆိုခဲ့၏။

ထို့အတူ အစိုးရနှင့်အောင်ဆန်းစုကြည်အကြား စတင်တွေ့ဆုံဆွေးနွေးမှုအား၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံသူ



အချို့ လွှတ်ပေးမှု၊ မီဒီယာနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးမှု၊ ဥပဒေပြုကဏ္ဍများတွင် ပိုမိုပွင့်လင်းမြင်သာအောင် ဆောင်ရွက်ပေးမှုတို့အား အမေရိကန်က အသိအမှတ်ပြုပြီး ပြောင်းလဲမှုများ ထပ်မံပြုလုပ်ရန် မြန်မာ့အစိုးရအားလည်း တိုက်တွန်းခဲ့သည်။

မိန့်ခွန်းပြောကြားစဉ် နှစ်ပေါင်း (၅၀) ကျော်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးကို ပထမဆုံးအကြိမ် မြန်မာနိုင်ငံသို့ စေလွှတ်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

## ၅။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာပြည်သို့လာခြင်း

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် နှစ်ပေါင်း (၅၆) နှစ်အတွင်း အမေရိကန်၏ အဆင့်မြင့်ဆုံး အရာရှိတစ်ဦးအဖြစ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

နိုဝင်ဘာ ၃၀ မှ ဒီဇင်ဘာ ၂ ရက်နေ့အထိ မြန်မာနိုင်ငံတွင်နေပြီး သမ္မတဦးသိန်းစိန်နှင့် အစိုးရအဖွဲ့မှ အဆင့်မြင့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့သည်။

ဟီလာရီကလင်တန်သည် အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဟီလာရီကလင်တန်က ယုံကြည်ချက်ကြောင့် အကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



ကျခံရသူများအား ခြွင်းချက်မရှိ စေလွှတ်ပေးရန်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဖြစ်ပေါ်နေသည့် ပဋိပက္ခများအား အဆုံးသတ်ပေးရန် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးရန် မြန်မာ့အစိုးရအား တိုက်တွန်းခဲ့သည်။

မြန်မာအစိုးရက ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည်နှင့် အမျှ အမေရိကန်အစိုးရကလည်း ဖြေလျှော့မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် အဆင်သင့်ရှိကြောင်း အမေရိကန်မူဝါဒအား ချပြခဲ့သည်။

### ၆။ ပထမအကြိမ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌရာထူးရခြင်း

အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးက နို၀င်ဘာ ၁၈ ရက်နေ့က မြန်မာနိုင်ငံအတွက် သမိုင်းဝင်ဆုံးဖြတ်ချက်တစ်ခု ချခဲ့၏။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက ၂၀၁၄ ခုနှစ်၌ မြန်မာနိုင်ငံအား အလှည့်ကျဥက္ကဋ္ဌရာထူးပေးရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။

မြန်မာအစိုးရအတွက် ထိုရာထူးသည် နိုင်ငံတကာနယ်ပယ်တွင် မိမိနှင့်ထိုက်တန်သော နေရာဖြစ်၍ ဂုဏ်သိက္ခာရယူရန် အရေးကြီးသကဲ့သို့ အာဆီယံမှ မြန်မာနိုင်ငံအား ယုံကြည်မှုသက်သေပြလိုက်သည့် ဆုံးဖြတ်ချက်ပင်။

အာဆီယံဥက္ကဋ္ဌရာထူးက အားဆေးတစ်ခွက်ပင်။



### ၇။ ယုံကြည်ချက်ကြောင့် အကျဉ်းကျသူများအား လွှတ်ပေးခြင်း

သမ္မတဦးသိန်းစိန်အစိုးရလက်ထက်၌ လွတ်ငြိမ်းချမ်းသာခွင့် နှစ်ကြိမ် ပေးခဲ့သည်။

အောက်တိုဘာ ၁၂ ရက်နေ့တွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူ ၂၀၀ ဝန်းကျင်အပါအဝင် အကျဉ်းကျသည့် ၆၅၀ ကျော် လွှတ်ပေးခဲ့သည်။

ယင်းသို့ ယုံကြည်ချက်ကြောင့် အကျဉ်းကျသူများအား လွှတ်ပေးခြင်းသည် အမျိုးသားရင်ကြားစေ့ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးတွင် အပြုသဘောဆောင်သည်။

### ၈။ ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်းရေးအစီအစဉ်

သမ္မတဦးသိန်းစိန်၏ ညွှန်ကြားမှုဖြင့် ပထမဆုံးအကြိမ် ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်းရေးအစီအစဉ်အား စက်တင်ဘာ ၁၉ ရက်နေ့၌ စတင်သည်။

မှတ်ပုံတင်သက်တမ်း ၂၀ ထက် ကားအစီးရေ ၅၅၀၀၀ အား အုပ်စုသုံးစုခွဲကာ ကားဟောင်းလက်ခံပြီး ကားအစားထိုး တင်သွင်းခွင့်ပြုသည်။ သတ်မှတ်ချက်ချထားသည့် လုပ်ငန်းရှင်တို့အား ကားတစ်စီး တင်သွင်းခွင့်ပြုသည်။

ယင်းစီမံကိန်းမှ လူလတ်တန်းစားအများစုအပေါ် အကျိုးရှိနေသည်။ အခက်အခဲရှိသော်လည်း စီမံကိန်းအား စတင်ပြီး ပြီးစီးအောင် ဆောင်ရွက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



၉။ ပင်စင်စားတို့အား ပြုံးပျော်စေခြင်း

သမ္မတဦးသိန်းစိန် အစိုးရလက်ထက်၌ ပထမဆုံး ပင်စင်လစာနှင့် နိုင်ငံရေးပင်စင်လစာ တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။ အနိမ့်ဆုံးကျပ် ၂ သောင်းမှ အမြင့်ဆုံး တစ်သိန်းတစ်သောင်း အထိ ခံစားခွင့်ရှိခဲ့သည်။

မြန်မာနိုင်ငံ၏ ပင်စင်စား ၈ သိန်းကျော်နှင့် ၎င်းတို့၏ မိသားစုများ ပြုံးပျော်သွားခဲ့သည်။

ပင်စင်လစာနည်းလွန်းသဖြင့် သိမ်ငယ်နေသော ပင်စင်စားတို့အတွက် အစိုးရ၏ ကောင်းမွန်သောဆောင်ရွက်ချက်ပင်။

၁၀။ ပြည်ပရောက် မြန်မာများအား လက်ကမ်းကြိုဆိုခြင်း

သမ္မတဦးသိန်းစိန်က ဩဂုတ် ၁၇ ရက်နေ့က အကြောင်းအမျိုးမျိုးကြောင့် ပြည်ပရောက်နေသည့် မြန်မာများအား ပြန်လာရန် စဉ်းစားပေးမည်ဟု ပထမဆုံးအကြိမ် ပြောခဲ့သည်။

ယင်းဖြစ်စဉ်က နာစရာကို လွမ်းစရာနှင့်ဖြေသည့်သာဓကေ ဖြစ်သည်။

၁၁။ စီးပွားရေး နှီးနွှောမှုအစီအစဉ်သစ်

သမ္မတဦးသိန်းစိန်အစိုးရသည် စီးပွားရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရ၏။

သမ္မတဦးသိန်းစိန်က သက်ဆိုင်ရာပညာရှင်များနှင့်



...ိုင်ပင်ကာ ပြိုလဲမတတ်ဖြစ်နေသည့် စီးပွားရေးနှီးနွှောသည့် ...ိန်းများအား တက်ကြွစွာ လုပ်ခဲ့ပြီ။

ယင်းတို့က အခွန်ကောက်ခံမှုလျှော့ချခြင်း၊ ကုန်သွယ်...နှုန်း လျှော့ချခြင်း၊ နိုင်ငံခြားတွင် အလုပ်လုပ်နေသော ...လာနှင့် နိုင်ငံခြားငွေ ရရှိသူများ၏ ဝင်ခွန်နှုန်းကောက်ခံ...ခြင်းအား ၂ ရာခိုင်နှုန်းသို့ လျှော့ချခြင်း၊ ပြည်ပရောက် မြန်မာ...ဝ်သားများအားလုံး၏ ဝင်ငွေခွန်အား လုံးဝ ကင်းလွတ်ခွင့်...ခြင်း၊ အပ်ငွေ၊ အတိုးငွေနှုန်း လျှော့ချခြင်း၊ ယင်းဆောင်ရွက်ချက်များက ယခင်အစိုးရများလက်ထက်က မတွေ့ရသော ဆောင်ရွက်ချက်များ ဖြစ်သည်။

★★★

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၁ အစိုးရသစ်၏ မမေ့သင့်သော ဆောင်ရွက်ချက် ရက်စွဲမှတ်တမ်း

**ဇန်နဝါရီ (၂၀)**

MICမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၃၆) ခုအား ပုဂ္ဂလိကပိုင်ပြုလုပ်မည်ဟု ကြေညာ။

**ဖေဖော်ဝါရီ (၄)**

ပြည်ထောင်စုလွှတ်တော်မှ ဦးသိန်းစိန်အား သမ္မတအဖြစ် ရွေးချယ်။

**မတ် (၁)**

ကုန်သွယ်မှု၊ မူဝါဒကောင်စီဖျက်သိမ်းပြီးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှ ကြေညာ။

www.burmeseclassic.com

www.burmeseclassic.com



မေ (၂)

တရားရုံးများ၊ တရားစီရင်ပိုင်ခွင့် တိုးမြှင့်။

မေ (၁၆)

နိုင်ငံတော်သမ္မတမှ အကျဉ်းကျခံနေရသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းနှင့် ပြစ်ဒဏ်လျှော့ပေါ့ခြင်းကို ပထမအကြိမ် ကြေညာ။

မေ (၂၇)

တရားရုံးဆိုင်ရာ အခေါ်အဝေါ်များ ပြောင်းလဲခဲ့သည်

ဇွန် (၁)

အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း
မြန်မာနိုင်ငံသို့ လာရောက်။

ဇွန် (၁၀)

ဂျာနယ်၊ မဂ္ဂဇင်းအမျိုးအစား ဘာသာရပ် (၁၀) မျိုး
(၅) မျိုးအား စာပေစိစစ်ရေးတင်ရန်မလိုဘဲ ထုတ်ဝေခွင့်ပြ

ဇွန် (၃၀)

မြန်မာနိုင်ငံရှိ ပင်စင်စား ၈ သိန်းကျော်အား ပင်စ
လစာ တိုးမြှင့်ခံစားခွင့် စတင်ရန် ကြေညာချက်ထုတ်ပြန်

ပို့ငွေရငွေမှ အခွန်ကောက်မှုအား ယခင် ၁၀ ရာခိုင်နှုန်း
၃ ရာခိုင်နှုန်းလျှော့ကာ ၇ ရာခိုင်နှုန်း စတင်ကောက်ခံသည်



ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်
ဒေါ်အောင်ဆန်းစုကြည်



ကချင်ပြည်နယ်စစ်ပွဲများကြောင့် သားကောင်ဖြစ်ရသူများ
ကယ်ဆယ်ရေးစခန်းတွင် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

**ဩဂုတ် (၇)**

အကြောင်းအမျိုးမျိုးကြောင့် ပြည်ပရောက် မြန်မာနိုင်ငံသားတို့အား မြန်မာနိုင်ငံသို့ ပြန်လာနိုင်ကြောင်း တရားဝင်ပြော။

**ဩဂုတ် (၁၆)**

ပြည်ပအသံလွှင့်ဌာနများအား ရှုတ်ချသည့် ဆောင်ပုဒ်အပါအဝင် ဝါဒဖြန့်စာပိုဒ်များ ဖြုတ်ပယ်ခဲ့။

**ဩဂုတ် (၁၉)**

* နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် အောင်ဆန်းစုကြည်တို့ နေပြည်တော် သမ္မတရုံး၌ ပထမဆုံးအကြိမ် တွေ့ဆုံ။

* ပြည်တွင်းပြည်ပမှ ဒေါ်လာနှင့် နိုင်ငံခြားငွေရရှိသော အလုပ်သမားများထံမှ ဝင်ငွေနှုန်း ၁၀ ရာခိုင်နှုန်းကောက်ခံခြင်းမှ ပထမဆင့် ၂ ရာခိုင်နှုန်းသို့ ၆ လအတွက် လျှော့ချခဲ့။

* ဒီဇင်ဘာလကုန်ပိုင်းတွင် ပြည်ပရောက် မြန်မာအလုပ်သမားအားလုံး၏ ဝင်ငွေခွန်အား ၂၀၁၂၊ ဇန်နဝါရီလမှစ၍ ကင်းလွတ်ခွင့်ပြု။ (ကားသွင်းခွင့်ပြု)

**စက်တင်ဘာ (၁)**

ဘဏ်အတိုးနှုန်းများ စတင်လျှော့ချ။

**စက်တင်ဘာ (၁၉)**

ယာဉ်အိုယာဉ်ဟောင်းမှ ကားသစ်လဲလှယ်ခြင်းအစီအစဉ် စတင်သည်။



**စက်တင်ဘာ (၃၀)**

လူထုနှင့်ပညာရှင်တို့အကြား အငြင်းပွားနေသည့် ဧရာဝတီမြစ်ဆုံစီမံကိန်းအား ရပ်ဆိုင်းရန် သမ္မတမှ ကြေညာ။

**အောက်တိုဘာ (၁၂)**

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံသူ ၂၀၀ အပါအဝင် အကျဉ်းသား ၆၃၅၀ ကျော် လွတ်ငြိမ်းချမ်းသာခွင့်ပြု။

**နိုဝင်ဘာ (၁၈)**

NLD ပါတီ ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်။ အာဆီယံခေါင်းဆောင်များမှ ၂၀၁၄ ခုတွင် မြန်မာနိုင်ငံ အလှည့်ကျဥက္ကဋ္ဌရာထူးပေးရန် ဆုံးဖြတ်။ သမ္မတအိုဘားမား အာဆီယံထိပ်သီးဆွေးနွေးပွဲ၌ မြန်မာနိုင်ငံနှင့်ပတ်သက်သည့်မိန့်ခွန်းပြော။

**နိုဝင်ဘာ (၃၀)**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံသို့ ရောက်ရှိ။

**ဒီဇင်ဘာ (၁၀)**


ကချင်ပြည်နယ်၌ ဖြစ်ပွားနေသည့် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တို့အကြား စစ်ပွဲများ အဆုံးသတ်သွားစေရန် ထိုစစ်များ ရပ်တန့်ရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ထံ စာတစ်စောင် ပေးပို့။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသား၊ အကျိုးစီးပွား၊ ပြည်သူ့၊ အကျိုးစီးပွား၊



www.burmeseclassic.com

www.burmeseclassic.com

## အမျိုးသား အကျိုးစီးပွား
## ပြည်သူ့အကျိုးစီးပွား

"အစိုးရက အတိုင်းအတာ တစ်ရပ်အထိ ထိန်းသိမ်းပံ့ပိုးဆောင်ရွက်ပေးတဲ့ ဈေးကွက်စီးပွားရေးစနစ်မျိုးကို ရည်မှန်းထားပါတယ်။ ဝင်ငွေထိန်းပေးမယ်ဆိုတာလည်း ဈေးကွက်ရဲ့လွတ်လပ်မှုကို ထိန်းချုပ်လိုတဲ့သဘောမျိုး မဟုတ်ဘဲ အရင်းရှင်စနစ်ကြီးများ၊ အခွင့်ထူးခံများက လက်ဝါးကြီးအုပ် ချယ်လှယ်တာမျိုး မဖြစ်အောင် ထိန်းကျောင်းတည့်မတ်ပေးတာမျိုးကိုသာ ရည်ရွယ်ပါတယ်"

"ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ အခွန်အကောက်ဆိုင်ရာ မူဝါဒများကိုလည်း လိုအပ်သလို ပြင်ဆင်ချမှတ်ကျင့်သုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်။"


စီးပွားရေးနိုးဆွမှု
အစီအစဉ်မိန့်ခွန်းမှ

၂၀၁၄ ခုနှစ်၊ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ
တာဝန်ယူရန် ဆုံးဖြတ်ပြီး အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်
၂၀၁၁ ခု ဖေဖော်ဝါရီလ (၄)ရက်
ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ အဖြစ်
ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း တစ်

## ၉ ဦးမြောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် မြန်မာ့သမိုင်းတွင် အုပ်ချုပ်ရေးအာဏာ အမြင့်ဆုံးရာထူးတာဝန် ထမ်းဆောင်ခဲ့သည့် နိုင်ငံတော်သမ္မတများ

၂၀၁၀ ခုနှစ်၌ ကျင်းပခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ရွေးကောက်ပွဲ၌ အနိုင်ရခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲအား ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ (၄) ရက်နေ့ နံနက် (၁၀) နာရီအချိန်တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များက သမ္မတကို မဲပေးရွေးချယ်ရာ ဦးသိန်းစိန်က ဆန္ဒမဲ (၄၀၈) မဲ၊ သီဟသူရတင်အောင်မြင့်ဦးက (၁၇၁) မဲ၊ ဒေါက်တာစိုင်းမော်ခမ်း (ခ) ဦးမောင်အုန်းက (၇၅) မဲရပြီး အပယ်မဲ (၅) မဲ ရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မဲအများဆုံးရသည့် ဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်ခံရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က ရွေးချယ်တင်မြှောက်ခဲ့သည့် ဒုတိယသမ္မတလောင်းများဖြစ်သည့် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးသိန်းစိန်သည် (၂၇၆) မဲ၊ လှိုင်ဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်သည် (၃၈) မဲ၊ အပယ်မဲ (၁၁) နှင့် ဦးသိန်းစိန်က ရွေးချယ်ခံခဲ့ရသည်။

ရွေးကောက်ပွဲအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်ခဲ့သည့် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၃) မှ ဒေါက်တာစိုင်းမောက်ခမ်း (ခ) ဦးမောင်အုန်းသည် (၁၄၀) မဲ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင်သည် (၂၇) မဲ၊ ပယ်မဲ (၁)မဲဖြင့် ဒုတိယသမ္မတအဖြစ် ဒေါက်တာစိုင်းမောက်ခမ်း(ခ)ဦးမောင်အုန်းအား အရွေးခံခဲ့ရသည်။

သီဟသူရတင်အောင်မြင့်ဦးသည် တပ်မတော်သား ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံခဲ့ရသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို တစ်တိုင်းပြည်လုံးမှ ပြည်သူ့ကိုယ်စားလှယ်များပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ဖြင့် အုပ်ချုပ်စီမံခန့်ခွဲသွားသည့်ပုဂ္ဂိုလ်မှာ နိုင်ငံတော်သမ္မတ ဖြစ်သည်။



နိုင်ငံတော် သမ္မတကြီး
[illegible]ရွှေသိုက် (၁၉၄၈ မှ ၁၉၅၂)



နိုင်ငံတော် သမ္မတကြီး
ဦးနေဝင်း (၁၉၇၄ မှ ၁၉၈၁)



နိုင်ငံတော် သမ္မတကြီး
[illegible]တာ ဘဦး (၁၉၅၂ မှ ၁၉၅၇)




နိုင်ငံတော် သမ္မတကြီး
ဦးစန်းယု (၁၉၈၁ မှ ၁၉၈၈)



နိုင်ငံတော် သမ္မတကြီး
[illegible]မောင် (၁၉၅၇ မှ ၁၉၆၂)



နိုင်ငံတော် သမ္မတကြီး
ဦးစိန်လွင် (၁၉၈၈ ဇူလိုင်လ ၂၇ ရက်မှ ဩဂုဂ် ၁၈)



နိုင်ငံတော် သမ္မတကြီး
ဒေါက်တာမောင်မောင် (၁၉၈၈၊ ဩဂုတ်လ ၁၈ မှစက်တင်ဘာ ၁၈)

www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည့် နိုင်ငံတော်သမ္မတကြီးတာဝန်ကို မည်သူ ထမ်းဆောင်မည်ကို တစ်ပြည်လုံးက စိတ်ဝင်စားနေကြ၏။ မြန်မာနိုင်ငံ၏ သမိုင်းသစ်ခေတ်ဟု ခေါ်ဆိုရမည့် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရရှိပြီးနောက် ယနေ့ အချိန်ထိ ၆၃ နှစ်တာကာလအတွင်း အုပ်ချုပ်ရေးအာဏာ၏ အမြင့်ဆုံးရာထူးတာဝန် ထမ်းဆောင်ရသည့် နိုင်ငံတော်သမ္မတ စုစုပေါင်း (၈) ဦး ရှိခဲ့သည်။

ယင်း (၈) ဦးအနက် ကာကွယ်ရေးဦးစီးချုပ်တာဝန်မှ နိုင်ငံတော်သမ္မတအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သူ (၂) ဦး၊ စစ်ဘက်တာဝန် အခြားနိုင်ငံ ဝန်ထမ်းတာဝန်မှ ရွေးချယ် တင် မြှောက်ခံရခြင်းတို့မှ နိုင်ငံတော်သမ္မတအဆင့်ထိ ထမ်းဆောင် ခဲ့သူ (၆) ဦး၊ စုစုပေါင်း (၈) ဦး ဖြစ်သည်။

ယခု နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်သည့် ပြည် ထောင်စုလွှတ်တော်မှ ရွေးချယ်တင်မြှောက်လိုက်သော (၉) ဦးမြောက် နိုင်ငံတော်သမ္မတကြီးမှာ ဦးသိန်းစိန် (ဇမ္ဗူသီရိမြို့ နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) ဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတများမှာ-

၁။ နိုင်ငံတော်သမ္မတကြီး စစ်ရွှေသိုက်
(၁၉၄၈ မှ ၁၉၅၂)

၂။ နိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဦး
(၁၉၅၂ မှ ၁၉၅၇)



www.burmeseclassic.com

www.burmeseclassic.com




၃။ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်
(၁၉၅၇ မှ ၁၉၆၂)
၄။ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း
(၁၉၇၄ မှ ၁၉၈၁)
၅။ နိုင်ငံတော်သမ္မတကြီး ဦးစန်းယု
(၁၉၈၁ မှ ၁၉၈၈)
၆။ နိုင်ငံတော်သမ္မတကြီး ဦးအေးကို
(၁၉၈၈ မှ - )
(ရည်ညွှန်း၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၇) (စာ-၁၄
၇။ နိုင်ငံတော်သမ္မတကြီး ဦးစိန်လွင်
(၁၉၈၈၊ ဇူလိုင် ၂၇ မှ ဩဂုတ် ၁၈)
၈။ နိုင်ငံတော်သမ္မတကြီး ဒေါက်တာမောင်မောင်
(၁၉၈၈၊ ဩဂုတ် ၁၈ မှ စက်တင်ဘာ ၁၈)
၉။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်
(၂၀၁၁၊ ဖေဖော်ဝါရီ ၄ ရက်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတေ
သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။

မြန်မာနိုင်ငံသမိုင်းစဉ်နှင့်ကြည့်မူ (၉) ဦးမြောက် နို
တော်သမ္မတ ဖြစ်သည်။

★★★



ဒုတိယသမ္မတဦးတင်အောင်မြင့်ဦး    နိုင်ငံတော်သမ္မတဦးသိန်းစိန်    ဒုသမ္မတဒေါက်တာစိုင်းမောက်ခမ်း

www.burmeseclassic.com

www.burmeseclassic.com

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အသက်ဝင် အာဏာသုံးရပ် ပိုင်းခြားအသုံးပြုရန် ပြဋ္ဌာန်းခဲ့

ဖွဲ့စည်းပုံအခြေခံဥပဒေသည် အာဏာတည်ခဲ့ပြီ ဖြစ်...ည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေတည်...အာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့... တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရန် ပြဋ္ဌာန်းခဲ့ပြီ။

အဘယ်ကြောင့်ဆိုသော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ...တော်ပထမအကြိမ်အစည်းအဝေး၌ စတင်ကျင်းပသည့်နေ့... နိုင်ငံတော်တစ်ဝှမ်းလုံး၌ အာဏာတည်မည်ဖြစ်ကြောင်း ...ပုံအခြေခံဥပဒေပုဒ်မ (၄၄၁) တွင် ပြဋ္ဌာန်းထားပြီး

www.burmeseclassic.com

www.burmeseclassic.com



အစိုးရသစ်မှ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ပထမအကြိမ်အစည်းအဝေးများကို ကျင်းပခဲ့ပြီး ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးအားလည်း ယနေ့ဥပင် ကျင်းပခဲ့သည် ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့ကတည်းကပင် အာဏာတည်ခဲ့ပြီဟု ဆိုရမည် ဖြစ်၏။

ထို့ကြောင့် ဥပဒေပညာရှင်တို့က-

"ဖွဲ့စည်းပုံအခြေခံဥပဒေသည် စတင်အာဏာ တည်ပြီးဖြစ်သောကြောင့် ဥပဒေနှင့်ဆက်နွယ် လုပ်ကိုင်နေသူ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမှ တာဝန်ရှိပုဂ္ဂိုလ်များအနေနှင့် မိမိတို့၏ ဆိုင်ရာလုပ်ဆောင်မှုအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရန် လိုအပ် သည်ဟု နားလည်ရမည်"

ဟု သုံးသပ်ပြခဲ့သည်။

* * *

နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဟု ခေါ်မည်။



၁။ ဥပဒေပြုရေးအာဏာ

၂။ အုပ်ချုပ်ရေးအာဏာ

၃။ တရားစီရင်ရေးအာဏာ

စသည်တို့အား ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က) တွင် ပြဋ္ဌာန်းထားရာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့အား တစ်ခုနှင့် တစ်ခု ဝင်ရောက်စွက်ဖက်ခြင်း၊ ရောထွေးခြင်းမဖြစ်ပေါ်စေရန် ကို အလေးထားပြဋ္ဌာန်းထားသည်ကိုလည်း တွေ့ရ၏။

သို့အတွက် အခြေခံဥပဒေအရ ပေါ်ထွက်လာသည့် အစိုးရသစ်နှင့် လွှတ်တော်တို့တွင် ပါဝင်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး အနေနှင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း အာဏာသုံးရပ်အား ပိုင်းခြားသုံးစွဲရန် သတိပြုရမည့်အကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအား သိရ၏။

သို့နှယ်ပင် အာဏာသုံးရပ်မှ တာဝန်ရှိသူများအနေနှင့် တစ်ခုနှင့်တစ်ခု ဝင်ရောက်စွက်ဖက်ခြင်း၊ ရောထွေးခြင်း ပြုလုပ်မည်ဆိုပါက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ချိုးဖောက်ရာ ရောက်ကြောင်းလည်း သိသာ၏။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်အရ ဥပဒေပြုရေး အာဏာနှင့်ပတ်သက်၍ အဓိက သက်ဆိုင်သူများမှာ လွှတ်တော်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စားလှယ်များဖြစ်ပြီး အုပ်ချုပ်ရေးအာဏာနှင့် အဓိက သက်ဆိုင်သူများမှာ နိုင်ငံတော်သမ္မတ၊ ဒု-သမ္မတများ အပါအဝင်၊ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ အစိုးရအရာရှိများဖြစ် ကြောင်း တရားစီရင်ရေးအာဏာနှင့် အဓိကသက်ဆိုင်သူများမှာ တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရား သူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ် တော် တရားသူကြီးအပါအဝင် တခြားသော တရားရေးရာ အရာရှိအားလုံး ဖြစ်သည်။

* * *

ထိုသို့ ပိုင်းခြားထားသည့်အာဏာသုံးရပ်အား ပြည်ထောင် စုတိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အရ စီရင်စုများအား ခွဲဝေအပ်နှင်းကြောင်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁(ခ)တွင် ပြဋ္ဌာန်းထား၏။

ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဥပဒေပြုရေးနှင့်ပတ်သက်၍ အခန်း (၄) ဖြင့်လည်းကောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အခန်း (၅) ဖြင့်လည်းကောင်း၊ တရားစီရင်ရေးနှင့်ပတ်သက်၍ အခန်း (၆) ဖြင့်လည်းကောင်း ပိုင်းခြားပြဋ္ဌာန်းထားသည်ကို တွေ့ရ၏။



သို့နှယ်ပင် အာဏာသုံးရပ်အား ပိုင်းခြားသုံးစွဲစေလို၍ ပြဋ္ဌာန်းထားသည့် အခြားပြဋ္ဌာန်းချက်များလည်း ရှိသည်ကို တွေ့ရ၏။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရား လွှတ်တော်ချုပ် တရားသူကြီးများသည် လွှတ်တော်ကိုယ်စား လှယ် မဟုတ်သူများဖြစ်ရသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၀(ဆ) တွင် ပြဋ္ဌာန်းခြင်း။

ပြည်ထောင်စု တရားသူကြီးချုပ် (သို့မဟုတ်) ပြည် ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများသည် နိုင်ငံ့ ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုတရားသူကြီးချုပ် (သို့မဟုတ်) ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ် တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းနှင့်အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၀(ခ)တွင် ပြဋ္ဌာန်း ထား၏။

ယင်းသို့ ပြဋ္ဌာန်းချက်ပြုထားသည်ကိုကြည့်လျှင် အုပ်ချုပ် ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ မရောထွေးစေလို၍ ဖြစ်သည်ကို သိသာ၏။

ထို့ပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား နိုင်ငံ တော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊


www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုဒုတိယရှေ့နေချုပ်တို့အားလုံးသည် လွှတ်တော်ကိုယ်စားလှယ်အတွင်းမှ ခန့်အပ်ခြင်းခံရလျှင် ခံအပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အုပ်ချုပ်ရေးအခန်း (၅) တွင် ပြဋ္ဌာန်းထားသည်ဖြစ်ရာ ဥပဒေပြုစုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့အား မရောထွေးစေလို၍ ပြဋ္ဌာန်းထားသည်ကို ထင်းလင်းစွာ တွေ့ရမည်ဖြစ်သတည်း။

★★★



နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မှတ်မှတ်ရရ ဘဝမော်ကွန်း

၂၀၁၁ ခုနှစ်အတွက် Person of the year မှ ရွေးချယ်ဖော်ပြခဲ့သည်။

နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့မှ စတင်ပြီး နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ထူးခြားချက်မှာ ၂၀၁၁ ခုနှစ် အထင်ရှားဆုံးသူအဖြစ် သတ်မှတ်ရွေးချယ်ခံခဲ့ရသည့် သမ္မတကြီးဦးသိန်းစိန်လက်ထက်၌ နှစ်ပေါင်း (၅၀) ကျော် အတွင်း ပြည်သူလူထု၏ ခံစားချက်နှင့် ပြည်သူ့အသံကို အလေးထား နားထောင်သူဖြစ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ဆုံစီမံကိန်းကဲ့သို့ စီမံကိန်းကြီးတစ်ခုအား ပြည်သူလူထု၏ဆန္ဒ ခံစားမှုအား အလေးထားဆုံးဖြတ်သည်။ ပြည်သူလူထုအကျိုးစီးပွားနှင့် ပြည်သူ့သဘောထားသည်သာ အဓိကဟု ခံယူလုပ်ကိုင်ဆောင်ရွက်သူ၊ ပြည်သူ့ဆန္ဒမပါလျှင် ဘာမျှမလုပ်ဟူသည့် သဘောထားဆုံးဖြတ်ရပ်ဆိုင်းသူဖြစ်သောကြောင့် သူသည် ထင်ရှားခဲ့၏။

စင်စစ်မူ သမ္မတ၏ မှန်ကန်သောလုပ်ရပ်၊ စွမ်းဆောင်ချက်သည် အနာဂတ်သမိုင်းဖြစ်သကဲ့သို့ မည်သူ့ကို အလေးထားသဖြင့် ပြည်သူ့ကြား၌ ထင်ရှားသူဖြစ်ခဲ့သည်ဟုဆိုလျှင်လည်း မှားမည်မဟုတ်ပါ။

နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ၁၉၄၅ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်တွင် အဘ ဦးမောင်ဖြိုး၊ အမိ ဒေါ်ခင်ညွန့်တို့မှ မွေးဖွားသန့်စင်ခဲ့၏။

သမ္မတကြီးသည် အခြေခံပညာအား ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ကျုံးကူးရွာ၊ မူလတန်းကျောင်း၌လည်းကောင်း၊ အလယ်တန်းပညာနှင့် အထက်တန်းပညာအား ချောင်းဝရွာ အလယ်တန်းကျောင်းနှင့် ပုသိမ်မြို့၊ အမှတ်-၁ အခြေခံအထက်တန်းကျောင်း၌လည်းကောင်း ပညာသင်ကြားခဲ့၏။

အထက်တန်းပညာစုံလျှင် စစ်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့ရာ ဝိဇ္ဇာဘွဲ့ (စစ်တက္ကသိုလ်) မှ ရရှိခဲ့၏။



ထို့နောက် တပ်မတော်သားဘဝနှင့် ကျင်လည်ခဲ့သည်။ ၁၉၆၇ ခုမှ ၁၉၇၃ ခုနှစ်အထိ ရှမ်း (၁)တွင် ဗိုလ်ကြီးအဆင့်ဖြင့်လည်းကောင်း။

၁၉၈၂ ခုနှစ်အထိ ရမခ၊ ခမရ (၁၀၉) နှင့် အလရ (၁၉) တို့၌ ဗိုလ်မှူးအဆင့်ဖြင့်လည်းကောင်း၊ ၁၉၈၉ ခုနှစ်၌ ဒုတိယဗိုလ်မှူးကြီးအဖြစ် ခလရ (၈၉)၊ နတခနှင့် ကက (ကြည်း) တို့တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်ဖြစ်သည်။

၁၉၉၃ ခုနှစ်၌ ဗိုလ်မှူးကြီးအဖြစ် ကက (ကြည်း) နှင့် စကခ (၄)၊ ၁၉၉၆ ခုနှစ်တွင် ဗိုလ်မှူးချုပ်အဖြစ် တာဝန်တိုးမြှင့်ပြီး စကခ (၄)နှင့် တသခ၌လည်းကောင်း။

၁၉၉၇ ခုနှစ်တွင် ဗိုလ်ချုပ်အဖြစ်နှင့် တသခနှင့် ကက (ရေ) ၂၀၀၇ ခုနှစ်၌ ဗိုလ်ချုပ်ကြီးတာဝန်ယူပြီး ကက (ကြည်း) တွင် တာဝန်ဆက်လက်ထမ်းဆောင်ခဲ့သူ။

ရိုးသားဖြောင့်မတ်ပြီး တာဝန်ကျေသူ ဖြစ်သည်။

ဦးသိန်းစိန်သည် ၂၀၀၆ ခုနှစ်မှစတင်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး အတွင်းရေးမှူး (၂) အဖြစ်လည်းကောင်း၊ အတွင်းရေးမှူး (၁)အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၈ ခုနှစ်၌ ခေတ္တဝန်ကြီးချုပ်တာဝန်ယူခဲ့ပြီး ယင်းနှစ် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလမှစ၍ နိုင်ငံတော်

www.burmeseclassic.com



ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။

၁၉၈၈ ခုနှစ်၌ ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း လက်မှတ် ရခဲ့သည်။

၂၀၁၀ ပြည့်နှစ်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ၌ ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဇမ္ဗူသီရိ မြို့နယ်မှ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံခဲ့ရသည်။

၂၀၁၁ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး သမ္မတဦးသိန်းစိန် သည် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်တွင် ကတိသစ္စာပြုကျမ်းကျိန်ပြီး နိုင်ငံတော်သမ္မတတာဝန်အား ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တပ်မတော်အစိုးရ လက်ထက် တပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်၏။ တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကာလကလည်း အထက်အမိန့်နာခံတတ်မှု၊ အောက်လက်ငယ်သားအပေါ် စာနာ တတ်မှုများကြောင့် ထင်ရှားခဲ့သူ ဖြစ်သည်။

နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူချိန်တွင်လည်း ပြည်သူလူထု ထောက်ခံမှုနှင့် ထင်ရှားလာသူ ဖြစ်သည်။

★★★

## ပြည်သူ့ရင်ထဲက သမ္မတ

သမ္မတဦးသိန်းစိန် အရပ်သားအစိုးရအား ဦးဆောင်သည့် တ်ပိုင်း မြန်မာ့သမိုင်းတွင် ထူးခြားသည့်ဖြစ်ရပ်ဖြစ်စဉ်များ ရှိခဲ့၏။

ပြည်သူလူထု နှလုံးစိတ်ဝမ်းငြိမ်းချမ်းစေရန် ဆောင်ရွက် ခြင်းသည် သမ္မတ၏ မွေးရာပါဗီဇဟု ဆိုရမလား။ ဦးသိန်းစိန် သည် ပြည်သူ့တပ်မတော်သားဘဝကလည်း ပြည်သူ၏ ချစ်ခင် ခြင်း ခံခဲ့ရသူ ဖြစ်၏။

သမ္မတဦးသိန်းစိန်နှင့်ပတ်သက်၍ ဦးအောင်သင်း အတွေ့တွေ့မန်နေဂျာ (ငြိမ်း) သစ်လုပ်ငန်း) ၏ ရင်ဖွင့်ချက် သည် ဝဏ်ယူဖွယ်ရာတည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဂဂ ဟာ ကျွန်တော့်အတွက် နှလုံးစိတ်ဝမ်း
မငြိမ်းချမ်းရတဲ့နှစ်ပါပဲ။ အမှတ်တရနှစ်ပဲ"

ဟု သူက ပြောသည်။

သူက သစ်လုပ်ငန်းမှ အငြိမ်းစားအထွေထွေမန်နေဂျာ ဖြစ်၏။ သူ၏ချစ်လှစွာသောသားသည် ဂဂ အရေးအခင်းကာလ က ကျောင်းသားပီပီ ရောထွေးပါဝင်ခဲ့သည်။

ဂဂ ပြီးတော့ ဘာညာသတင်းများထွက်ခဲ့သလို အချို့ ကျောင်းသားတွေ ပြေးကြသည်။

"ဟုတ်တယ်၊ ကျွန်တော့်သားလည်း ဂဂ အရေး
အခင်းပြီးတော့ အိမ်က ရုတ်တရက် ပျောက်
သွားတယ်။"

ရုတ်တရက် သား ပျောက်သွားတော့ မိဘတွေ မျောက် မီးခဲကိုင်မိသလို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရသည်။ 'ငါ့သား ဘယ်သွားလဲ၊ ဘယ်ရောက်သွားသလဲ'၊ စိုးရိမ်စိတ်နှင့် စုံစမ်းရသည်။

နယ်စပ်ဘက်ထွက်သွားသည်ဟုလည်း ပြောကြ၏။

ဦးအောင်သင်း စုံစမ်းသော်လည်း မရ။ တစ်ပတ် နှစ်ပတ်လောက်အထိ သတင်းက ပျောက်နေခဲ့သည်။

"ဟုတ်တယ်၊ တကယ် ရင်ပူစရာပဲ။ အမျိုးသမီး
ဆိုလည်း တငိုငိုနဲ့ပေါ့ဗျာ"

ဟုပြောာ၏။ ပြီးမှ-



"အဲ...သုံးလေးပတ်လောက်ကြာတော့ သတင်း
သန့်သန့်တစ်ချက် ကြားတယ်ဗျ။ အဲဒါက
တခြားမဟုတ်ဘူး။ အိန္ဒိယနယ်စပ်ကလေးမြို့
မှာရှိတဲ့ တပ်ရင်းတစ်ရင်းက ထွက်ပြေးသွား
တဲ့ ဆေးကျောင်းသားတွေကို ထိန်းသိမ်းထား
တယ်လို့လေ"

ဟု ပြော၏။

ပိန်းပိန်းပိတ်သော အမှောင်တွင်း သွားနေခိုက် မီးရောင် အား မြင်လိုက်ရသလို ဦးအောင်သင်းတို့ ပျော်သွားသည်။ သတင်းကို တိကျစွာ စုံစမ်းပြီးမှ ကလေးရှိရာ တပ်ရင်းသို့ လိုက်ခဲ့သည်။

"ဒီမှာ ထွက်ပြေးလာတဲ့ ကျောင်းသားတွေကို
ထိန်းသိမ်းထားတယ်ဆိုလို့ ကျွန်တော့်သားများ
ပါမလားလို့ လာစုံစမ်းတာပါ"

ဟု တပ်ရင်းမှ တာဝန်မှူးနှင့်တွေ့ကာ အကျိုးအကြောင်း ပြောရ သည်။ တာဝန်မှူးက ရည်မွန်စွာ မေးမြန်းပြီး-

"ကျွန်တော့်တပ်ရင်းမှူးနဲ့ တွေ့ပေးပါ့မယ်"

ဟုပြောပြီး တပ်ရင်းမှူးနှင့် တွေ့ပေးသည်။

* * *

တပ်ရင်းမှူးက ပိန်ပိန်။ တည်ကြည်သည့်ရုပ်သွင်နှင့် သူအား ဖက်လဲတကင်း ပြုံးရွှင်စွာ ကြိုဆိုသည်။ ဦးအောင်သင်း

www.burmeseclassic.com

www.burmeseclassic.com



က သူကိုယ်သူ မိတ်ဆက်ပြီး လာရင်းအကြောင်းပြောပြတော့

"ဩော် . . . ဟုတ်ကဲ့ . . . ကျွန်တော်တို့ဆီမှာ ကလေးတွေကို တားဆီးထားတာ ရှိပါတယ်။ သူတို့ကို စိတ်ချမ်းသာအောင်ထားပါတယ်"

ဟု ရယ်မောစွာ တုံ့ပြန်၏။

စင်စစ် ကလေးများက ပြန်ဝင်လာသူများမဟုတ်[illegible] အမြင်များနှင့် ထွက်ပြေးပြီး လက်နက်ကိုင်တော်လှန်လိုစိ[illegible] ရှိကောင်းရှိနိုင်၏။ သူတို့အရွယ်က ကြိုက်ရာလုပ်နိုင်သည့်အရွ[illegible] ဖြစ်သည်။

"ကျွန်တော်တို့ ဘာလုပ်ရမလဲ တပ်ရင်းမှူးကြီး"

"ဘာမှလုပ်စရာ မလိုပါဘူး။ ကျွန်တော်တို့က လည်း ကလေးတွေ လမ်းမှားမရောက်အောင် ခေတ္တတားဆီး ထိန်းသိမ်းထားတာပါ။ သက်ဆိုင်ရာ အုပ်ထိန်းသူတွေတွေ့ရင် ပြန်လည်အပ်နှံပေးမှာပါ"

ဟု ရှင်းပြသကဲ့သို့ ဦးအောင်သင်းသားနှင့်အတူ အုပ်ထိန်း[illegible] များရောက်လာလျှင် ရပ်မိရပ်ဖများမှတစ်ဆင့် ကလေးများအ[illegible] ပြန်လည်အပ်နှံပေးခဲ့သည်။

"ပြောမပြောချင်ပါဘူးဗျာ . . . ဒီတော့မှ ကျွန်တော့်ခေါင်းမီးတောက်တာ ပြေပျောက်သွားတယ်။ ဒီတပ်ရင်းမှူးက တကယ် သဘောကောင်း



တယ်ဗျ။ ဆက်ဆံရေးလည်း ပြေပြစ်တယ်။ မောက်မာမှုလည်း မရှိဘူး။ ကိုယ့်သားသမီးလို ဆက်ဆံတဲ့အကြောင်း၊ ဆုံးမတဲ့နေရာမှာလည်း ဆန့်ကျင်ဘက် နိုင်ငံရေးစကားတွေ ရင့်ရင့်သီးသီး မပြောဘူးလို့ ပြန်ပြောတယ်"

ဟု ဦးအောင်သင်းက ပြောပြသည်။

ထို့အတူ ဦးအောင်သင်းက-

"အဲဒီတပ်ရင်းမှူးဟာ အသက် (၄၀) ကျော်ပဲ ရှိသေးတယ်။ အဲဒီတုန်းက ဒုတိယဗိုလ်မှူးကြီး သိန်းစိန်လေ။ အခုတော့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ပေါ့"

ဟု ပြော၏။

"ဒီနောက် ထပ်မတွေ့ပါဘူး။ ကျွန်တော်ပြောချင်တာက သမ္မတကြီးဟာ ဒီလိုလူမျိုးဆိုတာ ပြောပြတာပါ"

ဟု ပြောရင်း ကျေနပ်စွာ ပြုံးသည်။

★★★

www.burmeseclassic.com

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် သမိုင်းဝင် မြစ်ဆုံ ဆုံးဖြတ်ချက်

၂၀၁၀ ရွေးကောက်ပွဲအပြီးတွင် ပြည်ခိုင်ဖြိုးပါတီ အနိုင်ရခဲ့သလို စစ်အစိုးရချုပ်ငြိမ်းပြီး အရပ်သားအစိုးရ ပေါ်ပေါက်ခဲ့သည်။

ယင်းအရပ်သားအစိုးရတွင် ဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတအစိုးရအဖွဲ့ ဦးဆောင်သူ ဖြစ်ခဲ့သည်။ အရပ်သားအစိုးရသည် မြန်မာနိုင်ငံအုပ်ချုပ်ရေးသမိုင်းသစ်အား ကန့်လန့်ကာဖွင့်သည့်အစိုးရဖြစ်သကဲ့သို့ မြစ်ဆုံ ဆုံးဖြတ်ချက်ကြောင့် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ထင်ရှားခဲ့သည်။

ပြောရလျှင် မြစ်ဆုံအရေးသည် အစိုးရသစ်တစ်ရပ်အတွက် စိန်ခေါ်မှုဆိုလည်း မမှားချေ။ မြစ်ဆုံအရေးသည် ...တ်ရှိသောအရေးလည်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ဆုံစီမံကိန်းသည် ဧရာဝတီမြစ်ဆုံ မေခ၊ မလိခမြစ် ညှာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းပင်။ ပညာရှင်နှင့် မီဒီယာ တို့အကြားတွင် ပဋိပက္ခလည်း ရှိခဲ့၏။

ထို့ကြောင့် အစိုးရအဖွဲ့သစ် ပထမဆုံး သတင်းစာ ရှင်းလင်းပွဲအား နေပြည်တော်၌ ပြုလုပ်ခဲ့သည်။ ထိုသတင်းစာ ရှင်းလင်းပွဲ၌ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မြစ်ဆုံစီမံကိန်းအား ဆက်လုပ်သင့်၊ မလုပ်သင့် အရာရာချိန်ဆပြီး လုပ်ကိုင်သွား မည်ဟု ပြောခဲ့သည်။

သို့သော် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းကမူ-

"မည်သည့်ကန့်ကွက်ချက်များရှိသည်ဖြစ်စေ
ဧရာဝတီမြစ်ဆုံစီမံကိန်းအား ဆက်လုပ်သွား
မည်ဖြစ်ကြောင်းနှင့် ဘယ်တော့မှ နောက်ဆုတ်
မည်မဟုတ်ကြောင်း"

မီဒီယာတို့အား ဖြေကြားခဲ့၏။

ထို့ကြောင့် ဧရာဝတီရောဂါနှင့် အမီလိုက်နေသူများ၏ မေးခွန်းများ၊ ကာတွန်းများသာမက ပညာရှင်များ၏ ပုံနှိပ်စာမျက် နှာများ၊ အင်တာနက်စာမျက်နှာများမှတစ်ဆင့် ဝေဖန်သံတို့ ညံ ခဲ့၏။

မှန်သည်။



ထိုဂယက်က ပညာရှင်များကြားတွင်သာမဟုတ်၊ သူများကြားသို့ပင် ဝင်ရောက်လှုပ်ခတ်စေခဲ့ပြီ။

လူထုကြားသို့ လှုပ်ခတ်တိုးဝင်လာသည့် မြစ်ဆုံအရေး သည်…

၁။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်တစ်ခုတည်း ကြောင့်မဟုတ်။
၂။ နိုင်ငံရေးကိစ္စတစ်ခုတည်းကြောင့်လည်းမဟုတ်။
၃။ အမျိုးသားရေးပြဿနာဖြစ်ခြင်းကြောင့် နိုင်ငံတော် သမ္မတကြီးဦးသိန်းစိန်အနေနှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့ အကျိုးအတွက် မြစ်ဆုံကိစ္စရပ်ကို တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းပေးရန်

ည့်အချက်များအား အခြေခံခဲ့သည်။

ထိုအချိန်တွင် မြစ်ဆုံကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးပွဲ ဟောပြောပွဲများသည်လည်း ပေါ်ပေါက်ခဲ့သည်။

စက်တင်ဘာ (၃၀) ရက်နေ့၌မူ နိုင်ငံတော်သမ္မတ သိန်းစိန်မှ လွှတ်တော်သို့ သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့ သည်။

ယင်းသဝဏ်လွှာ၌ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်က ဆုံစီမံကိန်းနှင့်ပတ်သက်၍-

"မြစ်ဆုံဆည် တည်ဆောက်ခြင်းနှင့်ပတ်သက်၍
မိမိအစိုးရလက်ထက်၌ ရပ်ဆိုင်းထားမည်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း”

ထည့်သွင်းပြောကြားခဲ့သည်။

ယင်းကဲ့သို့ပင် နိုင်ငံတော်သမ္မတ၏ လွှတ်တော်သို့ပေးပို့သည့် သဝဏ်လွှာ၌ အချက် (၁၀) ချက်ပါဝင်ကြောင်းနှင့် မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ ပြောကြားရာ၌–

‘တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ငွေကြေးအရင်းအနှီးဖြင့် ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းကို ပထမအဆင့်ဆောင်ရွက်ရန် စတင်ဆောင်ရွက်ခဲ့ရာတွင် ယင်းမြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း စိုးရိမ်ပူပန်မှုများ ဝင်ရောက်ရှိလာခဲ့သည်။

(က) ကချင်ပြည်နယ်သာမက မြန်မာနိုင်ငံအတွက်ပါ သဘာဝကပေးထားသည့် (Land Mark) ဖြစ်သည့် မြစ်ဆုံသဘာဝအလှ ပျောက်ကွယ်သွားနိုင်ခြင်း၊

(ခ) မြစ်ညာပိုင်းရှိ တိုင်းရင်းသားကျေးရွာများ၊ ရေမြုပ်၍ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးပျက်စီးနိုင်ခြင်း၊

(ဂ) ပုဂ္ဂလိကများမှ ငွေကြေးအရင်းအနှီးများစွာ စိုက်ထုတ်၍ စီးပွားဖြစ်စိုက်ပျိုးထားသည့် ရော်ဘာစိုက်ခင်းများနှင့် ကျွန်းစိုက်ခင်းများ ပျက်စီးသွားနိုင်ခြင်း၊



(ဃ) ရာသီဥတု ဖောက်ပြန်မှုကြောင့် မြောက်ဖျားရှိ ရေခဲတောင်များ အရည်ပျော်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ အင်အားပြင်းသည့် ငလျင်လှုပ်ခြင်းတို့ ပေါ်လာပါက မြစ်ဆုံသည် ပျက်စီးပြီး ဆည်အောက်ပိုင်းရှိ မြို့ရွာများနှင့် ပြည်သူများ သေကြေပျက်စီးမှု ရှိနိုင်ခြင်း၊

(င) ဧရာဝတီမြစ်ကြီး ထိခိုက်ပျက်စီးနိုင်ခြင်းသည်ဖြင့် ပြည်သူအချို့မှ စိုးရိမ်ပူပန်မှု ရှိနေကြသည်ကို မိမိတို့ သိခဲ့၏။

ထို့ကြောင့် မိမိတို့အလေးအနက် စဉ်းစားရပါသည်။ မိမိတို့အစိုးရသည် ပြည်သူမှ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်သဖြင့် ပြည်သူ၏ဆန္ဒအား အလေးထားရပါသည်။

ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို အလေးထား၍ ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။

သို့ဖြစ်ပါသောကြောင့် မိမိတို့အစိုးရလက်ထက်တွင် မြစ်ဆုံဆည်တည်ဆောက်ခြင်းကို မပြုလုပ်စေဘဲ ရပ်ဆိုင်းထားသည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်အတွက် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အန္တရာယ်မရှိနိုင်သော အခြားသော ရေအား လျှပ်စစ်စီမံကိန်းများကိုသာ စနစ်တကျ လေ့လာဆန်းစစ်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် ချုပ်ဆိုထားသည့် အဆိုပါစီမံကိန်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မိတ်ဝတ်မပျက်စေဘဲ သဘောတူလက်ခံအောင် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဤလွှတ်တော်သို့ အသိပေးအပ်ပါသည်။'

ဟု နိုင်ငံတော်သမ္မတဦးသိန်းစိန်က လွှတ်တော်သို့ တင်ပြပြောကြားခဲ့သည်။

အမှန်စင်စစ်မူ မြစ်ဆုံရေးကိစ္စနှင့်ပတ်သက်သော နိုင်ငံတော် သမ္မတ၏ ဆုံးဖြတ်ချက်သည် သမိုင်းဝင်ဆုံးဖြတ်ချက်တစ်ရပ် ဖြစ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်ကြောင့် နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ စာပေပညာရှင်များ၊ စာရေးဆရာများ၊ သတင်းစာဆရာများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွစွာ လှုပ်ရှားနေသူများ ပြည်သူလူထုနှင့်အတူ နှစ်ပေါင်းများစွာ အစိုးရနှင့်အတိုက်အခံဖြစ်နေသည့် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် အောင်ဆန်းစုကြည်နှင့် ပြေလည်နားလည်မှုရရှိသွားခဲ့ပြီတည်း။



ဆိုရလျှင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အစိုးရအဖွဲ့သစ်၏ ဆုံးဖြတ်ချက်သည် နှစ်ပေါင်း (၅၀) ကြာအောင် အစိုးရနှင့်ပြည်သူ့အကြားတွင် တံတိုင်းကာရံထားသည့်နှယ် ဖြစ်နေသည့် နံရံများအားလည်း ဖြိုချနိုင်ခဲ့ခြင်း ဖြစ်၏။

စင်စစ် မြစ်ဆုံရေးကိစ္စသည် နိုင်ငံရေးထိုးနှက်ချက်မဟုတ်။ ပြည်သူတို့၏ တောင်းဆိုမှုသည် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်း၏ စည်းရုံးမှုမျှမပါသော ကိုယ်ပိုင်ဆန္ဒနှင့် အမျိုးသားအကျိုးစီးပွားအတွက် တောင်းဆိုမှုသာ ဖြစ်၏။


ထို့အတူ နိုင်ငံတော်သမ္မတ၏ ဆုံးဖြတ်ချက်သည်လည်း နှစ်ပေါင်း (၆၀) ကျော် သွေးကွဲမှုဖြစ်နေခြင်းအား ဖြိုဖျက်လိုက်သည့် အမျိုးသားပြန်လည်သင့်မြတ်ရင်ကြားစေ့ရေးအား ဖော်ဆောင်လိုက်ခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွက် ဆောင်းမွန်သော အောင်ပွဲတစ်ခု ညီညွတ်စည်းလုံးမှုအား ဖြစ်စေသည်မဟုတ်လော။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး
မစ္စဟီလာရီကလင်တန် မြန်မာနိုင်ငံခရီး
အမှတ်တရ ဓာတ်ပုံမှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရရွှေမန်း နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး
မစ္စ ဟီလာရီကလင်တန်

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စု လွှတ်တော်နာယက ဦးခင်အောင်မြင့် နှင့် အမေရိကန်
နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီ ကလင်တန်



ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် အောင်ဆန်းစုကြည် နှင့် အမေရိကန်
နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီ ကလင်တန်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## ဟီလာရီကလင်တန် ခရီး၊ အမေရိကန်-မြန်မာ ဆက်ဆံရေးနှင့် အစိုးရသစ်

မြန်မာနိုင်ငံသို့ အမေရိကန်ပြည်ထောင်စု၏ အဆင့်မြင့် ...အဖွဲ့ဝင်တစ်ဦး လာရောက်ခြင်းသည် နှစ် (၅၀) အတွင်း ...ဆုံးလာရောက်ခြင်း ချစ်ကြည်ရေးခရီးစဉ်ပင်။

မြန်မာနိုင်ငံသို့ ရောက်ရှိလာသူက အမေရိကန်နိုင်ငံခြား ...န်ကြီး ဟီလာရီကလင်တန် ဖြစ်၏။ သူ၏ခရီးစဉ်သည် ...င်းဝင်ခရီးစဉ်လည်း ဖြစ်၏။

ဟီလာရီကလင်တန်က နေပြည်တော်၌ပြုလုပ်သည့် ...င်းစာရှင်းလင်းပွဲ၌-

"ဒီကနေ့ မြန်မာ့ခေါင်းဆောင်တွေရဲ့ ခြေလှမ်း ဟာ သန်းပေါင်း (၆၀) နီးပါးရှိတဲ့ မြန်မာနိုင်ငံ သားတွေရဲ့ လွတ်လပ်မှုဂုဏ်သိက္ခာနဲ့ နေထိုင်

www.burmeseclassic.com

www.burmeseclassic.com




ကြဖို့ အခွင့်အလမ်းလည်း ဖြစ်တယ်။ သမ္မတ အိုဘားမားက မြန်မာနိုင်ငံမှာ မှိန်ပျပျ တိုးတက်မှုတွေ တွေ့ရပြီလို့ ပြောခဲ့ပါတယ်။ သမိုင်းကြောင်းအရတော့ မှိန်ပျပျအလင်းရောင်တွေဟာ ပျောက်ကွယ်သွားနိုင်ပါတယ်။ ဒီမှိန်ပျပျအလင်းရောင်တွေဟာ ကောင်းတဲ့အနာဂတ်ကို လမ်းပြနိုင်မယ့် လွှတ်လပ်မှုမီးတောက်အဖြစ်ထ,တောက်နိုင်ဖို့ဆိုတာ ခေါင်းဆောင်တွေနဲ့ ပြည်သူတွေအပေါ်မှာ မူတည်တာ ဖြစ်ပါတယ်။ မြန်မာသမ္မတကို ပြောခဲ့တဲ့အတိုင်း မြန်မာအနေနဲ့ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းအတိုင်း ဆက်လျှောက်လှမ်းဖို့ ရွေးချယ်ခဲ့မယ်ဆိုရင် အမေရိကန်အနေနဲ့ မြန်မာတွေနဲ့အတူ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းအတိုင်း လျှောက်လှမ်းဖို့ ပြင်ဆင်ထားပါတယ်''

ဟု ဖွင့်ဟပြောဆိုခဲ့၏။

ထို့အတူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာကလင်တန်သည် ရန်ကုန်မြို့ရှိ ငြိမ်းချမ်းရေးနိုဘယ်လ်ဆု[...] အောင်ဆန်းစုကြည်၏နေအိမ်၌ ပြုလုပ်သည့် မီဒီယာတွေ[...] ပွဲ၌-

''ကျွန်မအနေနဲ့ ပြောချင်တာကတော့ ဒီမိုကရေစီ



ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် အောင်ဆန်းစုကြည် နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီ ကလင်တန်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပန်းတိုင်တစ်ခုပါ။ အမေရိကန်ဟာ မြန်မာနိုင်ငံနဲ့ မိတ်ဆက်နိုင်ငံတစ်နိုင်ငံ ဖြစ်ချင်ပါတယ်။ အလုပ်တွေလည်း အများကြီး လက်တွဲလုပ်ချင်ပါတယ်။ တကယ်လို့ ဒီ့ထက်ပိုပြီး ဒီမိုကရေစီထွန်းကားရေး ဆောင်ရွက်မယ်၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးမယ်၊ ကာလရှည်ကြာစွာရှိခဲ့တဲ့ တိုင်းရင်းသားရေးရာ ပဋိပက္ခတွေ အဆုံးသတ်ဖို့ စတင်ဆောင်ရွက်မယ်၊ ပြီးတော့ လွတ်လပ်မျှတတဲ့ ယုံကြည်နိုင်လောက်တဲ့ ရွေးကောက်ပွဲတွေ ဖြစ်လာမယ်ဆိုရင်ပေါ့၊ နောင်မှာလည်း အမေရိကန်က ဘယ်လိုကူညီမှုမျိုးကို ပေးနိုင်မလဲဆိုတာကို အနီးကပ်ဆွေးနွေးမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာပါ”

“မြန်မာလူမျိုးတွေဟာ နှစ်ပေါင်းများစွာ အခက်အခဲတွေကို သတ္တိရှိရှိ၊ ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့ကြပါတယ်။ အခုချိန်မှာ ကျွန်မတို့ ဖြစ်ချင်တာကတော့ မြန်မာဟာ ကမ္ဘာမှာ နေရာမှန်တစ်ခုမှာ ရှိနေဖို့ပါ”

စင်စစ် မြန်မာနိုင်ငံအတွက် အမေရိကန်နိုင်ငံဆိုသည် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများအား ဖြ



မလေးရှားဝန်ကြီးချုပ်(ဟောင်း)
မစ္စတာ မဟာသီဟာမိုဟာမက်



ကုလသမဂ္ဂ ဒု-အထွေထွေအတွင်းရေးမှူးချုပ်
မစ္စတာ ဘီဇျေနှမ်ဘီးယား

www.burmeseclassic.com

www.burmeseclassic.com



ထားရုံမက လူ့အခွင့်အရေးမှတ်တမ်းများနှင့်ပတ်သက်၍ အဓိက
ဝေဖန်နေသူများ ဖြစ်၏။

မည်သို့ဆိုစေ ယခုအခါတွင် အမေရိကန်နိုင်ငံနှင့်မြန်မာ
နိုင်ငံသည် တိုးတက်မှုရှိလာပြီဟု ဆိုရမည်။ အမေရိကန်နှင့်
မြန်မာတို့အကြား နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်လာမည့်အလား
အလာ ရှိလာမည်ဟု ဆိုနိုင်ရုံမက မြန်မာနိုင်ငံအနေနှင့် အိမ်နီး
ချင်း တရုတ်နိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေး အလွန်အကျွံ
မှီခိုနေရခြင်းမှ လျော့ချသွားစေမည် ဖြစ်၏။

မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်၌ နေရာမှန်မှန်နှင့်
ရပ်တည်နိုင်ရန် အခွင့်အရေးများရှိနေသော်လည်း အကြောင်း
ကြောင်းကြောင့် မရရှိခဲ့သည်မှာလည်း နှစ်ပေါင်းများစွာကြာခဲ့
ပြီ ဖြစ်သည်။

မြန်မာနိုင်ငံအနေနှင့် ထိုက်တန်သည့်နေရာပြန်ရရန်
နီးကပ်လာပြီဟု ဆိုရမည်ဖြစ်၏။ ထို့အပြင် အမေရိကန်နှင့်
မြန်မာနိုင်ငံသည် ဆက်ဆံရေးတိုးမြှင့်လာစေရန် အလားအလာ
ရှိရုံမက ၂၁ ရာစု၏ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်၌ အရေးပါလာ
သည့် အာရှပစိဖိတ်ဒေသတွင် အရေးပါသည့်အခန်းကဏ္ဍ
ပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများရှိနေသည့် မြန်မာနိုင်ငံ
အား အမေရိကန်က ကူညီသွားမည်ဆိုသည့် ရလဒ်လည်း
ထင်လင်းစွာ ပေါ်ထွက်ခဲ့ပြီဖြစ်သတည်း။

★★★

## အစိုးရသစ်လက်ထက် နိုင်ငံတော်အသိုင်းအဝိုင်းတို့ ပြန်လည်ဝင်ရောက်ခြင်း

မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ တံခါးပိတ်ဝါဒ
[illegible]သုံးခဲ့သည်။ ပါလီမန်ဒီမိုကရေစီခေတ် ချုပ်ငြိမ်းပြီး မြန်မာ
[illegible]အား ဆိုရှယ်လစ်စနစ်နှင့် ချီတက်ခဲ့သည်။

တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာ
[illegible]အဖွဲ့အစည်းဖြစ်သဖြင့် ပြည်ထောင်စုတိုင်းရင်းသားတို့
[illegible]အား ရှေ့တန်းတင်ခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေး မဆုံးရှုံးရအောင် စွမ်းဆောင်
[illegible]ယ်ရင်း နိုင်ငံဖွံ့ဖြိုးရေးအတွက် အမုန်းခံအလုပ် လုပ်ခဲ့
[illegible] စစ်တပ်ဖြစ်သဖြင့် စစ်အုပ်ချုပ်ရေးနှင့် ယှိယွင်းနေသော
[illegible]နှင့် မပြည့်စုံသောနိုင်ငံအား တိုးတက်ဖွံ့ဖြိုးသော ခေတ်မီ
[illegible]တော်ဖြစ်ရန် အလုပ်လုပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခက်သည်က အတ္တ၊ အာဏာ၊ နေရာအတွက် မထေ
မလည်ဖြစ်နေသူ၊ ကိုယ်ကျိုးရှာသမားတို့၏ မမှန်မကန် သတင်း
လွှင့်အပုပ်ချမှုကြောင့် နိုင်ငံတကာအလယ်တွင် အာဏာရှင်
အခွင့်ထူးခံ၊ လူ့အခွင့်အရေးချိုးဖောက်သူ အာဏာရှင်လက်ကိုင်
တုတ်ဟူ၍ အထင်မှားခံခဲ့ရသည်။

တစ်ခုရှိသည်က တပ်မတော်သည် အမျိုးသားရေးအား
သစ္စာမဖောက်ခဲ့သည်ကို မှန်ကန်စွာမြင်သူ၊ သမ္မာသမတ်ရှုမြင်
သုံးသပ်တတ်သူတိုင်း သိကြသည်။

အတ္တ၊ အာဏာရူးကြီးများ၊ နိုင်ငံရေးစားဖားကြီးများ
ကိုယ်ကျိုးရှာသမားများ၊ သွားပုပ်လေလွင့်ပြောသလို မဟုတ်
သို့သော် ကောလာဟလသည် ရှည်ကြာလာလျှင် အမှန်လိုဖြ
တတ်သည်ဟူသောစကားနှယ်ပင်ကတော့ သို့လော…သို့လော
အတွေးနှင့် မြန်မာနိုင်ငံအား သင်းကွဲသဘောထားခဲ့သည်
ပိတ်ဆို့မှုများစွာနှင့် ဒဏ်တပ်ခဲ့သည်။

သည်အခါ မြန်မာပြည်သူပြည်သားတို့ ဒုက္ခနှင့် နပန်းလုံး
နေခဲ့ရ၏။ သည်အဖြစ်က အတော်ရှည်ကြာခဲ့ပြီ။

၂၀၁၀ ခုနှစ်ကမူ တပ်မတော်သည် နိုင်ငံအား ခေတ်မီ
တိုးတက်သည့်နိုင်ငံအဖြစ် လျှောက်လှမ်းနိုင်ရန် ပြည်သူ့သဘော
ကျ ပြည်သူတင်မြှောက်သည့် အစိုးရအဖွဲ့သစ် ပေါ်ထွန်းလာ
စေရန် ပါတီစုံအထွေထွေရွေးကောက်ပွဲအား ကျင်းပပေးခဲ့သည်
ရွေးကောက်ပွဲ၌ အမတ်ဦးရေ အများဆုံးနှင့် အနိုင်ရသည့်



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား နိုင်ငံတော်
အာဏာ လွှဲအပ်ခဲ့ပြီ။

၂၀၁၁ ခုနှစ်၊ မတ်လ၌ သမ္မတဦးသိန်းစိန် ဦးဆောင်
သည့် အစိုးရသစ်သည် နိုင်ငံတာဝန်အား ယူပြီး ပြုပြင်ပြောင်း
လဲခြင်း များစွာဖြင့် ခေတ်မီတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်
ထူထောင်ရန် ရည်ရွယ်ချက်နှင့် ချီတက်နေပြီ။

ယင်းသို့ ပြောင်းလဲခြင်းနှင့် နိုင်ငံသစ်ထူထောင်ရန်
ရည်ရွယ်ချက်နှင့် ချီတက်နေစဉ် အစိုးရသစ်၏ အပြောင်းအလဲ
များနှင့်အတူ နိုင်ငံတကာ၏ အပြောင်းအလဲများကိုလည်း
တွေ့မြင်လာရ၏။

မြန်မာနိုင်ငံအား နိုင်ငံတကာမှ စောင့်ကြည့်အခြေအနေသို့
ရောက်ရှိခဲ့သလို နိုင်ငံတကာမှ ခေါင်းဆောင်များ ဆက်တိုက်
ဆိုသလို ရောက်လာခဲ့ပြီ။ ထို့နှယ်ပင် မြန်မာနိုင်ငံမှ ခေါင်းဆောင်
များ၊ ထိပ်တန်းအရာရှိများ နိုင်ငံတကာသို့ သွားလာသည်ကို
တွေ့မြင်ရ၏။

ဤကား မြန်မာနိုင်ငံအနေနှင့် အစိုးရသစ်လက်ထက်၌
နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ရောက်ခြင်းနိမိတ်ဟု
ဆိုလျှင်လည်း မှားမည်မဟုတ်ပါ။

အစိုးရသစ်လက်ထက်၌ မြန်မာနိုင်ငံသို့ ရောက်လာခဲ့
သည့် နိုင်ငံများမှာ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ လာအို၊
ရုရှား၊ ဂျာမနီ၊ ဂျပန်၊ နော်ဝေး၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊

www.burmeseclassic.com

www.burmeseclassic.com



စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံများ ဖြစ်၏။

ထိုထိုသော နိုင်ငံများမှ လာရောက်ကြသည့်ခေါင်းဆောင်များမှာ ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးများနှင့် အခြားဌာနဆိုင်ရာဝန်ကြီးများ ဖြစ်၏။

ထိုထိုသော ခေါင်းဆောင်များနည်းတူ ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်၊ ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင်တို့ ဖြစ်၏။

ထိုသို့ လာရောက်သည့်ပုဂ္ဂိုလ်များနှင့်အတူ နှစ်ပေါင်း (၅၀) ကျော်အတွင်း ပထမဆုံးအနေနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် လာရောက်ခြင်းမှာလည်း အစိုးရသစ်အတွက် အောင်ပွဲတစ်ခုဟု ဆိုရမည်ပင်။

ပြီးတော့ ဒီမိုကရေစီနှင့် လွတ်လပ်မှုအတွက် အကူအညီပေးနေသူ Open socsety Institute (OSI) အား စတင်တည်ထောင်သူ ဂျော့ဆိုးရော့ အပန်းဖြေလာရောက်ခြင်းမှာလည်း ဂုဏ်ယူဖွယ်ပင်။

ရောက်ရှိလာသည့် နိုင်ငံတကာမှ ခေါင်းဆောင်များကလည်း မြန်မာနိုင်ငံ၏ အပြောင်းအလဲများအား အသိအမှတ်ပြုကြိုဆိုကြပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအတွက် ဆက်လက်



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရရွှေမန်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်သွားရန် တိုက်တွန်းကြ၏။

ထို့အပြင် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ် ရေးဆိုင်ရာကိစ္စရပ်များကိုလည်း အဓိကထား ဆွေးနွေးဖြစ်၏။

ဤကဲ့သို့ပင် နိုင်ငံတကာခေါင်းဆောင်များ၏ မြန်မာနိုင်ငံ ခရီးစဉ်တွင် ထူးခြားချက်တစ်ရပ် တွေ့ခဲ့ရ၏။ တခြားမှုမဟုတ်

နိုဝင်ဘာ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက် ခဲ့သည့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး ဒရက်မ ချယ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး (ယ ဒုတိယဗိုလ်ချုပ်မှူးကြီး) မင်းအောင်လှိုင်တို့ နေပြည်တော် တွေ့ဆုံခြင်းပင်။

ထိုတွေ့ဆုံခြင်းတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက် ရေး မြှင့်တင်ရေးလုပ်ငန်းများအပြင် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ ဆွေးနွေးခဲ့ခြင်းဖြ သည်။

* * *

သမ္မတဦးသိန်းစိန် ဦးဆောင်သည့်အစိုးရသစ် တာဝန်ယ ချိန်မှစ၍ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရန် ကြိုးပမ်းခဲ့

စင်စစ် မြန်မာနိုင်ငံသည် အာဆီယံ၏ အလှည့်ကျတာ ပေးမှုစနစ်အရ ၂၀၀၆ ခုနှစ်၌ အလှည့်ကျတာဝန်ယူရမည်ဖြ သော်လည်း ရရှိခြင်းမရှိခဲ့။



ဖိလစ်ပိုင်နိုင်ငံက အလှည့်ကျဥက္ကဋ္ဌတာဝန် ယူခဲ့၏။

မြန်မာနိုင်ငံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရန် အခွင့် ရေးဆုံးရှုံးရသည်မှာ မြန်မာနိုင်ငံသည် ထိုအချိန်က လူ့အခွင့် ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဝေဖန်ခံရသောကြောင့် ဖြစ်သည်။

သို့သော် အစိုးရသစ်သည် တာဝန်ယူချိန်မှစ၍ အာဆီယံ ၏ အလှည့်ကျတာဝန်ယူခြင်းစနစ်အရ ၂၀၁၄ ခုနှစ်အတွက် ဥက္ကဋ္ဌတာဝန်ယူခွင့်ရရန် ကြိုးပမ်းခဲ့၏။

အာဆီယံ၏မူအရ ပုံမှန်အားဖြင့် အလှည့်ကျဥက္ကဋ္ဌတာဝန် အား ၂၀၁၂ ခုနှစ်၌ ကမ္ဘောဒီးယားနိုင်ငံ ၂၀၁၃ ခုနှစ်၌၊ ဘရူနိုင်း နိုင်ငံ ၂၀၁၄ ခုနှစ်၌ လာအိုနိုင်ငံ တာဝန်ယူရမည် ဖြစ်၏။

သို့စေကာမူ မြန်မာနိုင်ငံအနေနှင့် ၂၀၁၄ ခုနှစ်၌ အလှည့်ကျဥက္ကဋ္ဌအဖြစ် ကမ်းလှမ်းရာ လာအိုနိုင်ငံမှလည်း သဘောတူလက်ခံခဲ့၏။

ယင်းကိစ္စရပ်နှင့်ပတ်သက်၍ မေလအတွင်းက အင်ဒိုနီး ရှားနိုင်ငံ၊ ဂျာကာတာမြို့၌ ပြုလုပ်ခဲ့သည်။ အာဆီယံထိပ်သီး ဆွေးနွေးပွဲ၌ အာဆီယံခေါင်းဆောင်များ ဆွေးနွေးမှုပြုခဲ့သော် လည်း အဖြေမထွက်ခဲ့ပါ။

သို့သော် ၂၀၁၁ ခုနှစ်အတွက် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူထားသည့် အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီး မာတီနာတာလီဂါဝါ ခေါင်းဆောင်သော ကိုယ်စားလှယ်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မြန်မာနိုင်ငံအား ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ပေးရန် လေ့လာမှုမျာ ပြုခဲ့၏။

နိုဝင်ဘာလ တတိယပတ်အတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ပြုလုပ်သည့် (၁၉) ကြိမ်မြောက် အာဆီယံထိပ်သီး ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံအား အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝ ပေးရေးကိစ္စ အာဆီယံခေါင်းဆောင်များ ဆက်လက်ဆွေးနွေ ခဲ့၏။

နိုဝင်ဘာ ၁၇ ရက်နေ့အစည်းအဝေးမှ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်အား မြန်မာနိုင်ငံ ထမ်းဆော ရန် သဘောတူညီခဲ့ကြပြီး ဖြစ်သည်။

ယင်းသို့ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝ ပေးခြင်းသည် မြန်မာနိုင်ငံ၏ ထင်သာမြင်သာသော ပြုပြ ပြောင်းလဲခြင်းများနှင့် တိုးတက်မှုများဖြစ်သကဲ့သို့ နိုင်ငံအတွ ဂုဏ်ယူဖွယ်လည်း ဖြစ်၏။

ထို့အတူ ယင်းပြုပြင်ပြောင်းလဲမှုများ ပိုမိုသေချာစေ လူထုနှင့် နိုင်ငံတကာက မျှော်လင့်နေသကဲ့သို့ အာဆီ ခေါင်းဆောင်များကမှု တိုက်တွန်းကြ၏။

မြန်မာ့အစိုးရသစ်အတွက်မှု ပို၍ ကြိုးစား၊ ပို၍လုပ်ရ မည် မဟုတ်လား။

★★★



www.burmeseclassic.com

www.burmeseclassic.com

## အမေရိကန်သမ္မတ အိုဘားမားမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သို့ အိတ်ဖွင့်ပေးစာ

အခွေတော်သမ္မတကြီးသိန်းစိန်
ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတ
နေပြည်တော်
ချစ်လှစွာသော သမ္မတကြီးဦးသိန်းစိန်

လွန်ခဲ့တဲ့ သီတင်းပတ်နှစ်ပတ်က ဘာလီ (အင်ဒိုနီးရှား) အမေရိကန် အာဆီယံခေါင်းဆောင်များအစည်းအဝေးမှာ တစ်ဦးနဲ့တစ်ဦး တွေ့ခွင့်ရခဲ့တဲ့အတွက် ဝမ်းမြောက်မိပါတယ်။ အခွေတော်ရဲ့ ခေါင်းဆောင်မှုအောက်မှာ အခွေတော်ရဲ့ နိုင်ငံဟာ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းဆီ သွားနိုင်မယ့်အဆင့်ပေါင်းများစွာကို လုပ်ဆောင်ခဲ့တာကိုလည်း ကျွန်ုပ် အားတက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်ပြောင်းလဲရေးအတွက် အခွေတော်တို့ရဲ့ မျှော်မှန်းချက်ကို ဆွေးနွေးဖို့၊ အခွေတော်ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ လူ့အခွင့်အရေးအကာအကွယ်ပေးမှု မြှင့်တင်ရေး၊ အားထုတ်မှုတွေကို အမေရိကန်ပြည်ထောင်စုက ဘယ်လိုအထောက်အကူပြုပြီး လမ်းဖွင့်ပေးနိုင်မလဲဆိုတာ ရှာဖွေဖော်ထုတ်ဖို့ နှစ်နိုင်ငံကြား ဆက်ဆံရေးတိုးမြှင့်ဖို့အတွက် အလားအလာတွေနဲ့ပတ်သက်ပြီး အခွေတော်တို့အစိုးရနဲ့ နိုင်ငံသားတွေနဲ့ တိုက်ရိုက်ဆွေးနွေးဖို့ နိုင်ငံခြားရေးဝန်ကြီး ကလင်တန်ကို အခွေတော်တို့နိုင်ငံကို ကျွန်ုပ် စေလွှတ်ခဲ့ပါတယ်။

နှစ်ဦးနှစ်ဖက် အကျိုးစီးပွားနဲ့ အပြန်အလှန် လေးစားတဲ့ စိတ်ဓာတ်တွေနဲ့ ကျွန်ုပ်တို့ အမြဲအလေးထားတာနဲ့ပတ်သက်ပြီး သူက အခွေတော်တို့အစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ပါလိမ့်မယ်။ လုပ်စရာတွေကတော့ အများကြီး ရှိပါသေးတယ်။ နိုင်ငံခြားရေးဝန်ကြီး ကလင်တန်နဲ့ ကျွန်ုပ်တို့ ယခင်က ပြောခဲ့သလို နိုင်ကျည်တဲ့ပြောင်းလဲမှုကို ရရှိဖို့ အခွေတော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုမှာ အမေရိကန်ပြည်ထောင်စုဟာ စစ်မှန်တဲ့ မိတ်ဖက်အဖြစ် အသင့်ရှိနေပါတယ်။

ဒီလို သမိုင်းမှတ်တိုင်ဖြစ်တဲ့ ခရီးစဉ်ကို စီစဉ်ပြင်ဆင်ရာမှာ အခွေတော်တို့အစိုးရအဖွဲ့ရဲ့ အကူအညီကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်တို့ရဲ့ နှစ်နိုင်ငံဆက်ဆံရေးမှာ ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ဖို့ ကျွန်ုပ်တို့အားလုံးက မျှော်လင့်တဲ့ နိုင်ငံခြားရေးဝန်ကြီး ကလင်တန်ရဲ့ ဆွေးနွေးမှုရဲ့ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ ရလဒ်တွေကို မကြာမီကြားရဖို့ ကျွန်ုပ် မျှော်လင့်နေပါတယ်။



*ရိုးသားစွာဖြင့်*

*ဘားရက်အိုဘားမား*

(ဤအိတ်ဖွင့်ပေးစာအား ဒီဇင်ဘာ (၁) ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကိုယ်တိုင် ပေးခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အပြည့်အစုံ ထုတ်ပြန်ပြီး ဖြစ်သည်။)

★★★

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်



www.burmeseclassic.com

www.burmeseclassic.com

## သမ္မတဦးသိန်းစိန်
## သို့မဟုတ်
## သမိုင်းလိုအပ်ချက်အရ ပေါ်ထွက်လာသူ

''ဒီကနေ့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကို ဦးဆောင်ပဲ့ကိုင်သူ၊ အသွင်ကူးပြောင်းရေး အတွက် လမ်းညွှန်သူဟာ ယခင်အစိုးရဟောင်း ရဲ့ စစ်ဘက်အရာရှိဟောင်းတစ်ဦးပဲ။ ဒါကြောင့် သူ့ကို စစ်ဘက်အငွေ့အသက် မကင်းသူလည်း ဖြစ်နိုင်တယ်''

ဟု အချို့က ဝေဖန်ကြပြီး အချို့က-

www.burmeseclassic.com

www.burmeseclassic.com



"ဒီပုဂ္ဂိုလ်ကြီးဟာ (၅၅) သန်းကျော် မြန်မာ ပြည်သူလူထုရဲ့ လူနေမှုဘဝတွေကို ဦးဆောင်သူ ဖြစ်နေပြီ။ ဒီပုဂ္ဂိုလ်ကြီးရဲ့ ထူးခြားချက်က ယခင်တပ်မတော်အစိုးရရဲ့ လုပ်နည်းကိုင်နည်းတွေကို စွန့်ပယ်ပြီး ဒီမိုကရေစီလမ်းကြောင်းကို ပဲ့ကိုင်ပေးနေပြီ"

ဟု ဝေဖန်၏။

သူက အစိုးရသစ်၏ဦးဆောင်သူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖြစ်သည်။

သို့သော် ကျွန်တော်တို့ မြန်မာပြည်သူပြည်သား နားလည်ထားရမည့်အကြောင်းတစ်ခု ရှိသည်။ အဓိကသ မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြော ရေးသမိုင်း၌ မြန်မာနိုင်ငံသမိုင်းသစ်အား ဖတ်ရှုလေ့လာကြ ဖြစ်သည်။

မြန်မာ့သမိုင်းတွင် သမိုင်းလိုအပ်ချက်အရ ပေါ်လာ တစ်ဦး ရှိသည်။ ထိုသူက ဗိုလ်ချုပ်အောင်ဆန်း ဖြစ်သ ဗိုလ်ချုပ်အောင်ဆန်းကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သ

ဗိုလ်ချုပ်အောင်ဆန်းအား သမိုင်းလိုအပ်ချက်ကြေ ပေါ်ပေါက်လာသူ ဖြစ်သည်။ သူသည် အသွင်မတူ၊ စရိုက် ခြင်းများဖြင့် ဖြစ်တည်လာခဲ့သူ ဖြစ်သည်။

စင်စစ် သမ္မတကြီးဦးသိန်းစိန်သည်လည်း အသွင်



နာဂစ်ဒဏ်ခံရသည့် မွေးရပ်မြေသို့
ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန်
တပ်မတော်သားဘဝ ရောက်ခဲ့စဉ်က



www.burmeseclassic.com

www.burmeseclassic.com



စရိုက်မတူခြင်းဖြင့် ဖြတ်သန်းခဲ့သူပင်။ ဒီနေ့က ဒီမိုကရေစီနှ[illegible] ပတ်သက်၍ သဘောသဘာဝကို ကောင်းစွာ မသိသော်လည်[illegible] လူတိုင်း ခေတ်ပေါ်စကားလုံးအဖြစ် သုံးနေကြသည်။

ဒါက လိုလားချက်ပြယုဂ်ပင်။

ဒီလိုအချိန်တွင် သူ ပေါ်ပေါက်ခဲ့သည်။ သူကား သမိုင်[illegible] လိုအပ်ချက်အရ ပေါ်ပေါက်သူဟုဆိုလျှင် သမ္မတကြီးဦးသိန်း[illegible] က-

"မြန်မာနိုင်ငံတွင် ခေတ်ဟောင်းဆီမှ ဆိုးမွေများ
ကို အမြစ်မှ လဲပစ်ရန် လိုအပ်သည်"

ဟု မတ်လစောပိုင်းက မိန့်ခွန်း၌ ထည့်သွင်းပြောခဲ့သည်။ ခေ[illegible] ဟောင်းတွင် ဆိုးမွေတွေ ရှိသည်။ မြန်မာနိုင်ငံအတွက် ခေ[illegible] ဟောင်းက ခေတ်သစ်အတွက် ဆိုးမွေတွေ အများကြီးပေ[illegible] သည်။

ကျွန်တော်တို့နိုင်ငံ၏ ခေတ်ဟောင်းကာလတွင် နယ်[illegible] နှင့် အတ္တ၊ အာဏာ အိပ်မက်ရှင်များက နည်းမျိုးစုံ အမွေ[illegible] ပေးခဲ့သည်ကို ပြည်သူတွေ သိသင့်သည်။

ခေတ်ဟောင်းအမွေဆိုးကို မြေလှန်ရန် ပြည်သူတို့လည်[illegible] ပါဝင်ရမည်။ သမိုင်းကို လေ့လာကြည့်ကြပါ။ စာဖတ်ကြ[illegible]

* * *



သမ္မတကြီးဦးသိန်းစိန်က ပြုံးစစသာ ပြုံးတတ်သူ။ [illegible]သော် သူက စာပေဖတ်ရှုလေ့လာခြင်းကို ဝါသနာထုံ၏။ [illegible]ာက် (၆၆) နှစ်ရှိပြီးဖြစ်သည့် သမ္မတကြီးသည် တစ်ချိန် [illegible] အထီးကျန်စွာ နေထိုင်ခဲ့ရသော မြန်မာနိုင်ငံအား ကမ္ဘာ့ [illegible]ယ်တွင် ဝင်ဆန့်စေရန် ကြိုးစားနေပြီ။

ဒီမိုကရေစီရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် [illegible]စားနေသည်။

သူက ရိုးသားသည်။ တိုင်းချစ်ပြည်ချစ်စိတ် ရှိသည်။ [illegible]င်းပြည်ချစ်သူသည် တိုင်းပြည်တိုးတက်ရေးကို လုပ်သည်။ [illegible] မဆန်းပါ။

အပြောင်းအလဲဆိုသည့်အကြောင်းကို အခြေခံ၍ [illegible]ာမတ်စ်က သူ့ဆောင်းပါးတွင်-

'အချို့ အပြောင်းအလဲပြုလုပ်သည်ကို
အကြောင်းပြု၍ မြန်မာနိုင်ငံ၏ မိခေးလ်ဂိုပါ
ချော့ဗ်ဟု တင်စားသုံးနှုန်းသည်။ ရုရှားသမ္မတ
မိခေးလ်ဂိုပါချော့ဗ်လက်ထက်တွင် ထိုနိုင်ငံ
အား ဒီမိုကရေစီလမ်းကြောင်းဆီသို့ ပြုပြင်
ဆောင်ရွက်ခဲ့သည်ကို အကြောင်းပြု၍
ဦးသိန်းစိန်အား ၄င်းနှင့်ခိုင်းနှိုင်း၍ သုံးနှုန်းခြင်း
ဖြစ်သည်'

[illegible] တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ဤခိုင်းနှိုင်းမှုသည် မြန်မာပြည်သူတို့အတွက် လက်ခံနိုင်ဖွယ် မရှိပါ။ မိခေးလ်ဂိုပါချော့ဗ်သည် ရုရှားအား ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြုပြင်ဆောင်ရွက်ခဲ့သည်မှာ မှန်သော်လည်း ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲရခြင်းကိုမူ မေ့ထားလို့မရပါ။

ပြည်ထောင်စုပြိုကွဲခြင်းသည် အဓိကမဟုတ်။ ဒီမိုကရေစီသာ အဓိကဆိုလျှင် မှန်နိုင်ပါမည်လား။

သမ္မတကြီးဦးသိန်းစိန်က ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြုပြင်ပြောင်းလဲခြင်းနှင့် ဆွဲတင်ခဲ့သော်လည်း ပြည်ထောင်စု မပြိုကွဲရေး အဓိကထားသည်။ လွတ်လပ်ရေး အဓိကထားသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအား အဓိကထားသူဖြစ်သည်။

သမ္မတကြီးဦးသိန်းစိန်၏ အဓိကရည်မှန်းချက်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းစည်းလုံးလုံးနှင့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရန် ပြုပြင်ပြောင်းလဲဆောင်ရွက်နေသူဖြစ်ပါသည်။

သမ္မတကြီးဦးသိန်းစိန်၏ ဘဝအခြေခံနှင့် ကြိုးပမ်းဖြတ်သန်းမှုအား လေ့လာကြည့်နိုင်ပါသည်။ ရိုးသားသူ၊ ကြိုးစားသူဖြစ်သကဲ့သို့ ကိုယ်ကျင့်တရားပြည့်စုံသူ။ အမျိုးသားရေးအား သစ္စာမဖောက်သည့် တပ်မတော်အရာရှိတစ်ဦးဘဝမှ ဆင်းသက်လာသူ ဖြစ်သည်။



ဗိုလ်ချုပ်အောင်ဆန်းမှ တပ်မှ နုတ်ထွက်အနားယူပြီး ...လပ်ရေးအတွက် ဖ·ဆ·ပ·လ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ...န်ယူပြီး လွတ်လပ်သည့်နိုင်ငံအဖြစ်သို့ရောက်အောင် ...းအောင်မြင်ခဲ့သည်။

သမ္မတကြီးဦးသိန်းစိန်သည်လည်း တပ်မှ အနားယူပြီး ...နိုင်ဖြိုးဥက္ကဋ္ဌတာဝန် နိုင်ငံတော်သမ္မတတာဝန်ယူပြီး ဒီမို...စီနိုင်ငံသစ် ထူထောင်နိုင်ရန် ကြိုးစားနေသူမဟုတ်လော။

* * *

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မြစ်ဝကျွန်းပေါ်ဒေသ ...နာဂစ်မုန်တိုင်းဒဏ် အလူးအလဲ ခံခဲ့ရသည့်ရွာဇာတိ ...သည်။ ထိုစဉ် သမ္မတကြီးသည် တပ်မတော်အရာရှိကြီး ...ဦးအဖြစ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ...ရှိခဲ့သည်။

သမ္မတကြီး၏ ဇာတိကျေးရွာက ပြားပြားဝပ် ပျက်စီးနေ

သမ္မတကြီးက မြန်မာနိုင်ငံ၏ ဆင်းရဲမှုအခြေအနေအား ...တွေ့မျက်မြင်ကြုံတွေ့ရသူဖြစ်သကဲ့သို့ အစိုးရဟောင်း ...ကက် အခြေအနေအားလည်း သိသူ။

သို့နှယ်ပင် သမ္မတဝန်မယူမီ ဝန်ကြီးချုပ်အဖြစ် (၄) ...တာဝန်ယူချိန် စင်ကာပူသို့ ရောက်ခဲ့ဖူးသလို အမေရိကန်

www.burmeseclassic.com



နိုင်ငံ၊ နယူးယောက်မြို့သို့ ကုလသမဂ္ဂအစည်းအဝေးတက်ရ
ရောက်ခဲ့၏။

သူသည် ပြည်ပခရီးစဉ်များနှင့် ကြုံတွေ့ခဲ့သဖြင့် မြန်မ
နိုင်ငံ၏ ခေတ်နောက်ကျနေသောအဖြစ်၊ မဖွံ့ဖြိုးသေးသည
အဖြစ်နှင့် ဆင်းရဲနေသောအဖြစ်များအား သိသဖြင့် နှိုင်းယှ
နိုင်သူ၊ လေ့လာချိန်ဆနိုင်ခဲ့သူ ဖြစ်၏။

သမ္မတကြီး၏ အဓိကထူးခြားချက်မှာ စစ်ဘက်အရိ
လက်ထက်က တာဝန်ကျေသူ၊ သစ္စာရှိသူ ဖြစ်သည်။ ပြီးတေ
သစ္စာရှိသူထက်ပိုကာ အမျိုးသားအကျိုးစီးပွားနှင့်ပတ်သက်
အကြံပေးသူ၊ အတိုင်ပင်ခံတစ်ဦးလည်း ဖြစ်သည်။

* * *

မြန်မာနိုင်ငံတွင် အာရပ်ကမ္ဘာ၏ နိုးထမှု၊ နွေဦးတော်လ
ရေးမိတ္တူကူးလိုသူများ ရှိခဲ့သော်လည်း ပြည်တွင်းအုံကြွမှုမ
စေရန် သမ္မတကြီး စွမ်းဆောင်ခဲ့သည်။

ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် အောင်ဆန်းစုကြည်အ
နိုင်ငံရေးလုပ်ဆောင်မှု အသိုင်းအဝိုင်းတွင်းသို့ တရား
လုပ်ဆောင်နိုင်ရန် လမ်းဖွင့်ပေးခဲ့သည့် သမ္မတကြီး၏ ဆ
ဆောင်ချက်သည် ထူးခြားသည့် ခေါင်းဆောင်မှုစွမ်းရည် မဟု
လော။

ထို့ကြောင့် သမ္မတကြီးအား ပြည်တွင်းပြည်ပမှ အ



မှတ်ပြု ဩဘာပေးခြင်း ခံခဲ့ရသည်။

သမ္မတကြီးက စစ်ဘက်မဆန်သော သဘာဝမရှိသူ
ည်း။

သမ္မတကြီးနှင့်ပတ်သက်၍ အာဆီယံအတွင်းရေးမှူးချုပ်
ရင်ပစ်စူဝမ်းက-

"သမ္မတမှာ နူးညံ့သိမ်မွေ့သူဖြစ်ပြီး အခြား
တစ်ပါးသူ၏ ပြောဆိုချက်ကို တလေးတစား
နားထောင်တတ်သူလည်း ဖြစ်သည်"

သုံးသပ်၏။

မည်သို့ဆိုစေ သမ္မတကြီးက တည်ကြည်ရိုးသားသူဖြစ်
အမေရိကန် မစ်ရှင်နှင့် မြန်မာနိုင်ငံသို့ ရောက်ခဲ့သည်။

မစ္စတာလာရီဒစ်တင်က-

"သမ္မတဟာ ခြစားမှုကင်းသူ ဖြစ်သည်"

မှတ်ချက်ချ၏။ သူနှင့် နီးစပ်ရာအသိုင်းအဝိုင်းကမူ-

"သမ္မတကြီးဟာ နီးစပ်ရာအသိုင်းအဝန်းကို
ကန့်ထရိုက်ချပေးခဲ့တာမရှိ"

ဆို၏။

မှန်သည်။

သမ္မတကြီးက သူကိုယ်တိုင် အခွင့်အရေးမယူသကဲ့သို့
ခွင့်အရေးသမားများနှင့်လည်း ကင်း၏။ သူ၏အရိုန်အဝါဖြင့်
သမီးများအားလည်း အခွင့်အရေး မယူစေခဲ့။ ဦးသိန်းစိန်

www.burmeseclassic.com

www.burmeseclassic.com



တွင် သမီး (၃)ဦးရှိပြီး မည်သူမျှ ဖခင်အရှိန်အဝါနှင့် ချမ်းသာသည့်အသိုင်းအဝိုင်းနှင့်ပေါင်းကာ အခွင့်အရေးယူသည် မရှိခဲ့။

သမ္မတဦးသိန်းစိန်သည် အောင်ဆန်းစုကြည်နှင့် ပထမအကြိမ်တွေ့ပြီး ညစာနှင့်ဧည့်ခံရာ အိမ်တွင်းထမင်းပွဲနှင့်သာ ဧည့်ခံ၏။ ဇနီးသည်မှာလည်း ပေါ်ပေါ်ထင်ထင် နေထိုင်သည်ကို တွေ့ရခဲ၏။

သမ္မတသည် မိမိမွေးရပ်မြေကိုလည်း ဦးစားမပေးခဲ့။ သမ္မတဖြစ်သည့်တိုင် မွေးရပ်မြေရွာသည် စည်ပင်သာယာ ရေဖြန့်ဝေမှု မရှိသေး။ ကတ္တရာလမ်းမ ရှိသည်။ ဆင်ရိုင်းဖြတ်သည့် အန္တရာယ်ကြောင့် ညအချိန် အန္တရာယ်မကြုံရန် သတိပေးနေရသည့်ရွာ။

သမ္မတအသိုင်းအဝိုင်းက-

"သမ္မတဟာ ရိုးသားတယ်။ အခွင့်အရေး မယူဘူး။ အထူးတလည် မျက်နှာသာမပေးဘူး"

ဟု ဆို၏။

သမ္မတက ရိုးသားသူဖြစ်သလို မိဘများထံမှ စာရိတ္တ ကျင့်ဝတ်နှင့် ဘဝစံများ အမွေယူခဲ့သူ။ ယခုအခါ မိဘနှစ်ပါးက မရှိတော့ပေ။

သမ္မတရွာသို့ ဆောင်းပါးရှင် သောမတ်စ်နှင့်အဖွဲ့ ရောက်ခဲ့၏။ ထိုအဖွဲ့က-



ကျုံကူးကျေးရွာ မြစ်ဆိပ်
နှင့်
လက်ရှိ ကျေးရွာရေသုံးစွဲနေရသည့် အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



"လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် တသွေး တသံ တမိန့် အုပ်ချုပ်သည့်ပုံစံမှ ဒီမိုကရေစီပုံစံသို့ အသွင်ကူးပြောင်းရေး စပ်ကူး မတ်ကူးကာလ"

ဟု သုံးသပ်ခဲ့၏။

သမ္မတကြီးဦးသိန်းစိန်ကိုယ်တိုင်ကလည်း မတ်လမိန့်ခွန်း၌-

"မိမိတို့နိုင်ငံသည် ယခုအချိန်ထိ နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းဆီသို့ ပြန်လည်တည်ဆောက်ရာတွင် အဆုံးတိုင် တည်ဆောက်ပြီးစီးသည့်အခြေအနေသို့ မရောက်သေးကြောင်း၊ လုပ်ကိုင်ဆောင်ရွက်စရာ အများအပြားကျန်ရှိနေကြောင်း"

ပြောဆိုခဲ့၏။ ထို့အတူ သမ္မတက-

"ယင်းသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်သူများအားလုံးသည် ကိုယ့်တာဝန်အလျောက် ပါဝင်ဆောင်ရွက်ရမည့်အပြင် နိုင်ငံ၏ စတုတ္ထမဏ္ဍိုင် ဖြစ်သော မီဒီယာကဏ္ဍကလည်း တာဝန်သိသိဖြင့် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့တွင်လည်း ဘတ်ဂျက်များ ခွဲဝေသုံးစွဲရာ၌ ယခင်အခါကထက် များစွာ တိုးမြှင့်သုံးစွဲသွားမည်"

[illegible]ဆိုခဲ့၏။



မြန်မာနိုင်ငံသည် သမ္မတဦးသိန်းစိန် ဦးဆောင်သည့် [illegible]သစ်လက်ထက်၌ အပြောင်းအလဲတို့ ဖြစ်ပေါ်ခဲ့၏။

နိုင်ငံရေး မျက်နှာစာ...

စီးပွားရေး မျက်နှာစာ...

လူမှုရေး မျက်နှာစာတို့၌ အလှည့်အပြောင်းလည်း ရှိခဲ့[illegible]ဆက်လက်၍ ဖြစ်ပေါ်နေဆဲလည်း ဖြစ်သည်။

နိုင်ငံရေးမျက်နှာစာ၌ အောင်ဆန်းစုကြည် ပါဝင်လာစေ[illegible]ဖိတ်ခေါ်ခြင်း၊ အခွင့်အရေးပေးခြင်း၊ စာနယ်ဇင်းများနှင့်[illegible]သက်၍ ကန့်သတ်ချက်များအား လျှော့ပေါ့ခြင်း၊ နိုင်ငံရေး[illegible]ဉ်းသားများ လွှတ်ပေးခြင်း၊ မီဒီယာဥပဒေ၊ အလုပ်သမား[illegible]များ ပြင်ဆင်ရေးဆွဲခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ[illegible] စီစဉ်ခြင်း စသည်တို့ ပြုလုပ်ခဲ့သည်။

ထို့ပြင် နိုင်ငံတွင်းရှိ လူထုကြိုက်နှစ်သက်မှုနည်းသည့်[illegible]ဆုံစီမံကိန်းအားလည်း ရွှေ့ဆိုင်းထားခဲ့၏။ ယင်းသည် စီမံ[illegible]မှာ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအဖြစ် ယခုအခါ တရုတ်[illegible] ယင်းစီမံကိန်း ပြန်လည်စတင်ရန် ဖိအားပေးလျက်ရှိ၏။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုသည် လက်ရှိအခြေ[illegible]ရ အထိမခံသည့် အခြေအနေ၌ ရှိ၏။ ဧပြီ (၁) ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com



၌ ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲအားလည်း မြန်မာလူ
သာမက ကမ္ဘာက စိတ်ဝင်စားလျက် ရှိသည်။

လက်ရှိအပြောင်းအလဲသည် သမ္မတဦးသိန်းစိန်နှင့် ဖြ
ပြောင်းလဲမှုသည် အသိုင်းအဝိုင်းတစ်စု၏ အားထုတ်မှုအ
တွင် အားပြုနေရသည်ဟုလည်းကောင်း၊ ယခုအချိန်သ
စောင့်ကြည့်ရမည့် အခြေအနေဖြစ်သည်ဟုလည်းကော
လေ့လာသုံးသပ်သူတွေက သုံးသပ်သည်ဟု ဆောင်းပါးရှင်
ဖွင့်ဆို၏။

ဝန်ခံချ

အင်တာနေရှင်နယ် ဟာဒယ်ထရီဗျူးဂျာနယ်
ဆောင်းပါးအား သုံးသပ်ခံစားသ


★★★

# အပိုင်း နှစ်

## သမိုင်းဝင်ဖြစ်စဉ်၊ သမိုင်းဝင်မိန့်ခွန်း၊ သမိုင်းဝင်အင်တာဗျူး



www.burmeseclassic.com



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် The Washington Post မှ အကြီးတန်းအယ်ဒီတာ Ms. Elzabeth Graham Weymouth အား လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားစဉ်။

www.burmeseclassic.com

www.burmeseclassic.com

## ံတော်သမ္မတဦးသိန်းစိန်နှင့် ဝါရှင်တန်ပို့(စ်)သတင်းစာ အကြီးတန်းအယ်ဒီတာ၏ သမိုင်းဝင်အင်တာဗျူး

နိုင်ငံတော်သမ္မတနှင့် The Washington Post တို့၏ း‌ချက်နှင့် ဆွေးနွေး ဖြေကြားချက် အပြည့်အစုံမှာ ာ်ပါ အတိုင်း ဖြစ်သည်-

ာ်သမ္မတ ။ ခင်ဗျားကို ကြိုဆိုပါတယ်။ ဝါရှင်တန်ပို့စ်သတင်းစာဟာ အင်မတန် အရှိန်အဝါကြီးတဲ့ သတင်းစာကြီး ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအနေနဲ့ ပြည်ပမီဒီယာနဲ့ အခုလို လက်ခံတွေ့ဆုံတာ ဒါ ပထမဦးဆုံးအကြိမ်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့အတူ နိုင်ငံခြားရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီး၊ အလုပ်သ… ဝန်ကြီးတို့ပါ ပါဝင်ပါတယ်။ ခင်… ကို မီဒီယာသမားတစ်ယောက်အ… မြန်မာနိုင်ငံကို အလည်အပတ် … ရောက်လေ့လာတဲ့ ဧည့်သည် … ယောက်အနေနဲ့ အခုလို လက်ခံ… ဆုံတာ ဖြစ်ပါတယ်။

**Washington Post ။** ကျွန်မ အင်တာဗျူးလုပ်တဲ့အ… မေးခွန်းတွေကို များများမေးလေ့… တယ်။ အထူးသဖြင့် သမ္မတကြီး… ဦးစီးဆောင်ရွက်နေတဲ့ ပြုပြင်ပြော… လဲရေးကိစ္စများနှင့် ပတ်သက်… မေးခွန်းများ မေးနိုင်မယ်လို့ မျှော်… ပါတယ်။

**နိုင်ငံတော်သမ္မတ ။** မေးတဲ့မေးခွန်းများအပေါ် ဖြေသွား… မယ်။ ပြီးတော့ အကြောင်းအရာတ… အပေါ်မှာ မရှင်းလင်းတာရှိရင်… ထပ်ပြီးတော့ မေးလို့ပြုလို့ရပါတ…

**Washington Post ။** မေးခွန်းများ စပြီးမေးပါမယ်။ … မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှု…

ပတ်သက်ပြီး တစ်ကမ္ဘာလုံးက စိတ်ဝင်တစား ရှိလာပါတယ်။ အထူးသဖြင့် နိုင်ငံရေးသမားများ လွှတ်ပေးခြင်း၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးလာခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ အပစ်အခတ်ရပ်စဲခြင်းတို့အပေါ်မှာ နိုင်ငံတကာက စိတ်ဝင်တစား စောင့်ကြည့်နေပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံအတွင်း ဒီလိုပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ဖို့ ဘယ်လိုအကြောင်းအရာတွေက အရင်းခံတွန်းအားပေးခဲ့တယ်ဆိုတာ သိလိုပါတယ်။

**နိုင်ငံတော်သမ္မတ ။** ယနေ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စတွေနဲ့ပတ်သက်ပြီး တွန်းအားပေးတာကတော့ မြန်မာနိုင်ငံ ပြည်သူလူထုပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ဟာ ပြည်သူလူထုရဲ့ဆန္ဒတွေကို လိုက်လျောပြီး ယခုလို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပြည်

www.burmeseclassic.com



သူလူထုအနေနဲ့ ကိုယ့်တိုင်းပြည်က
တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း
ရှိစေချင်တယ်။ နောက်တစ်ခါ စီးပွား
ရေး ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီဖွံ့ဖြိုး
တိုးတက်တဲ့နိုင်ငံ ဖြစ်စေချင်တယ်
ဒါဟာ ယနေ့ ပြည်သူတွေရဲ့ဆန္ဒ
ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အဲဒီဆန္ဒ
တွေကို လိုက်လျောပြီး ပြုပြင်ပြောင်း
လဲမှုတွေကို အခုလို လုပ်ဆောင်နေ
တာ ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒနဲ့အညီ
တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့၊ စီးပွား
ရေးဖွံ့ဖြိုးတိုးတက်ဖို့၊ ပြည်တွင်းဆန္ဒနဲ့
အညီ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့
စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ ပြည်တွင်း
နိုင်ငံရေး အင်အားစုတွေနဲ့ သင့်မြတ်
အဆင်ပြေဖို့ အရေးကြီးပါတယ်။ ဒါ
ကြောင့်လည်း ကျွန်တော်တို့ ဒေါ်အောင်
ဆန်းစုကြည်နဲ့ တွေ့ဆုံခြင်းအားဖြင့်
နှစ်ဦးနှစ်ဖက် နားလည်မှုရရှိခဲ့ပြီး ပြည်
တွင်းနိုင်ငံရေးအခြေအနေကလည်း
တည်ငြိမ်အေးချမ်းမှု ပိုပြီး ရှိသွားပါ



...Washington Post ။

တယ်။ နောက်တစ်ချက်က ပြည်သူ
လူထုအနေနဲ့ တိုင်းပြည်မှာ ငြိမ်းငြိမ်း
ချမ်းချမ်းနဲ့ ရှိစေချင်ကြပါတယ်။ ဒါ
ကြောင့်မို့ လက်နက်ကိုင်အဖွဲ့အစည်း
တွေနဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းပြီး ဆွေး
နွေးဆောင်ရွက်နေတာ ဖြစ်ပါတယ်။
ဒါကြောင့် ကျွန်တော်တို့ရဲ့ ပြုပြင်
ပြောင်းလဲမှု လုပ်ငန်းစဉ်တွေဟာ
ပြည်သူလူထုရဲ့ လိုလားချက်ဆန္ဒ
အပေါ်မှာ အခြေခံပြီး ဆောင်ရွက်နေ
ခြင်း ဖြစ်ပါတယ်။ တွန်းအားပေးတာ
ကတော့ ပြည်သူလူထုပဲ ဖြစ်ပါတယ်။
ပြောရမယ်ဆိုရင် ဒီလုပ်ဆောင်ချက်
တွေဟာ ပြည်သူ့ဆန္ဒတွေဖြစ်သလို
တကယ်တမ်းကျတော့ သမ္မတကြီးက
Initiative ယူပြီး လုပ်ဆောင်ခဲ့တာ ဖြစ်
ပါတယ်။ သမ္မတကြီးကိုယ်တိုင်
ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့
ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ
နိုင်ငံရဲ့ အနာဂတ်အပေါ် သမ္မတကြီးရဲ့
အမြင်ကို သိလိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**နိုင်ငံတော်သမ္မတ** ။ အနာဂတ်မှာ မြန်မာနိုင်ငံရဲ့ အ
အထားက ပိုမိုပွင့်လင်းမြင်သာပြီး
ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ဆက်ဆံရေး ပို
ကောင်းမွန်လာမယ်လို့ မြင်ပါတယ်။

**Washington Post** ။ သမ္မတကြီးအနေနဲ့ ဒေါ်အောင်ဆန်း
ကြည်နဲ့ တွေ့ဆုံခဲ့တယ်။ သမ္မတကြီး
ဦးဆောင်ပြီး ပြုပြင်ပြောင်းလဲမှုတွေ
Initiative ယူပြီး ဆောင်ရွက်ခဲ့တယ်
ဒါကြောင့် ဒီပြုပြင်ပြောင်းလဲမှုတွေ
အနာဂတ်မှာ ဆက်လက်ပြီး ဖော
ဆောင်သွားမှာလားဆိုတာကို သိလို
တယ်။

**နိုင်ငံတော်သမ္မတ** ။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်
တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး နိုင်
တော်ရဲ့ စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတ
ဖို့ ဖြစ်ပါတယ်။ အဲဒီတော့ တိုင်းပြည်
တည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံတေ
ရဲ့စီးပွားရေး ဒီ့ထက်ပိုမိုဖွံ့ဖြိုးတိုးတ
အောင် ရည်မှန်းချက်တွေ ပြည့်ဝသ
အထိ ဆက်ပြီး လုပ်သွားရမှာ ဖြစ်
တယ်။



**Washington Post** ။ တိတိကျကျ ပြောဆိုရမယ်ဆိုရင် သမ္မတကြီးအနေနဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေး ပုံမှန်အခြေအနေကို ပြန်ရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားများကိုလည်း လွှတ်ပေးခဲ့ပါတယ်။ အချို့လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ အပစ်အခတ် ရပ်စဲပြီး ငြိမ်းချမ်းရေးရယူဖို့ ဆောင်ရွက်လာနိုင်ပါတယ်။ ဒါကြောင့် ရှေ့ဆက်ပြီး ဆောင်ရွက်ရမယ့်ကိစ္စများမှာ ဘာတွေလိုအပ်မယ်လို့ မြင်ပါသလဲ။ ရှေ့ကို ဘာတွေ ဆက်လုပ်သွားဖို့ ရှိပါသလဲ။

**နိုင်ငံတော်သမ္မတ** ။ ကျွန်တော်တို့ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုအတွက် အလေးထားပြီး ရှေ့ဆက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲဝင်နိုင်ဖို့အတွက် လွှတ်တော်ကလည်း သက်ဆိုင်ရာဥပဒေတွေကို ပြုပြင်ပေးခဲ့တာ ရှိပါတယ်။ သူမကိုယ်တိုင်လည်း NLD ရဲ့ ပါတီ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နဲ့ မှတ်ပုံတင်ပြီးတော့ မကြာခင်
မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်
ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။
အဲဒီမှာ ပြည်သူလူထုရဲ့ ရွေးချယ်
တင်မြှောက်မှုခံရရင် လွှတ်တော်ထဲကို
ရောက်လာမှာ ဖြစ်ပါတယ်။ ဒေါ်အောင်
ဆန်းစုကြည် လွှတ်တော်ထဲရောက်
လာရင်လည်း လွှတ်တော်က နွေးထွေး
စွာ ကြိုဆိုမှာ ဖြစ်ပါတယ်။ နောက်
တစ်ခုက Ethnic Groups လက်နက်
ကိုင်အဖွဲ့အစည်းတွေနဲ့ပတ်သက်ပြီး
ပထမ သူတို့နဲ့ ယုံကြည်မှု အရင်
တည်ဆောက်ရပါတယ်။ နှစ်ဖက်
သဘောတူနိုင်တဲ့အချက်တွေအပေါ်မှာ
သဘောတူညီချက် လက်မှတ်ရေးထိုး
ခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး
အတွက် ဆက်ပြီး ဆောင်ရွက်ရမယ့်
လုပ်ငန်းတွေ အများကြီး ရှိပါတယ်။
လက်နက်တွေစွန့်ပြီး သူတို့ ဝင်လာ
သည်ဖြစ်စေ၊ လက်နက်တွေနဲ့ ဝင်လာ
သည်ဖြစ်စေ သူတို့ရဲ့ စားဝတ်နေရေး





www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေဖို့၊ နေရေးထိုင်ရေး အဆင်ပြေဖို့၊ သူတို့ရဲ့ပညာရေး၊ ကျန်းမာရေးတွေ အဆင်ပြေဖို့ အဓိက လိုအပ်ပါတယ်။ ဒီလိုအပ်ချက်တွေ ရှေ့ဆက်ပြီး ဆောင်ရွက်သွားဖို့ ရှိပါတယ်။

**shington Post** ။ ကျွန်မ သတင်းမှာ ဖတ်ရှုခဲ့ရပါတယ်။ အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ဟာ ဘယ်အဖွဲ့နဲ့ ယူခဲ့တာပါလဲ။ ကရင်အဖွဲ့နဲ့ပါလား။

**င်းတော်သမ္မတ** ။ လက်နက်ကိုင်ထားတဲ့ Ethnic Groups က အားလုံး (၁၁) ဖွဲ့ ရှိပါတယ်။ ဒီအဖွဲ့တွေနဲ့ ပထမအဆင့် ပြည်နယ်အဆင့် နားလည်မှုသဘောတူညီချက်တွေ ညှိနှိုင်းပါတယ်။ ပြီးလို့ရှိရင် အစိုးရရဲ့ကိုယ်စား အဖွဲ့တွေ ခွဲပေးပြီး ဒီအဖွဲ့တွေနဲ့ ထိတွေ့ဆွေးနွေးမှုတွေ လုပ်ပါတယ်။ အဖွဲ့အားလုံးနဲ့ ကျွန်တော်တို့ ထိတွေ့ဆက်ဆံမှုတွေ ရှိနေပါတယ်။ အဲဒီလို ထိတွေ့ဆက်ဆံမှုရှိနေတဲ့ အဖွဲ့တွေထဲကမှ တချို့အဖွဲ့တွေနဲ့ သဘောတူညီချက် လက်မှတ်ရေးထိုးပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် မပြီးဆုံးသေးပါဘူး။ ရှေ့ကိုဆက်ပြီး သဘောတူညီချက်တွေ ညှိဖို့ရှိနေသေးပါတယ်။

**Washington Post** ။ သူတို့ ငြိမ်းချမ်းရေးယူတဲ့အခါ အစိုးရနဲ့ သဘောတူညီချက်ရပြီးတော့မှ ဝင်လာတာလား။

**နိုင်ငံတော်သမ္မတ** ။ ကျွန်တော်တို့ နှစ်ဖက် ညှိနှိုင်းပြီး သဘောတူညီချက်ရယူပြီး ငြိမ်းချမ်းရေးတည်ဆောက်မှာ ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် လက်နက်ကိုင်အဖွဲ့အားလုံးဟာ ဥပဒေရဲ့အောက်ကို အားလုံး ဝင်ရောက်လာကြပြီး ဥပဒေတစ်ခုတည်းရဲ့ အောက်မှာ အားလုံး တန်းတူညီမျှ နေထိုင်လုပ်ကိုင်စားသောက်ကြဖို့ ဖြစ်ပါတယ်။ ဒီအဆင့်ကိုရောက်ဖို့အတွက် ကျွန်တော်တို့ အချိန်ယူပြီးတော့ ညှိသွားရပါဦးမယ်။

**Washington Post** ။ ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲမှာ အောင်နိုင်ပြီး လွှတ်တော်အတွင်း



ရောက်လာခဲ့မယ်ဆိုရင် သမ္မတကြီးအနေနဲ့ Cabiner ရာထူးတစ်နေရာရာကို ပေးဖို့များ အစီအစဉ် ရှိပါသလား။

**နိုင်ငံတော်သမ္မတ** ။ တစ်အချက်ကတော့ ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ အရွေးခံရခြင်း၊ အရွေးမခံရခြင်းအပေါ်မှာ မူတည်ပါတယ်။ ပြည်သူလူထုက အရွေးခံရပြီဆိုလို့ရှိရင် လွှတ်တော်ထဲကို ဒေါ်အောင်ဆန်းစုကြည် ရောက်လာမှာ ဖြစ်ပါတယ်။ ဒုတိယအဆင့် Cabinet Member အဖြစ်နဲ့ အမည်စာရင်း တင်သွင်းဖို့က လွှတ်တော်ရဲ့ သဘောတူညီချက်ရယူပြီး လုပ်ရတာဖြစ်ပါတယ်။ လွှတ်တော်ရဲ့ သဘောတူညီချက်ရှိမှ ဒီလိုခန့်အပ်လို့ ရမှာဖြစ်ပါတယ်။ အခုလက်ရှိ Cabinet ဝန်ကြီးအားလုံးဟာလည်း လွှတ်တော်ရဲ့ သဘောတူညီချက်နဲ့ ခန့်ထားတာ ဖြစ်ပါတယ်။

**Washington Post** ။ ဒေါ်အောင်ဆန်းစုကြည်ကို Cabinet ဝန်ကြီးတစ်ဦးအဖြစ် တွေ့မြင်လိုပါသလား။

www.burmeseclassic.com

www.burmeseclassic.com


**နိုင်ငံတော်သမ္မတ ။** ကျွန်တော်တို့ကတော့ ဘယ်ပုဂ္ဂိုလ်
ဖြစ်ဖြစ် လွှတ်တော်က သဘောတူညီ
ပြီး ခန့်အပ်ပေးလိုက်တယ်ဆိုရင်
Cabinet ဝန်ကြီးအဖြစ် လက်ခံသွားရ
ဖြစ်ပါတယ်။

**Washington Post ။** မြန်မာ-US နှစ်နိုင်ငံ ဆက်ဆံရေး
ပတ်သက်ပြီး သမ္မတကြီးအနေ
ဘယ်လိုမြင်ပါသလဲ။ ဘယ်လို မျှော်
လင့်ပါသလဲ။

**နိုင်ငံတော်သမ္မတ ။** မြန်မာနိုင်ငံနဲ့ အမေရိကန်နိုင်ငံ
အခု ထိတွေ့ဆက်ဆံမှုတွေ တော်တော်
များများ ရှိနေပါပြီ။ အမေရိကန်နိုင်ငံ
ခြားရေးဝန်ကြီးလည်း ကျွန်တော်တို့
ကို လာပြီးဖြစ်ပါတယ်။ ဒီနေ့ပဲ အမေ
ရိကန်ကန်ဆီးနိတ်က အထက်လွှတ်
တော်အမတ် မတ်ကောနယ်နဲ့လည်း
ကျွန်တော် မနက်စာ လက်ခံတွေ့
ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မျှော်
လင့်ချက်က တစ်အချက် ဘာပဲ
ဖြစ် အမေရိကန်နိုင်ငံနဲ့သာမက နိုင်
အားလုံးနဲ့ ချစ်ချစ်ခင်ခင် ရင်းရင်းနှီး



ရှိချင်ပါတယ်။ ဒုတိယအချက်က
အမေရိကန်နိုင်ငံနဲ့ သံအမတ်ကြီးအဆင့်
အဆက်အသွယ်မရှိသေးပါဘူး။ အဲဒီ
တော့ သံအမတ်ကြီးအဆင့် တိုးမြှင့်
ပြီး ဆက်သွယ်ဖို့ ကျွန်တော်တို့ ဆန္ဒ
ရှိပါတယ်။ တတိယအချက်ကတော့
အမေရိကန်အပါအဝင်၊ EU အပါအဝင်
ကျွန်တော်တို့နိုင်ငံအပေါ် စီးပွားရေး
အရ တားဆီးပိတ်ဆို့မှုတွေ လုပ်ထား
တာ အနှစ် (၂၀) ကျော်ခဲ့ပါပြီ။ အဲဒီ
တော့ ဒီစီးပွားရေးအရ တားဆီးပိတ်ဆို့
မှုတွေကို ဖြေလျှော့ပေးစေလိုတဲ့ ဆန္ဒ
ရှိပါတယ်။ ဒီဟာက နိုင်ငံတော်သမ္မတ
တစ်ယောက်တည်းရဲ့ဆန္ဒ မဟုတ်ပါ
ဘူး။ နိုင်ငံသူနိုင်ငံသားအများစုရဲ့ဆန္ဒ
ဖြစ်ပါတယ်။

**Washington Post ။** ပြီးခဲ့တဲ့လများအတွင်း သမ္မတကြီး
အနေနဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်
များ အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့
အများကြီး လျှောက်လှမ်းခဲ့ရပြီးဖြစ်ပါ
တယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး
ကလင်တန်က ထုတ်ပြန်ကြေညာ
တာ ရှိပါတယ်။ မြန်မာ-အမေရိက
နှစ်နိုင်ငံဆက်ဆံရေးကို ပုံမှန်အခြေ
အနေရောက်အောင် လုပ်မယ်။
အပြင် နှစ်နိုင်ငံအကြား သံအမတ်ကြ
အဆင့် ပြန်လည်ခန့်အပ်သွားမယ်
တာကို ထုတ်ပြန်ကြေညာခဲ့တယ်
ကြားသိခဲ့ရပါတယ်။ ဒီသတင်း
သမ္မတကြီး မကြားမိဘူးလား။

**နိုင်ငံတော်သမ္မတ ။** ကြားမိပါတယ်။ သို့သော်လည်း
ကနေ့အထိတော့ ခန့်အပ်ပေးတာ မ
သေးပါဘူး။

**Washington Post ။** ဟုတ်ပါတယ်။ ဝါရှင်တန်မှာ တ
ကိစ္စရပ်များဟာ နည်းနည်းနှောင့်နှေး
များ ရှိတတ်ပါတယ်။ ဒီကိစ္စနဲ့ပတ်
သက်ပြီး လွှတ်တော်အမတ် မစ္စတာ
မက်ကောနယ်ထံကနေ ကြားသိ
ဖြစ်မယ်လို့ မျှော်လင့်ပါတယ်။

**နိုင်ငံတော်သမ္မတ ။** မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အနောက်
နိုင်ငံတွေရဲ့ လိုလားချက် (၃)ချက်



ပါတယ်။ တစ်အချက်က နိုင်ငံရေး
အကျဉ်းသားဆိုပြီး သူတို့ ပြောဆိုသုံးစွဲ
နေတဲ့အကျဉ်းသားတွေ လွှတ်ပေးဖို့
ကိစ္စ၊ နှစ်အချက်က ကြားဖြတ်ရွေး
ကောက်ပွဲ ကျင်းပပေးမယ့်ကိစ္စ၊ သုံး
အချက်က ဒေါ်အောင်ဆန်းစုကြည်နဲ့
သူ့ရဲ့အဖွဲ့တွေ နိုင်ငံရေးလုပ်ငန်းစဉ်မှာ
ပါဝင်ဖို့ဆိုတဲ့ကိစ္စ။ ဒီကိစ္စ (၃) ခုဟာ
အနောက်နိုင်ငံတွေက လိုလားတောင်းဆို
နေတဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ယခု
ဒီကိစ္စ(၃)ခုစလုံးကို ကျွန်တော် ဆောင်
ရွက်ပေးထားပြီး ဖြစ်ပါတယ်။ မြန်မာ
နိုင်ငံအပိုင်းကတော့ တာဝန်ကျေသွား
ပါပြီ။ အဲဒီတော့ အနောက်နိုင်ငံ အမေ
ရိကန်နဲ့ EU တို့ တာဝန်ကျေဖို့အပိုင်းပဲ
ကျန်ပါတယ်။ ဒါ့အပြင် ဒီကိစ္စ(၃)ရပ်
ကလည်း ဘယ်သူ့ဘယ်ဝါရဲ့ တိုက်
တွန်းချက်ကြောင့် အကျပ်ကိုင်ခိုင်းစေ
မှုကြောင့်မှုမဟုတ်ဘဲ နိုင်ငံရဲ့ လက်ရှိ
အခြေအနေအရ လုပ်သင့်လုပ်ထိုက်တဲ့
အခြေအနေများကြောင့် ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ဒီ(၃)ခုလုံးကို ဆောင်ရွက်ပေးခြင်း
ဖြစ်ပါတယ်။

**Washington Post** ။ ဖိအားပေးမှုကြောင့် လုပ်တာလား။

**နိုင်ငံတော်သမ္မတ** ။ ဖိအားပေးမှုကြောင့် မဟုတ်ပါဘူး
ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲလာ
စနစ်အရကို ဒါတွေဟာ လုပ်ကိုလုပ်
ရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။

**Washington Post** ။ ဒီလိုမျိုး ဆောင်ရွက်လာရတာဟာ
ပိတ်ဆို့မှုကြောင့် လုပ်လာရတာလား
အမေရိကန်က ထင်နေတာက Sanc-
tion ဟာ မြန်မာနိုင်ငံအပေါ်မှာ ထိရောက်
မှုရှိနေတယ်လို့ ထင်နေပါတယ်။

**နိုင်ငံတော်သမ္မတ** ။ Sanction ဟာ မြန်မာနိုင်ငံပေါ်
ထိရောက်မှုရှိမရှိ ပွင့်ပွင့်လင်းလင်း
ပြောရမယ်ဆိုရင် ဒီ Sanction ကြောင့်
ပြီးခဲ့တဲ့ တပ်မတော်အစိုးရက ပြုတ်
သွားတာ မဟုတ်ပါဘူး။ တပ်မတော်
အစိုးရက အခုလို ဒီမိုကရေစီစနစ်
ကျင့်သုံးတဲ့အစိုးရဖြစ်အောင် ပြုပြင်
ပြောင်းလဲပြီး တာဝန်လွှဲပြောင်းပေး
ခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့်



အစိုးရအပေါ် သက်ရောက်မှုတော့ မရှိ
ဘူး။ ဒါပေမယ့် ပြည်သူလူထုကတော့
ဒုက္ခရောက်ပါတယ်။ ပြည်သူကတော့
အထိနာတယ်။ ပြည်သူတွေ ဆင်းရဲ
နွမ်းပါးမှု ဖြစ်စေပါတယ်။

**Washington Post** ။ ပြောရမယ်ဆိုရင် သမ္မတကြီးက ခုနက
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချမှတ်ခဲ့တဲ့
နိုင်ငံရေးလမ်းစဉ် (၇) ရပ်နဲ့ပတ်သက်
ပြီး ပြောနေတာပါလား။

**နိုင်ငံတော်သမ္မတ** ။ မှန်ပါတယ်။ ပြီးခဲ့တဲ့အစိုးရဟာ ပြုတ်
သွားတာ မဟုတ်ပါဘူး။ ဒီ Sanc-
tion ကြောင့် ပြုတ်သွားတာ မဟုတ်ပါ
ဘူး။ ဒီမိုကရေစီအသွင် ပြုပြင်ပြောင်း
လဲပေးဖို့အတွက် မူလကတည်းက
ရည်ရွယ်ချက် ရှိပါတယ်။ ရည်ရွယ်
ချက်ရှိတဲ့အတိုင်း ဒီလမ်းစဉ် (၇)ရပ်
ကိုချမှတ်ပြီးတော့ တစ်ဆင့်စီ တစ်ဆင့်
စီ အကောင်အထည်ဖော်ပြီး နောက်ဆုံး
မှာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့
အစိုးရတစ်ရပ်ကို ပြောင်းလဲဖော်ဆောင်
ပေးခဲ့တာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**Washington Post ။** ဒီလမ်းစဉ် (၇)ရပ်ဟာ မြန်မာနိုင်ငံ
ဒီမိုကရေစီစနစ် ပေါ်ထွန်းလာအော
လမ်းခင်းပေးခဲ့တာ ဖြစ်ပါသလား။

**နိုင်ငံတော်သမ္မတ ။** မှန်ပါတယ်။

**Washington Post ။** ဒီကိစ္စနဲ့ပတ်သက်ပြီး ပြင်ပလူတွေ
သိပ်ပြီးမသိကြပါဘူး။ ကျွန်ုပ်မ ဆီးနိုင်
တာ မက်ကောနယ်နဲ့ ညစာစားတေ
မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေ
လုပ်ငန်းတွေဟာ လွန်ခဲ့တဲ့အချိ
အတော်များများအတွင်းကပင် စီစဉ်
တဲ့ကိစ္စဖြစ်တဲ့အကြောင်း နားလည်ခဲ
ပါတယ်။

**နိုင်ငံတော်သမ္မတ ။** ဒီမိုကရေစီစနစ်ကို ပြောင်းတဲ့အခါ
ချက်ချင်း အချိန်တိုအတွင်းဖြစ်သ
ပြောင်းလဲလိုက်တဲ့အတွက်ကြောင့်
ကနေ့ ကမ္ဘာမှာ ဒုက္ခရောက်နေတဲ့နို
တွေ ရှိပါတယ်။ ပြောရရင် ခင်ဗျာ
လည်း သိပါတယ်။ အဲဒီနိုင်ငံတွေဟ
ဒီမိုကရေစီစနစ်ကို အချိန်တိုအတွင်
အတင်းပြောင်းလိုက်တဲ့အတွက်ကြော
တိုင်းပြည်ပျက်မလောက် ဖြစ်သွ



တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က (7) Step ကို ချပြီးတော့ တစ်ဆင့်ချင်း တစ်ဆင့်ချင်း အချိန်ယူပြီး ပြောင်းလာရတာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခုဆိုရင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ အစိုးရဖြစ်လာပြီမဟုတ်ပါလား။

**Washington Post ။** လွှတ်တော်အတွင်း ၂၅ %ကို တပ်မတော်အတွက် လျာထားယ်ဆိုတာ ဟုတ်ပါသလား။ ယခု ပြုပြင်ပြောင်းလဲရေးကိစ္စတွေမှာ တပ်မတော်ဘက်ကလည်း ပါဝင်နေတာမျိုး ဖြစ်နေပါတယ်။ အကြောင်းကတော့ ဒီမိုကရေစီဆိုတာ ပြည်သူက အုပ်ချုပ်တာဖြစ်ပြီး တပ်မတော်အပေါ် အာဏာသက်ရောက်တဲ့ အစိုးရဖြစ်တယ်လို့ ယုံကြည်ပါတယ်။

**နိုင်ငံတော်သမ္မတ ။** တပ်မတော်ဟာ အုပ်ချုပ်ရေးအပိုင်းမှာ ဘာမှ ဝင်စွက်ဖက်တာ မရှိပါဘူး။ လွှတ်တော်ထဲမှာတော့ ခင်ဗျားမြင်တွေ့တဲ့အတိုင်း တပ်မတော်အင်အားက လေးပုံတစ်ပုံ ပါပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လို နိုင်ငံမျိုးဟာ တပ်
တော်ကို ပစ်ပယ်ထားလို့ မရပါဘူး
တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အော
တည်ဆောက်တဲ့နေရာမှာ တပ်မတော်
ကလည်း အစိတ်အပိုင်းတစ်ခုက
ဝင်ပြီးတော့ ကူညီပေးတာပဲ ဖြစ်
တယ်။ တပ်မတော်က ဝင်အုပ်ချုပ်တာ
မဟုတ်ပါဘူး။

**Washington Post** ။ တပ်မတော်က ပါဝင်ရမယ်ဆိုတာ
ကျွန်မတို့ နားလည်ပါတယ်။ သို့သေ
ပြည်သူရဲ့အာဏာက လွှမ်းမိုးရမယ်
ဆိုတာ ပြောကြားလိုပါတယ်။ ပြည်သူ
ဆန္ဒရဲ့အာဏာဟာ ဘယ်အရာပေါ်မှာ
မဆို လွှမ်းမိုးနိုင်မှုရှိရပါတယ်။ ကျွန်
တို့ အမေရိကန်နိုင်ငံမှာလည်း သမ္မတ
ကြီးရဲ့အာဏာဟာ တပ်မတော်အကြီး
အကဲထက် ပိုပါတယ်။

**နိုင်ငံတော်သမ္မတ** ။ မှန်ပါတယ်။ မြန်မာနိုင်ငံမှာလည်း
အတိုင်းပါပဲ။ မြန်မာနိုင်ငံရဲ့ Cons
tution ကို ခင်ဗျား နည်းနည်းပြန်
လေ့လာပေးပါ။ Constitution အ



တပ်မတော်မှာ အကြီးအကဲဖြစ်တဲ့
ကာကွယ်ရေးဦးစီးချုပ်ကို သမ္မတက
နေ ခန့်အပ်တာ ဖြစ်ပါတယ်။

**Washington Post** ။ နောက်တစ်ခုက DPRKနဲ့ ဆက်ဆံရေး
ဖြစ်ပါတယ်။ ဟိုတလောက ရီပတ်
ဘလီကင်ပါတီရဲ့ ဆီးနိတ်တာဘလူ
ကာက DPRKနိုင်ငံရဲ့ အထောက်အပံ့
နဲ့ မြန်မာနိုင်ငံမှာ နျူကလီးယားအစီ
အစဉ်တစ်ရပ်ကို ဆောင်ရွက်နေတယ်
လို့ စွပ်စွဲပြောဆိုခဲ့ပါတယ်။ ဒါကြောင့်
သမ္မတကြီးအနေနဲ့ မြန်မာနိုင်ငံနဲ့ DPRK
တို့ တပ်မတော်ပိုင်းဆိုင်ရာ ပူးပေါင်း
ဆောင်ရွက်မှုကို ဖျက်သိမ်းဖို့များ ရှိလာ
နိုင်မလားဆိုတာ သိလိုပါတယ်။

**နိုင်ငံတော်သမ္မတ** ။ မြောက်ကိုရီးယားနိုင်ငံနဲ့ ကျွန်တော်တို့
သံတမန်ဆက်ဆံရေး ရှိပါတယ်။ ဒီ
နိုင်ငံနဲ့ သာမန် သံတမန်ဆက်ဆံရေးမှ
အပ အခြားနျူကလီးယားကိစ္စ၊ လူ
အများကြီး သေစေနိုင်တဲ့ လက်နက်
ခဲယမ်းကိစ္စတွေနဲ့ ပတ်သက်ပြီး
ဆက်ဆံတာ မရှိပါဘူး။ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



၁၃၈

အပေါ်မှာ ယုံမှားသံသယဖြစ်နေတဲ့ ကိစ္စတွေပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အပြည်ပြည်ဆိုင်ရာနယ်ပယ်မှာ နျူကလီးယားလက်နက် မပြန့်ပွားရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံဟာ မပြန့်ပွားရေးဘက်က အမြဲတမ်း ရပ်တည်ဆောင်ရွက်နေတဲ့နိုင်ငံ ဖြစ်ပါတယ်။ နောက်တစ်ခုက UN ကနေချမှတ်ထားတဲ့ Resolution နဲ့ပတ်သက်ပြီး တိကျစွာ လိုက်နာဆောင်ရွက်နေတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ အမှန်ကတော့ ဒီနျူကလီးယားကိစ္စ၊ လက်နက်ခဲယမ်းကိစ္စတွေနဲ့ပတ်သက်ပြီး မြောက်ကိုရီးယားနဲ့ အဆက်အဆံ မရှိပါဘူး။ မြောက်ကိုရီးယားနိုင်ငံကလည်း မြန်မာနိုင်ငံကို အကူအညီပေးနိုင်တဲ့နိုင်ငံမျိုး မဟုတ်ပါဘူး။ မြန်မာနိုင်ငံကလည်း နျူကလီးယားလက်နက်တို့ ဘာတို့ ထုတ်လုပ်နိုင်တဲ့အထိ ငွေကြေးပြည့်စုံတဲ့နိုင်ငံမျိုး မဟုတ်ပါဘူး။ ဒါ… အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်ပဲ ဖြစ်ပါ



တယ်။

**Washington Post** ။ ဒါဆိုရင် သမ္မတကြီးအနေနဲ့ မြန်မာနိုင်ငံကို IAEA စုံစမ်းစစ်ဆေးရေးအဖွဲ့ လာရောက်ဖို့ ခွင့်ပြုသွားမှာပါလား။

**နိုင်ငံတော်သမ္မတ** ။ ပထမအဆင့် ကျွန်တော်တို့ ဒီ IAEA ရဲ့ Additional Protocol ကို လက်မှတ်ရေးထိုးဖို့ ရှိပါတယ်။ ဒီကိစ္စကလည်း ကျွန်တော်တို့ အခုစဉ်းစားနေတဲ့ကိစ္စပါပဲ။ ဒီဟာက ကျွန်တော်တို့လွှတ်တော်တို့ ဘာတို့ကို တင်ရမယ်။ လွှတ်တော်ကို တင်ပြီးတော့ ဒီ IAEA ရဲ့ Additional Protocol ကို လက်မှတ်ထိုးပြီးမှ သာလျှင် ရှေ့ဆက်ပြီး ဆောင်ရွက်ရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။ အဲဒီ Protocol ကို ကျွန်တော်တို့ လက်မှတ်ထိုးတဲ့အဆင့်ကို မရောက်သေးပါဘူး။

**Washington Post** ။ သမ္မတကြီးအနေနဲ့ အမေရိကန်စာဖတ်သူများကို သိရှိစေလိုတဲ့အချက်များရှိရင် ပြောကြားပေးပါ။

**နိုင်ငံတော်သမ္မတ** ။ သိရှိစေချင်တဲ့ အချက်တွေကတော့ ကျွန်တော်တို့ လက်ရှိအစိုးရသစ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီစနစ်ကို ကျင့်သုံးဖို့အတွက် ပြည်သူလူထုကနေပြီးတော့ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရ ဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ်ကိုလည်း ကျွန်တော်တို့ ရောက်နေပြီဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်နေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ရှေ့ကိုပဲ ဆက်ပြီးသွားမှာဖြစ်ပါတယ်။ နောက်ကို ပြန်လှည့်စရာအကြောင်းမရှိပါဘူး။ သို့သော် မြန်မာနိုင်ငံအစိုးရအသစ်က သက်တမ်းအားဖြင့် ကိုးလလောက်ပဲ ရှိပါသေးတယ်။ ဒီမိုကရေစီအတွေ့အကြုံ အင်မတန်မှနုနယ်ပါသေးတယ်။ ဒီမိုကရေစီအလေ့အထ အင်မတန်မှ အားနည်းပါသေးတယ်။ ဒီတော့ နှစ်ပေါင်း ရာနဲ့ချီပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးလာတဲ့ အမေရိကန်နဲ့တော့ တန်းတူရည်တူ နှိုင်းယှဉ်လို့ မရသေးပါဘူး။ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးဖို့အတွက် အချက်(၂)ချက်လိုပါတယ်။ တစ်ချက်ကတော့ တိုင်း



ပြည် တည်ငြိမ်အေးချမ်းဖို့ ဖြစ်ပါတယ်။ ဒီကိစ္စကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ ထိတွေ့တာအပါအဝင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ Ethnic Groups တွေနဲ့ ငြိမ်းချမ်းရေးရဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဒုတိယအချက်ကတော့ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးဖို့အတွက် တိုင်းပြည်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူတွေဟာ အလုပ်အကိုင် အခွင့်အလမ်းတွေရမယ်၊ ကောင်းကောင်းမွန်မွန် ဝတ်နိုင်စားနိုင်မယ်၊ နေနိုင်မယ်ဆိုတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလိုအပ်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ လုပ်နေပါတယ်။ လက်ရှိအနေအထားအရ တိုင်းပြည်မှာ အလုပ်အကိုင်အခွင့်အလမ်းတွေ အင်မတန်နည်းပါးပါတယ်။ နည်းပါးတဲ့အတွက်ကြောင့် သူများတိုင်းပြည်တွေမှာ သွားပြီးအလုပ်လုပ်နေရတဲ့ ရွှေ့ပြောင်းအလုပ်သမား သုံးသန်းကျော်လောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်။ ပြည်တွင်းမှာလည်း ဆင်းရဲ
နွမ်းပါးမှုနှုန်းက ၂၆ %လောက် ရှိနေ
ပါတယ်။ ဒါတွေဟာ ဘာကြောင့်လဲ
ဆိုရင် မြန်မာနိုင်ငံကို နှစ်ပေါင်း (၂၀)
ကျော်လောက် စီးပွားရေးအရ ပိတ်ပင်
တားဆီးထားတဲ့အတွက်ကြောင့် ဖြစ်ပါ
တယ်။ ဒီတော့ စီးပွားရေးအရ ပိတ်ပင်
တားဆီးထားခြင်းဟာ မြန်မာနိုင်ငံမှာ
အလုပ်အကိုင် အခွင့်အလမ်းတွေ
ဆုံးရှုံးပြီး တိုင်းပြည်ဆင်းရဲတာ၊ နောက်
တစ်ခါ အလုပ်လက်မဲ့တွေ ပေါလာ
တာ၊ ဒါပဲ ဖြစ်ပေါ်စေပါတယ်။ ပြည်
သူလူထုကို ထိခိုက်နစ်နာစေပါတယ်။
ဒါကြောင့်မို့လို့ မြန်မာနိုင်ငံကို ဒီမို
ကရေစီစနစ် ဆက်ပြီး ကျင့်သုံးစေချင်
တယ်။ ဒီမိုကရေစီ ဆက်ပြီးရှင်သန်
ဖွံ့ဖြိုးစေချင်တယ်ဆိုလို့ရှိရင် စီးပွားရေး
အရ ပိတ်ဆို့တားဆီးထားမှုတွေကို
ဖြေလျှော့ပေးဖို့ ခင်ဗျားတို့ ဝိုင်းပြီး
ဆောင်ရွက်ပေးသင့်ပါတယ်။ ဝါရှင်
တန်ပို့စ်လို အင်မတန် အရှိန်အဝါကြီး



တဲ့ သတင်းစာကြီးကနေ ဝိုင်းပြီး ပြော
ကြားပေးသင့်ပါတယ်။

Washington Post ။ အမေရိကန် ဆီးနိတ်တာ မစ်မက်
ကောနယ်ကိုယ်တိုင်က Sanction မှာ
Active ဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါ
တယ်။ ၄င်းပင်လျှင် သမ္မတကြီးဘက်
ကို ပါနေပြီဆိုတာ သိရှိရပါတယ်။
သမ္မတကြီးကိုယ်တိုင် နိုင်ငံဖွံ့ဖြိုး
တိုးတက်ဖို့ အရေးကြီးတယ်လို့ ပြော
ကြားခဲ့ပါတယ်။ ဒါကြောင့် သမ္မတ
ကြီးအနေနဲ့ နိုင်ငံကို Privatize လုပ်
ပစ်မှာလား။ ဒါမှမဟုတ် Foreign
Investment တွေ မြန်မာနိုင်ငံကို လာဖို့
ဖိတ်ခေါ်မှာလားဆိုတာ သိလိုပါတယ်။

နိုင်ငံတော်သမ္မတ ။ မှန်ပါတယ်။ Foreign Investment
တွေကို ကျွန်တော်တို့ အမြဲတမ်း
Welcome လုပ်ထားပါတယ်။ သူတို့
တွေ လာပြီးတော့ ရင်းနှီးမြှုပ်နှံနိုင်ဖို့
ရင်းနှီးမြှုပ်နှံမှု ဥပဒေတွေကို အခက်
အခဲမရှိအောင် ပြင်ဆင်ထားပါတယ်။
သို့သော်လည်း ဒီအဖွဲ့တွေ လာပြီး

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးမြှုပ်နှံဖို့ဆိုတာ Sanction ကို ဖြေလျှော့ပေးမှ ဒီအဖွဲ့တွေက ယုံယုံ ကြည်ကြည်နဲ့ လာပြီး ရင်းနှီးမြှုပ်နှံ ကြမှာ ဖြစ်ပါတယ်။

**Washington Post ။** သို့သော် ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေး ကိုလည်း မေးမြန်းလာပါလိမ့်မယ်။

**နိုင်ငံတော်သမ္မတ ။** တိုင်းပြည် တည်ငြိမ်အေးချမ်းမှု ရှိနေ ပါတယ်။ နယ်စပ်က လက်နက်ကိုင် အဖွဲ့အစည်းတွေကလည်း အခုဆိုရင် အပစ်အခတ် ရပ်စဲနေပြီဖြစ်ပါတယ်။ တကယ်တော့ လာရောက်ပြီး ရင်းနှီး မြှုပ်နှံဖို့အတွက် အဓိကအခက်အခဲက Sanction ပိတ်ထားတဲ့ အခက်အခဲ ကြောင့်ပဲ ဖြစ်ပါတယ်။ ကျန်တဲ့အခက် အခဲ မရှိပါဘူး။

**Washington Post ။** သမ္မတကြီးအနေနဲ့ ကိုးလအတွင်းမှာ ကိစ္စရပ်များစွာ ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး မြန်မာနိုင်ငံမှာ မီဒီယာ လွတ်လပ်ခွင့်ရရှိစေဖို့ ဘယ်လိုဆောင် ရွက်သွားပါမလဲ။ အထူးသဖြင့် ၁၉၆



ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ မီဒီယာဥပဒေ၊ နောက်ပြီး ပုဂ္ဂလိက နေ့စဉ် သတင်း စာများ ထုတ်ဝေမှုကို ခွင့်ပြုလာမှာ လား သိလိုပါတယ်။ ကျွန်မရဲ့မိသားစု ဟာ ဝါရှင်တန်ပို့စ်ကို ပိုင်ဆိုင်တာ ဖြစ်တဲ့အတွက် သိလိုပါတယ်။

**နိုင်ငံတော်သမ္မတ ။** မီဒီယာနဲ့ပတ်သက်ပြီးတော့ ခင်ဗျား လည်း အခုတွေ့မှာပါ။ အရင်အစိုးရ တွေလက်ထက်နဲ့ မတူပါဘူး။ အခု ဂျာနယ်တွေမှာ ပွင့်ပွင့်လင်းလင်းနဲ့ ရေးနေကြတာပါပဲ။ သို့သော် ကျွန်တော် စောစောက ပြောခဲ့သလို ကျွန်တော်တို့ က ဒီမိုကရေစီအတွေ့အကြုံ နည်းသေး တယ်။ ဒါကြောင့် မီဒီယာပိုင်းနဲ့ ပတ်သက်ပြီး တစ်ဖက်ကလည်း လွတ် လွတ်လပ်လပ်လုပ်ဖို့၊ တစ်ဖက်ကလည်း လွတ်လပ်မှုနဲ့ တာဝန်ယူမှု၊ လွတ်လပ် မှုနဲ့ ဆင်ခြင်တုံတရား ယှဉ်တွဲကျင့်သုံး ပြီး စည်းကမ်းရှိဖို့နဲ့ တာဝန်ယူမှုရှိဖို့ ဆောင်ရွက်နေတယ်။ လွတ်လပ်မှုနဲ့ အတူ တာဝန်ယူမှု၊ တာဝန်ခံမှုလည်း

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ပါတယ်။

**Washington Post** ။ မီဒီယာ လွတ်လပ်ခွင့်ကနေပြီး
ဆင်ဆာကို ဖယ်ရှားပေးပါမည်

နိုင်ငံတော်သမ္မတ ။ လောလောဆယ်တော့ လွတ်
တွေ ပေးထားပါတယ်။ ဥပဒေ
ပြန်ဖို့ ရှိပါတယ်။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

## နောက်ပြန်လှည့်မည်မဟုတ်ဟု သမ္မတကြီးက ဝီလျမ်ဂီတ်ဂ်အားပြော

ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်နေသော ခေါင်းဆောင်များအား နောက်ပြန်လှည့်မည်မဟုတ်ဟု မိမိအား မြန်မာနိုင်ငံတော် သမ္မတကြီးက ပြောကြားခဲ့သည်ဟု နေပြည်တော်တွင် သမ္မတကြီးဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့သော ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျမ်ဟိတ်ဂ်က ရန်ကုန်မြို့တွင် သတင်းထောက်များအား ပြောသည်။

ဝီလျမ်ဟိတ်ဂ်သည် နှစ်ပေါင်း (၅၀) ကျော်အတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်သော ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော်တွင် ဗီလျမ်ဟိတ်ဂ်သည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အစရှိသော ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ရန်ကုန်မြို့တွင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးသည် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အင်န်အယ်လ်ဒီမှ ခေါင်းဆောင်များနှင့်လည်းကောင်း၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့်လည်းကောင်း၊ လူမှုအဖွဲ့အစည်းများတွင် ဦးဆောင်နေသူများနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်ဟု ဗြိတိသျှသံရုံးမှ ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။

> "သမ္မတကြီးဦးသိန်းစိန်က ရိုးဖြောင့်သူတစ်ဦး ဖြစ်တယ်လို့ ကျွန်တော် ခံယူ ယုံကြည်ပါတယ်။ ပြုပြင်ပြောင်းလဲမှုများကို စိတ်အားထက်သန်စွာ လုပ်ကိုင်လိုသူဖြစ်တယ်လို့လည်း ထင်မြင်မိပါတယ်"

ဟု ဗီလျမ်ဟိတ်ဂ်က ရန်ကုန်မြို့တွင် သတင်းထောက်များအား ပြောကြားသည်။

ဗြိတိသျှကောင်စီတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဗြိတိန်နိုင်ငံမှ သတင်းထောက်တစ်ဦးက မေးသော မေးခွန်းကို ဖြေကြားရာ၌-



> "အာရပ်ကမ္ဘာတွင် ဖြစ်ပျက်ခဲ့သော လမ်းဘေးထွက် ဆန္ဒပြမှုများကို သတိထားမိပါကြောင်း၊ ယင်းသို့ ဆူပူဆန္ဒပြမှုများမှာ နိုင်ငံရေးပြောင်းလဲမှုများကို အခြားငြိမ်းချမ်းသောနည်းဖြင့် ဖော်ဆောင်ခွင့်မရသောကြောင့် ဖြစ်ပေါ်ရသည်ဟု မိမိ ယူဆပါကြောင်း၊ အပြောင်းအလဲများကို ဖော်ဆောင်ရန် အခြားနည်းလမ်းများကို ရွေးချယ်ခွင့်မရပါက လမ်းပေါ်ထွက်ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လာမည်ဟု မိမိ မယူဆပါကြောင်း"


...ပြောကြားသွားသည်။

ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် လုပ်ကိုင်ပုံနှင့် ...ရည်ချက်လားရာ အရေးကြီးသလို အပြောင်းအလဲဖော်ဆောင် ...ည့် အမြန်နှုန်း Speed မှာလည်း အရေးပါသည်ဟု ဗီလျမ် ...တ်ဂ်က သတင်းထောက်များအား ပြောဆိုသွားသည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



# ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတ ပြောကြားသည့်မိန့်ခွန်း

နိုင်ငံတော်သမ္မတ ဦးဆောင်သော ပြည်ထောင်စုအစိုးရ၏ ၂၀၁၁-၂၀၁၂ မတ်လအတွင်း နိုင်ငံတော်အသွင် ကူးပြောင်းရေးကာလ နှစ်ပတ်လည်အစီရင်ခံစာကို ၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပသော ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ကိုယ်စားလှယ်များသို့ မိန့်ခွန်း ပြောကြားတင်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေး

(၁) တစ်နှစ်စပြည့်ကာလမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာတွေရှိသလို စိန်ခေါ်မှုတွေလည်း အများအပြား တွေ့ကြုံရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်တော်တို့အစိုးရအပေါ် သံသယရှိနေသူတွေ၊ မယုံမကြည်ဖြစ်နေသူတွေ ပြည်တွင်းမှာရော၊ ပြည်ပမှာပါ အများကြီးရှိနေတဲ့အတွက် ကျွန်တော်တို့ ကြိုးစားပြီး လုပ်ဆောင်နေပါတယ်။

(၂) ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းမှုဖြစ်စဉ်ဟာ မိဘပြည်သူများအတွက် တကယ့်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ၊ စံနမူနာသာဓကပြုဖွယ်ရာ အောင်မြင်တဲ့ ကူးပြောင်းမှုကြီးပဲ ဖြစ်ပါတယ်။ ဒီအခြေအနေကို ရောက်ရှိအောင် နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်က လူ့အဖွဲ့အစည်းတွေ၊ လွှတ်တော်အရပ်ရပ်က လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ စတုတ္ထမဏ္ဍိုင်မီဒီယာတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ တပ်မတော် စတဲ့ သက်ဆိုင်ရာ Stakeholder တွေအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဦးထမ်းပဲ့ထမ်း ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

(၃) အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေး၊ ထာဝရငြိမ်းချမ်းရေး ဆောင်ကြဉ်းရေး စတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ အလေးပေးပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်မှာ ပါဝင်သင့် ပါဝင်ထိုက်



ငံနိုင်သူတွေအားလုံး ပါဝင်ခွင့်ရရှိရေးဆိုတဲ့ All Inclusive ...cal Process ကို ကျွန်တော်တို့ ကြိုးပမ်းတည်ဆောက်ခဲ့ပါတယ်။ ဒီကနေ့ဆိုရင် ကျွန်တော်တို့ တည်ဆောက်ခဲ့တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်ဟာ သိသိသာသာ အကောင်အထည် ပေါ်လာနေပြီ ဖြစ်ပါတယ်။

(၄) အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးနဲ့ နိုင်ငံတည်ဆောက်ရေးမှာ အားလုံးပါဝင်ခွင့်ရရှိရေးအတွက် ရည်ရွယ်... ကျွန်တော်တို့အစိုးရရဲ့ (၁)နှစ်တာကာလသက်တမ်းအတွင်း ...အကျဉ်းသားပေါင်း နှစ်သောင်းရှစ်ထောင်ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပြီဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောင်းကြားဖြတ်ရွေးကောက်ပွဲမှာ အားလုံး ပါဝင်ခွင့်ရရှိရေးကို ...ပြီး ဇန်နဝါရီလအတွင်းမှာ (၂)ကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့တာလည်း ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ...နိုင်ငံတွေမှာ ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားတွေကို ... လမ်းဖွင့်ကြိုဆိုဖိတ်ခေါ်ခဲ့တာနဲ့အညီ နယ်ပယ်အသီးသီး... ရောက်ရှိနေကြတဲ့ ပြည်ပရောက် မြန်မာတွေဟာလည်း ...တက်ကြွကြွ စိတ်အားထက်သန်စွာနဲ့ တတ်နိုင်သမျှ ...န်းကူညီဆောင်ရွက်လာကြတာကိုလည်း ဝမ်းမြောက်ဖွယ် ...တွေ့ရှိရပါတယ်။

(၅) ခေတ်အဆက်ဆက်က အခွင့်အရေးတွေ တောင်းဆိုကြတဲ့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေ ပါဝင်နိုင်ဖို့ အရေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးဆုံး ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ပြည်ထောင်
နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ ဒီနိုင်ငံရေးလမ်းစဉ်မှာ တိုင်းရ
သားအားလုံး တန်းတူရည်တူ ပါဝင်ခွင့်ရရှိဖို့ မဖြစ်မ
ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ သွေး
ညီအစ်ကို တိုင်းရင်းသားတွေရဲ့ ခေတ်အဆက်ဆက် အကော
အထည် မပေါ်ခဲ့တဲ့အိပ်မက်၊ လွင့်ပြယ်ပျောက်ပျက်ခဲ့ရ
မျှော်လင့်ချက်တွေလည်း ဖြစ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖ
ထိတွေ့ဆက်ဆံမှုတွေ ကင်းဝေးပြီး အထင်အမြင်လွဲမှားခဲ့
တွေ ကျွန်တော်တို့ အစိုးရလက်ထက်မှာ အဆုံးသတ်ပေးနို
လိုပါတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှ
အစရှိတဲ့ တိုင်းရင်းသားများနည်းတူ ဗမာဆိုတာဟာလည်း ပြ
ထောင်စုကြီးထဲက တိုင်းရင်းသားလူမျိုးစုတစ်ခုပဲ ဖြစ်ပါတ
သာတူညီမျှ အခွင့်အရေးကို အားလုံး မျှဝေရရှိပြီး တန်း
ရည်တူ ဖြစ်ပေါ်လာဖို့ဆိုတဲ့ တိုင်းရင်းသားတွေရဲ့ မျှော်မှန်း
ဟာ ကျွန်တော်တို့အစိုးရရဲ့ လိုလားချက်လည်း ဖြစ်ပါတ

(၅) ဒီကနေ့မှာ အလျဉ်းသင့်လို့ တိုင်းရင်းသ
ခေါင်းဆောင်တစ်ဦး မကြာသေးခင်က ပြောခဲ့တဲ့စကား
ကျွန်တော် ပြောပြချင်ပါတယ်။ ၁၈ နှစ်၊ ၁၉ နှစ်အရွယ်ရှိ
လက်နက်ကိုင်တိုင်းရင်းသားလူငယ်တွေက ပြောကြတယ်

"ကျွန်တော်တို့လည်း လက်ပ်တော့တွေ၊ ကွန်ပျူ
တာတွေ ကိုင်ချင်တယ်"






www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့စကား ဖြစ်ပါတယ်။ ကျွန်တော် တကယ်ကိုပဲ
မကောင်း ဖြစ်ရပါတယ်။ ကျွန်တော် အခိုင်အမာ သန္နိဋ္ဌာ
ထားပါတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ ဒီလို
မရဲဖြစ်နေတဲ့ စိုးရိမ်မှုတွေ မပျောက်ပျက်အောင် ဖျောက်ပစ်
မယ်။ ကျွန်တော်တို့တိုင်းရင်းသားတွေ ခံစားနေကြရတဲ့ ခါး
တဲ့ဒုက္ခရာတွေ၊ ဆူးနစ်တဲ့အတွေ့အကြုံတွေ၊ ပျောက်ဆုံး
အိပ်မက်တွေ ကျွန်တော်တို့အားလုံး ဖြည့်ဆည်းပေးဖို့ တာ
ပါတယ်။

(၆) ကျွန်တော်တို့အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်း
ပန်းတိုင်ကို လျှောက်လှမ်းနေတဲ့ခရီးလမ်းမှာ ကျွန်တော်တို့
ပရိယာယ်တွေ မရှိပါဘူး။ ကျွန်တော်တို့ ပင်လုံစိတ်ဓာတ်
အခြေခံတဲ့ ယုံကြည်မှုနဲ့ပဲ ဆောင်ရွက်သွားမှာ ဖြစ်ပါတ
ကချင်တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ပတ်သက်ပြီး ကျွန်
ကိုယ်တိုင် တပ်မတော်ကို မိမိကိုယ်ကိုယ် ခုခံကာကွယ်
လွဲပြီး ထိုးစစ်ဆင်တိုက်ခိုက်မှုတွေမလုပ်ဖို့ ညွှန်ကြားထား
အခြေအနေမှာ ဘာဖြစ်လို့ ပစ်ခတ်တိုက်ခိုက်မှုတွေ မရပ်
တာလဲဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ တပ်မတော်ကာကွယ်
ဦးစီးချုပ်ကိုယ်တိုင် လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့
ဆက်လက်ညွှန်ကြားပြီးလည်း ဖြစ်ပါတယ်။ နိုင်ငံရေး
ဆွေးနွေးညှိနှိုင်းနိုင်ဖို့အတွက် ပထမဦးဆုံး နှစ်ဦးနှစ်ဖက် ပ
မှုတွေ ရပ်စဲဖို့လိုပါတယ်။ ဒီအတွက် ပစ်ခတ်တိုက်ခိုက်



ရပ်စဲကြမယ်ဆိုတဲ့ ခိုင်မာတဲ့အာမခံချက်၊ ကတိကဝတ်တွေ
အပြန်အလှန်ထားရှိဖို့ လိုပါတယ်။

(၇) ထာဝရငြိမ်းချမ်းရေးအတွက် အဆင့်(၃)ဆင့် ချမှတ်
ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီအဆင့်(၃)ဆင့်ဟာ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်
မယ့် နိုင်ငံတော်ရဲ့ လမ်းပြမြေပုံ ဖြစ်ပါတယ်။ ဒီလမ်းပြမြေပုံ
ကို လက်တွေ့အကောင်အထည်ဖော်ရာမှာ အခြေခံအဆောက်
အအုံတွေ၊ စီးပွားရေးအခွင့်အလမ်းတွေ၊ စက်မှုဇုန်တွေ ပြန်လည်
နေရာချထားမှုနဲ့ ပြန်လည်ထူထောင်တည်ဆောက်မှုတွေ၊ ပညာ
ရေး၊ ကျန်းမာရေး စတဲ့လူမှုအဆောက်အအုံတွေ စတဲ့ နည်းဗျူ
ဟာများစွာ ပါဝင်နေမှာ ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေး
အရိပ်အာဝါသအောက်ကို ရောက်ရှိလာတဲ့ ကျွန်တော်တို့တိုင်းရင်း
သားတွေ သိက္ခာရှိရှိ ရပ်တည်နိုင်တဲ့အထိ ကျွန်တော်တို့အစိုးရနဲ့
အတူ တိုင်းရင်းသားခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီတွေ၊
ပြည်သူ့ကိုယ်စားလှယ်တွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ
အားလုံး ပူးပေါင်းဆောင်ရွက်သွားကြဖို့၊ သေနတ်ကိုင်ခဲ့တဲ့
ကျွန်တော်တို့တိုင်းရင်းသားလူငယ်တွေ လက်ပ်တော့ကိုင်ပြီး
သည်တည်ငြိမ်ဝါ ရပ်တည်နေနိုင်ဖို့ ကျွန်တော်တို့ ရည်ရွယ်ချက်
ဖြစ်ပါတယ်။

စီးပွားရေး

(၈) ထာဝရငြိမ်းချမ်းရေးနဲ့အတူ အရေးကြီးတဲ့ ဦးစား

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



…လုပ်ငန်းစဉ်ကတော့ မြန်မာ့စီးပွားရေး ဦးမော့လာရေးပဲ …ပါတယ်။ မက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေ၊ ရေတို …ရှည်လုပ်ငန်းစဉ်တွေကို ချမှတ်ပြီး အကောင်အထည်ဖော် …ဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။ ပို့ကုန်နဲ့ဆက်စပ်တဲ့ အခွန် …တောက်တွေကိုလည်း လျှော့ချဖယ်ရှားပေးခဲ့ပါတယ်။ ခေတ် …စ်နဲ့ မကိုက်ညီတော့တဲ့ နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းထားကို …ည်း ပြင်ပအခြေအနေနဲ့အညီ ယာယီပြောင်းလဲသတ်မှတ် …ခဲ့သလို တစ်ချိန်တည်းမှာပဲ တည်ငြိမ်မှန်ကန်ပြီး နိုင်ငံတော် …နိုင်ငံသားတွေကို မထိခိုက်စေတဲ့ ငွေလဲလှယ်နှုန်းထားတစ်ရပ် …ရှည်ခိုင်ခိုင်မာမာ ထူထောင်နိုင်အောင် ပြည်တွင်းပြည်ပ …ညာရှင်များ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများနဲ့ နီးနီး …ပ်ကပ် ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ …ိုအပ်တဲ့ အပိုကုန်ကျစရိတ်ငွေ လျော့နည်းသက်သာစေအောင် …ချုပ်ရေးယန္တရားရဲ့ အတားအဆီးတွေကို ဖယ်ရှားပေးခဲ့ရာမှာ …နဲ့စပါး လွတ်လပ်စွာ တင်ပို့ခွင့်၊ စက်သုံးဆီဈေးနှုန်း၊ …ယ်လီဖုန်းဈေးနှုန်း၊ မော်တော်ကားဈေးနှုန်းတွေ သိသိသာသာ …ဆင်းလာအောင် ဆောင်ရွက်နိုင်ခဲ့ပြီ။ ဆက်လက်ပြီးလည်း …ansactional Cost တွေ လျော့နည်းကျဆင်းလာအောင် …ဆောင်ရွက်နေပါတယ်။ လက်ရှိပြည်သူအကြားမှာ စိတ်ဝင်စား… အထူးပဲမြင့်တက်နေတဲ့ မိုဘိုင်းဖုန်းကိစ္စနဲ့ပတ်သက်လို့လည်း …က်ရှိတည်ဆောက်နေမှုများ ပြီးစီးသွားပါက အပြည်ပြည်

www.burmeseclassic.com



ဆိုင်ရာ နှုန်းထားများနှင့်အညီ အကောင်းဆုံးနည်းလမ်းများရှာပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(၉) နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင် ပြောင်းလဲရာမှာလည်း လူတစ်စုလက်ဝယ်သို့ မရောက်ရှိစေရန်၊ မညီမျှမှုများ မဖြစ်ပေါ်စေရန်၊ စွမ်းရည်မြှင့်တင်မှုကို အဟန့်အတား မဖြစ်စေရန် အဘက်ဘက်က သုံးသပ်ပြီး ဆောင်ရွက်နေပါတယ်။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကတော့ လူတန်းစားတစ်ခုတည်း၊ အသိုင်းအဝိုင်းတစ်ခုတည်း တိုးတက်ကြီးပွားစေရေးမဟုတ်ဘဲ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီးတစ်ခုလုံးအတွင်းမှာရှိတဲ့ အလွှာအားလုံး လူတန်းစားအားလုံး၊ နိုင်ငံသားအားလုံး လွှမ်းခြုံပါဝင်တဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရဟာ အများပြောနေကြသလို ခေါင်းမာဂိုဏ်းနဲ့ အပျော့ဂိုဏ်းဆိုပြီး ကွဲပြားနေတာ မရှိပါဘူး။ လူတစ်ဦးချင်းစီရဲ့ ဗီဇ၊ စရိုက်၊ အမူအကျင့်တွေပေါ်မှာ မူတည်ပြီး စီမံခန့်ခွဲမှု ကွဲပြားခြားနားတာကလွဲလို့ ကျွန်တော်တို့အစိုးရရဲ့မူဝါဒကို ကျွန်တော်တို့အားလုံး မမိတ်မသုန် ယုံကြည်စွာ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ အစိုးရအနေနဲ့ ပိုမိုအားကောင်းတောင့်တင်းနေဖို့ အရေးကြီးပါတယ်။

(၁၀) ပြည်ပကြွေးမြီ ဘတ်ဂျက်လိုငွေ စတဲ့မက်ခရို စီးပွားရေးအခြေအနေအရပ်ရပ်ပေါ် မူတည်ပြီး အခြေအနေ



ပေးနိုင်တဲ့အခါ သင့်ရင်သင့်သလို လစာ၊ စရိတ်တွေကို တိုးမြှင့်ပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ အစိုးရဝန်ထမ်းအရေးအတွက်သာ စုစုပေါင်း နိုင်ငံလုံးလူဦးရေရဲ့ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိတဲ့အတွက် ကျွန်တော်တို့ဟာ ပြည်သူ့အစိုးရဖြစ်တာနဲ့အညီ အစိုးရဝန်ထမ်း မဟုတ်သော သာမန်လက်လုပ်လက်စားပြည်သူ ၉၆.၇ ရာခိုင်နှုန်းကိုလည်း ပြန်လည်ငဲ့ကွက်ဖို့ လိုပါတယ်။

(၁၁) အဆင်းရဲဆုံး LDC နိုင်ငံဘဝက ရုန်းထွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပုဂ္ဂလိက အဖွဲ့အစည်းတွေ ပူးပေါင်းပြီး ယူနီဗာဆယ် ကျန်းမာရေး အာမခံစနစ်သစ်တစ်ခု ပေါ်ထွန်းလာဖို့လည်း ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ရေရှည်ကာလမှာတော့ ညီမျှမှု Equality နဲ့ မျှတမှု Equity ဆိုတဲ့ အနေအထား(၂)ရပ်အကြားမှာ လိုက်လျောညီထွေဖြစ်စေမယ့် အခွန်ဥပဒေတစ်ရပ်ကို ခေတ်စနစ်နဲ့သာမက မိဘပြည်သူများရဲ့ ပကတိအခြေအနေအမှန်နဲ့အညီ **ဟန်ချက်ညီ** ဝင်ငွေ နိမ့်ကျတဲ့ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုး **မဖြစ်စေအောင်** ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက် ရှိပါတယ်။

ပညာရေး

(၁၂) တက္ကသိုလ်တွေ၊ စာသင်ကျောင်းတွေ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေတဲ့နေရာမှာ ခေတ်စနစ်နဲ့ညီတဲ့ သင်ရိုးညွှန်းတမ်းတွေကိုသာမက စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး

www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ဒွန်တွဲဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ကောလိပ်၊ တ
သိုလ်တိုင်းဟာ သက်ဆိုင်ရာဝန်ကြီးတွေရဲ့ ကွပ်ကဲမှု အော
ရှိနေမှာဖြစ်သော်လည်း တစ်ချိန်မှာ မိမိတက္ကသိုလ် နှင့်
အုပ်ချုပ်စီမံခန့်ခွဲပိုင်ခွင့် ရရှိအောင် ဆောင်ရွက်သွားမှာ ဖြ
တယ်။

နိုင်ငံတကာတက္ကသိုလ်ကြီးတွေနဲ့ ချိတ်ဆက်ပြီး ဆ
ဆရာမများကို အရည်အချင်း မြှင့်တင်ရမှာဖြစ်သလို စာ
ကျောင်းတွေရဲ့ အရည်အသွေးကိုလည်း စဉ်ဆက်မပြ
မြှင့်တင်ပေးသွားမှာ ဖြစ်ပါတယ်။

လာမယ့်ဘဏ္ဍာရေးနှစ်မှာ ကျန်းမာရေးကဏ္ဍမှာ ယ
ကထက် လေးဆတိုးမြှင့်သုံးစွဲပြီး ပညာရေးကဏ္ဍမှာ ယခ
ထက် နှစ်ဆ တိုးမြှင့်သုံးစွဲထားဖို့ လျာထားနေတာကိုလ
တွေ့ရှိရမှာ ဖြစ်ပါတယ်။

(၁၃) အမျိုးသားဖွံ့ဖြိုးတိုးတက်မှုဟာ Enviroment
Sustainable ဖြစ်ရပါမယ်။ Socially Sustainable ဖြစ်ရမ
Economically Sustainable ဖြစ်ရမယ်ဆိုတဲ့ အခြေခံမူဝါဒ
သုံးရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေ
ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်ပရင်းနှီးမြှုပ်နှံမှု
ပြည်ပထောက်ပံ့ကူညီမှုတွေကိုပါ ထိထိရောက်ရော
ဖြည့်ဆည်းပေးနိုင်ဖို့လည်း တံခါးဖွင့်ပြီး ဆောင်ရွက်နေပါတ
နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့လည်း မြန်မာနိုင်ငံမှာ ရင်



မှု၊ ထောက်ပံ့ကူညီမှု (၁)ဒေါ်လာပြုလုပ်တိုင်း မြန်မာနိုင်ငံ
မိုကရေစီ ရှင်သန်ခိုင်မာရေး၊ မြန်မာပြည်သူများရဲ့ အကျိုး
း တိုးတက်မြင့်မားရေးအတွက် (၁)ဒေါ်လာထည့်ဝင်ရာ
တဲ့အတွက် ဒီမိုကရေစီအသွင် ကူးပြောင်းစ ကျွန်တော်တို့
နောက်ပြန်လှည့်မကျသွားစေဖို့ အခြေအနေမှန်များကို
ကျ်ရှင်းရှင်း သိမြင်နားလည်ပြီး ကူညီဆောင်ရွက်ပေးကြဖို့
ကြားလိုပါတယ်။

(၁၄) စတုတ္ထမဏ္ဍိုင်များအနေနဲ့ ဒီမိုကရေစီကျင့်စဉ်နဲ့
လွတ်လပ်မှုနဲ့ တာဝန်ယူမှုကို မျှမျှတတ ထိန်းကျောင်း
င်ရွက်သွားနိုင်စေရန် အမျိုးသားစာနယ်ဇင်းကောင်စီကို
း ထူထောင်ဆောင်ရွက်ဖို့ စီမံနေပြီ ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ပြတ်ကျန်
ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံဟာ ခေတ်သစ်၊ စနစ်သစ်မှာ
ဘကာနဲ့ ပိုမိုပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်ရာမှာ
တော်တို့ ဘိုးဘွားဘီဘင်တွေ ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့
င်းသားအားလုံးရဲ့ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အစဉ်
အနုပညာ၊ သဘင်၊ စာပေ၊ ဂီတ၊ သုခုမ အစရှိတဲ့
တန်ဖိုးတွေ ပျောက်ပျက်မသွားစေဖို့ ကျွန်တော်တို့ တိုင်းရင်း
အားလုံးရဲ့ မြန်မာ့တန်ဖိုးမှာရှိတဲ့ ဆော့ဖ်ပါဝါကို ပိုမိုခိုင်မာ
ာင်းလာအောင် ဆောင်ရွက်ဖို့ ကြိုးပမ်းသွားကြမှာ
ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁၅) လွတ်လပ်ပြီး လူသားဂုဏ်ရည်မြင့်မားတဲ့
ကရေစီလူ့ဘောင်ကြီး ဖြစ်ပေါ်လာရေးအတွက် အခြေခံအ
ဆုံးကတော့ ဥပဒေစိုးမိုးရေးပဲ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးယန္တ
မှာ Rule of Law ရှိရပါမယ်။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်
ရာမှာလည်း Rule of Law ရှိရပါမယ်။ လူမှုဖူလုံရေးအ
လည်း Rule of Law ရှိရပါမယ်။ နိုင်ငံရေးလုပ်ငန်းစဉ်တွေ
လည်း Rule of Law ရှိရပါမယ်။ အပြည်ပြည်ဆိုင်ရာ ဆက်
ရေးမှာလည်း အလားတူရှိရပါမယ်။ တရားစီရင်ရေးမှာလ
အလားတူ ရှိရပါမယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီးတ
လုံး Rule of Law နဲ့အညီ ဆောင်ရွက်နိုင်ပြီဆိုရင် လူ့အခွင့်အ
လွတ်လပ်ခွင့်၊ ဒီမိုကရေစီဆိုတာတွေဟာလည်း အလိုအလျော
ထွန်းကားရှင်သန်လာမှာဖြစ်တဲ့အတွက် နိုင်ငံတည်ဆောက်
အဆင့်ဆင့် ခိုင်မာရေးဟာ Rule of Law အပေါ်မှာ မူတည်
ပါတယ်။ Rule of Law နဲ့ အားဖြည့်ပေးရပါမယ်။

**နိုင်ငံခြားရေး**

(၁၆) ကျွန်တော်တို့အစိုးရအနေနဲ့ သိသိသာသာ တိုး
လာတဲ့ နိုင်ငံတကာဆက်ဆံရေးမျက်နှာစာမှာ ရင်းရင်းနှီး
ပွင့်ပွင့်လင်းလင်း ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး
အဆက်ဆက် ဖြောင့်မတ်မှန်ကန်စွာ ကျင့်သုံးခဲ့တဲ့ လွတ်လ
တက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကိုပဲ ဆက်လက်ကိုင်စွဲသွ



ဖြစ်ပါတယ်။ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်မှာ အရှေ့
အနောက် ခွဲခြားခြင်းမရှိဘဲ ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ရင်းနှီးချစ်ကြည်
စွာ ဆက်ဆံသွားမှာဖြစ်သလို နိုင်ငံတကာမိသားစုရဲ့ အားပေး
ကူညီမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ၊
ထောက်ပံ့ကူညီမှုတွေကို နွေးထွေးစွာ လက်ကမ်းကြိုဆိုသွားမှာ
ဖြစ်ပါတယ်။

(၁၇) နိုင်ငံတကာရေစီးကြောင်းမှာ ဂလိုဘယ်လိုက်ဇေး
ရှင်း ရေစီးကြောင်းနဲ့ ပေါင်းစည်းနိုင်ခြင်းမရှိဘဲ နောက်ကျကျန်ရစ်
ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ အတွင်းအပြင် သင်ခန်းစာတွေ
ယူပြီး အကျိုးရှိရှိ သုံးသပ်မြော်မြင်ဆောင်ရွက်သွားနိုင်ဖို့လည်း
ဆိုပါတယ်။ လူ့အဖွဲ့အစည်းကြီးအတွင်းမှာ နစ်ဝင်နေတဲ့ အတွင်း
ဒဏ်ရာတွေကိုလည်း ပျောက်ကင်းအောင် ဆောင်ရွက်ကြရမှာ
ဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးရဲ့ လိုအင်ဆန္ဒတွေအလုံးစုံ
ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးသော်လည်း ကျွန်တော်တို့အစိုးရ
အနေနဲ့ အသက်နဲ့ခန္ဓာကိုယ် စွန့်လွှတ်ပေးဆပ်ဖို့အထိ ကတိသစ္စာ
ပြုထားကြသူများပီပီ အရိုးကျေကျေ အရေခမ်းခမ်း ကြိုးပမ်း
ဆောင်ရွက်သွားမှာဖြစ်ကြောင်း အခိုင်အမာပြောကြားရင်း နိဂုံး
ချုပ်အပ်ပါတယ်ခင်ဗျား...။

(၂-၃-၂၀၁၂)

★★★

www.burmeseclassic.com

www.burmeseclassic.com

## ခိုင်မာတဲ့ ဒီမိုကရေစီ တည်ဆောက်မည်ဟု သမ္မတကြီးဦးသိန်းစိန် သန္နိဋ္ဌာန်ချ

မြန်မာနိုင်ငံတွင် ခိုင်မာသော ဒီမိုကရေစီ တည်ဆောက်မည်ဟု သန္နိဋ္ဌာန်ချထားကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းကို ဆက်လက်ကူညီအားပေးကြရန် ပန်ကြားလိုကြောင်း စင်ကာပူနိုင်ငံသို့ အစိုးရဧည့်သည်တော်အဖြစ် (၄) ရက်ကြာခရီး ရောက်ရှိနေသော သမ္မတကြီးဦးသိန်းစိန်က စင်ကာပူအစိုးရက တည်ခင်းဧည့်ခံသည့် ညစာစားပွဲတွင် ပြောကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့နိုင်ငံမှာ ပိုပြီးကောင်းလာမယ့် အခြေအနေတွေ ဖန်တီးပေးဖို့ သမိုင်းစာမျက်နှာ သစ်တစ်ရပ် ဖွင့်လှစ်ခဲ့ပါပြီ။ ကျွန်တော်တို့ ပြည်သူတွေအတွက် ပိုပြီး တောက်ပတဲ့ အနာဂတ်ကာလတစ်ရပ် ပေးချင်ပါတယ်။ ပြည်သူတွေကို ဒီမိုကရေစီလုပ်ငန်းစဉ်မှာ ပါဝင်စေချင်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားစေချင်ပါတယ်။ ခိုင်မာတဲ့ ဒီမိုကရေစီ မြန်မာနိုင်ငံမှာ တည်ဆောက်ဖို့ ကျွန်တော် ကြိုးပမ်းအားထုတ်ပါမယ်"

ဟု သမ္မတကြီးက ပြောခဲ့သည်။

"ကျွန်တော်တို့ဟာ ဒီမိုကရေစီမှန်ကန်တဲ့ လမ်းကြောင်းပေါ်ကို ရောက်ရှိနေတာဖြစ်လို့ စိန်ခေါ်မှုတွေကို သတိထားကျော်လွှားပြီး ပန်းတိုင်ရောက်တဲ့အထိ ချီတက်သွားမှာ ဖြစ်ပါတယ်"

ဟု သမ္မတကြီးက ပြောသည်။

သမ္မတကြီးဦးသိန်းစိန်သည် စင်ကာပူဝန်ကြီးချုပ် လီ… နှင့်အတူ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ၏ သဘော… ချက် လက်မှတ်ရေးထိုးပွဲကို တက်ရောက်ခဲ့သည်။ အ… သဘောတူညီချက်အရ မြန်မာနိုင်ငံ၏ဥပဒေ၊ ဘဏ်စန…



သမ္မတကြီးဦးသိန်းစိန် ဇနီးမောင်နှံနှင့် စင်ကာပူ ဝန်ကြီးချုပ် ဇနီးမောင်နှံ

www.burmeseclassic.com



ဘဏ္ဍာရေးအခန်းကဏ္ဍများတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၌ လေ့ကျင့်မှုသင်တန်းများ အကူအညီပေးမည် ဖြစ်သည်။ အဆိုပါသဘောတူညီချက်တွင် စင်ကာပူနိုင်ငံ၏ ကုန်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလာရေးလုပ်ငန်းနှင့် မြို့ပြစီမံကိန်းလုပ်ငန်းများ အကောင်းဆုံးဆောင်ရွက်နေသည့် အတွေ့အကြုံများ မျှဝေပေးရန်လည်း ပါရှိသည်။ မြန်မာနိုင်ငံဘက်မှလည်း စင်ကာပူစီးပွားရေးလုပ်ငန်းများအတွက် ဆွဲဆောင်မှုရှိသော အခွင့်အလမ်းများပေးရန် သဘောတူခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် နှစ်ပေါင်းများစွာ ကင်းကွာနေရာမှ ယခုကဲ့သို့ ပြောင်းလဲလာသည့်အတွက် စင်ကာပူနိုင်ငံအနေနှင့် မြန်မာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးလုပ်ငန်းများ ဆက်သွယ်မှုကို ပို၍ နိုင်မာမှုအားဖြည့်ပေးသွားမည်ဖြစ်ကြောင်း စင်ကာပူသမ္မတကြီး တိုနီတန်က ပြောကြားခဲ့သည်။

★★★

## ကြားဖြတ်ရွေးကောက်ပွဲ အင်ဒိုနီးရှား သံအမတ်အင်တာပျူးနှင့်အဖြေ

၁။

အစိုးရဟောင်း ချုပ်ငြိမ်းပြီး အစိုးရသစ်သည် မြန်မာနိုင်ငံ ချုပ်ရေးယန္တရားသစ် ဖွင့်လှစ်ခဲ့၏။ အစိုးရဟောင်းကိုယ်တိုင် အထွေထွေရွေးကောက်ပွဲအား ခေတ်မီတိုးတက်သောနိုင်ငံ တည်ထောင်နိုင်ရန် အခွင့်အလမ်းများနှင့် ကျင်းပပေးခဲ့ သည်။

ဒါက မြန်မာနိုင်ငံ၏ တပ်မတော်အစဉ်အလာ ဖြစ်၏။ မတော်သည် မလွှဲမရှောင်သာ နိုင်ငံတာဝန်ယူပြီး တိုင်းနိုင်ငံ ဂတ်နှင့်လျော်ညီသည့် ပြည်သူ့ဆန္ဒအား ဖြည့်ဆည်းပေးခဲ့ သည်ချည်း။

www.burmeseclassic.com



ယခုလည်း နယကအစိုးရဟောင်းသည် မြန်မာနိုင်ငံအား ဒီမိုကရေစီစနစ် ထူထောင်နိုင်ရန် ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် အစိုးရအား သရဖူဆောင်းပေးခဲ့ပြီ။

အစိုးရသစ်သည် ပြည်သူလူထု လိုလားနှစ်သက်သည့် ဒီမိုကရေစီနိုင်ငံထူထောင်ရန် ပြောင်းလဲခြင်းတို့နှင့် ခရီးဆက်ခဲ့၏။ အစိုးရသစ်၏ ကြိုးစားမှုကြောင့် အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ရင်ကြားစေ့ဆွေးနွေးအောင်မြင်ခဲ့၏။ ပါတီမှတ်ပုံတင်ရွေးကောက်ပွဲဝင်တော့မည့် အနောက်နိုင်ငံမှ ပြောသည့် နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့၏။ ထို့အတူ ပင်စင်လစာတိုးမြှင့်ခြင်း၊ လူထုစိတ်မချမ်းမြေ့သည့် မြစ်ဆုံစီမံကိန်းအား ရပ်ဆိုင်းခြင်း စသည်တို့က ပြုပြင်ပြောင်းလဲမှုအစစ်အမှန်ပင်။ ပြောစရာမရှိ။

အစိုးရသစ်၏ ထင်သာမြင်သာသည့် ပြောင်းလဲမှုကြောင့် ပြည်တွင်းပြည်ပ၏ ထောက်ခံအားပေးမှုကို ရရှိခဲ့သည်။ ပိတ်ဆို့ရေးအား ဖြေလျှော့ခြင်းပြုလိုသည်ကိုလည်း တွေ့ရ၏။

အချို့ အချို့သော နိုင်ငံများကမူ-

"အစိုးရသစ်ရဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်လို့ ကြားဖြတ်ရွေးကောက်ပွဲ လွတ်လပ်မျှတမှုနဲ့ ရလဒ်ကို စောင့်ကြည့်ရဦးမယ်"

ဟု ဆို၏။



နိုင်ငံတော်သမ္မတကြီး
ဦးသိန်းစိန် နှင့် လာအိုနိုင်ငံ ဝန်ကြီးချုပ်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လပ်မျှတမှုနဲ့ပတ်သက်လို့ ရွေးကောက်ပွဲ လွှတ်လ
မျှတစေဖို့အတွက် ရွေးကောက်ပွဲဥပဒေကို ပြုပြင်ပေးခဲ့သ
ရွေးကောက်ပွဲဥပဒေနဲ့ မငြိစွန်းတဲ့ကိစ္စတိုင်းကို ကျွန်တော်
ကော်မရှင်က ဟန့်တားမှာမဟုတ်ပါဘူးဟု ဆိုခဲ့၏။

မှန်သည်။

ဥပဒေကို လေးစားရပါမည်။

စင်စစ် အစိုးရ၊ ပါတီများနှင့် ပြည်သူများပါ ဥပဒေ
လက်တစ်လုံးကြားမလုပ်ဖို့ လေးစားလိုက်နာဖို့ လိုပါသည်။

သို့သော် ရလဒ်သည် အဘယ်နည်း။

ဒါကို ကျွန်တော်တို့ မြန်မာပြည်သူများ နားမလည်နိုင်ပါ

သို့နှင့် အစိုးရသစ်၏ ညွှန်ကြားမှုရွေးကောက်ပွဲကော်
၏ မှန်ကန်သော ကွပ်ကဲမှုနှင့် ကြားဖြတ်ရွေးကောက်ပွဲ
ကျင်းပပြီးခဲ့ပြီ။

ကျွန်တော်တို့ပြည်သူများအတွက်မူ လွှတ်လပ်မျှတသ
ရွေးကောက်ပွဲက ပြီးခဲ့ပြီ။

ရွေးကောက်ပွဲရလဒ်သည်လည်း ကောင်းခဲ့ပြီ မဟု
လား။

* * *

April, Tuesday, 10-16, 2012

Political View

Vol-8, No.15, The Flower New မှ အင်ဒိုနီးရှားသံအ



Mr. Sebestianus Suner Sea နဲ့ တွေ့ဆုံခြင်းပင်။ မေးမြန်း
သူမှာ အောင်ထိုက်ဦး ဖြစ်သည်။

"ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်သူ
အားလုံး ပိုကောင်းတဲ့အခြေအနေကို ရောက်
သွားမယ်လို့ မြင်ပါတယ်"

ဟု ဖွင့်ဟခဲ့သည်။

သံအမတ်ကြီး ။ ဂျာနယ်လစ်တွေထဲက မေးချင်တာမေးပါ။

မေးသူ ။ လူကြီးမင်းရဲ့ လေ့လာမှုအရ ဒီရွေးကောက်ပွဲ
ဟာ လွှတ်လပ်ပြီး မျှတတယ်လို့ ထင်ပါသလား။

သံအမတ်ကြီး ။ မနက်မိုးလင်း (၆) နာရီကတည်းက မရမ်းကုန်း
ရပ်ကွက်၊ မဲရုံအမှတ်(၁)၊ (အ.လ.က-၆)
ကိုရောက်ကတည်းက အဲဒီမဲရုံမှာ လုပ်ထုံးလုပ်
နည်းတွေနဲ့အညီ လုပ်ထားတာ တွေ့ရတယ်။
မဲရုံကို အစစအရာရာ တစ်ဆင့်ပြီးတစ်ဆင့်
လုပ်ထားတဲ့နည်းတွေက စနစ်ကျတယ်။
မန္တလေးရပ်ကွက် (၁)၊ မော်လမြိုင်ပညာရေး
ကောလိပ်မှာ လူငါးဦးကို အင်တာဗျူးအဆင့်ထိ
လူတန်းစားအသီးသီး အသက်အရွယ် (၃၁)
နှစ်က (၆၈) နှစ်အထိ မေးမြန်းခဲ့တဲ့နေရာမှာ
မဲရုံကို လာဖို့ တာဝန်ရှိတယ်ဆိုတာတွေ သူတို့
ဘာကြောင့် မဲရုံကိုလာသလဲဆိုတော့ တွေ့ဆုံ

www.burmeseclassic.com

မေးမြန်းတဲ့အခါမှာ ပြည်သူပြည်သ…
တစ်ယောက်အနေနဲ့ အခွင့်အရေးတစ်ရပ်အ… ရင်ထဲခံစားပြီး လာရတယ်ဆိုတာရယ်၊ … ကရေစီရရင် အရာရာမှာ တိုးတက်လာမယ်… သူတို့ရင်ထဲ ခံစားရကြောင်းကို ပြောပါတယ်…

တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်… တစ်ဖွဲ့ကနေ ဘယ်ပါတီ၊ ဘယ်သူကို မဲပေး… လို့ ဖိအားတွေ ရှိပါသလားလို့မေးတဲ့အ… သူတို့အားလုံးက သူတို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချ… နဲ့ပဲ လာတယ်။ ဘယ်ပါတီကို မဲပေးရ… ဆိုတာ ဖိအားမရှိဘူး။ ကိုယ့်စိတ်ကြိုက် လွ… လွတ်လပ်လပ် မဲပေးရတယ်လို့ ကြားရတ…

ဒီဖြစ်စဉ်ကလေးကို ကြည့်ပြီး… အင်မတန်ကောင်းတဲ့လုပ်ကိုင်ဆောင်ရွက်… ကျင့်ကြံမှုတွေ ကောင်းပါတယ်။ ဘယ်… ဘယ်ဝါကမှ ဖိအားပေးခြင်းမရှိတဲ့အတွ… လွတ်လပ်ပြီး မျှတမှုရှိတယ်။ ကြောက်… လည်း လုံးဝမရှိဘဲနဲ့ မဲထည့်ခဲ့ရတယ်။ ဒါ… ကြည့်ခြင်းအားဖြင့် ဒီမိုကရေစီပေါ်ပေါက်… ပြည်သူပြည်သားအားလုံး အဆင်ပြေသွား… လို့ မျှော်လင့်ပါတယ်။



…သာ ။ အင်ဒိုနီးရှားမှာလုပ်တဲ့ ရွေးကောက်ပွဲမှာ ဒီမှာ လုပ်တဲ့ရွေးကောက်ပွဲ ဘာကွာလဲ။

…အမတ်ကြီး ။ မဲပုံးတွေ မဖွင့်ခင်အထိတော့ အားလုံး အတူတူ ပဲလို့ ပြောလို့ရတယ်။

…သာ ။ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်လို့ရှိရင် အာဆီယံအသိုင်းအဝိုင်းကရော၊ ဥရောပအသိုင်း အဝိုင်းကရော ဆန်ရှင်တွေ ဖယ်ရှားပေးမလား။

…အမတ်ကြီး ။ အားလုံးက ဒီဆန်ရှင်ကို ဆုတ်ခွာဖယ်ရှားပေး မယ်လို့ မျှော်လင့်ပါတယ်။

…သာ ။ ကြားဖြတ်ရွေးကောက်ပွဲအပြီးမှာ ဒေါ်အောင် ဆန်းစုကြည် လွှတ်တော်ထဲရောက်ခဲ့မယ်ဆိုရင် လွှတ်တော်ထဲမှာ ဘယ်လို ပြောင်းလဲမယ် ထင်လဲ။

…အမတ်ကြီး ။ အားလုံးတော့ တည်တည်ငြိမ်ငြိမ် ခိုင်မာလာ မယ်။ အားလုံးအခြေအနေတွေ ခိုင်မာလာမယ် လို့ မျှော်လင့်ပါတယ်။ ညီညွတ်လာမယ်၊ ခိုင်မာလာမယ်၊ တောင့်တင်းလာမယ်လို့ မျှော်လင့်ပါတယ်။

…သာ ။ ၂၀၁၀ တုန်းက အခုလို ရွေးကောက်ပွဲကို လေ့လာဖူးလား။

www.burmeseclassic.com



သံအမတ်ကြီး ။ ၂၀၁၀ တုန်းက စစ်ကိုင်းဘက်ကို ရောက်
ပါတယ်။ အားလုံးအခြေအနေ ကောင်း
တယ်။ လုံခြုံရေးကအစပေါ့လေ…အဲဒီတုန်း
က လူ (၆)ယောက်ကို ရွေးကောက်ပွဲ
ပတ်သက်လို့ မေးခွင့်ရခဲ့တယ်။ အဲဒီတုန်း
ရခဲ့တဲ့အဖြေနဲ့ အခုရခဲ့တဲ့အဖြေ နည်းနည်း
ကွာတယ်။ မြန်မာလူမျိုးတွေရဲ့ အခွင့်အ
တွေလည်း ပိုကောင်းလာမယ်။ အဲဒီအတွ
လည်း ဂုဏ်ယူပါတယ်။

မီဒီယာ ။ ကော့မှူးမြို့နယ်က ဝင်ရောက်ယှဉ်ပြိုင်
ဒေါ်အောင်ဆန်းစုကြည်အပေါ် အင်ဒိုနီးရှား
သံရုံးက လူကြီးတစ်ယောက်အနေနဲ့ ဘယ်
မြင်ပါသလဲ။

သံအမတ်ကြီး ။ သူတို့ရဲ့ ကိုယ်ကျင့်တရား၊ လူတစ်ဦးချင်း
အနေနဲ့ အခုလောလောဆယ်မှာ ဘယ်
ဝေဖန်ချက် မပေးလိုဘူး။ ပြည်သူတွေရဲ့ အ
အထားကိုကြည့်ပြီး ဒီတိုင်းပြည်ဟာ ဒီထ
ပိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။ မျှ
ပါတယ်။ မြန်မာပြည်ဟာ အဘက်ဘက်
အင်မတန်မှ ပြည့်စုံတဲ့နိုင်ငံဖြစ်တဲ့အတွ



ပိုအောင်မြင်လာမယ်။ ရေနံ၊ သဘာဝဓာတ်ငွေ့၊
စိုက်ပျိုးရေးသီးနှံ၊ ကျောက်မျက်ရတနာတွေ
အများကြီးထွက်တဲ့အတွက် ဒေါ်အောင်ဆန်း
စုကြည်အပါအဝင် ပြည်သူအားလုံး ပိုကောင်း
တဲ့အခြေအနေ ရောက်သွားမယ်လို့ မြင်ပါ
တယ်။ အားလုံး အတူတူ တွေးကြမယ်။
အားလုံး ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့
ဆုံးဖြတ်ကြမယ်ဆိုရင် အားလုံး အဆင်ပြေသွား
မှာပါ။

မီဒီယာ ။ ဒီမှာ တွေ့ရှိချက်နဲ့ပတ်သက်ပြီး လူကြီးမင်း
အနေနဲ့ ကိုယ့်နိုင်ငံ ပြန်ရောက်တဲ့အခါ
ဘာဆက်လုပ်ကိုင်ဖို့ အစီအစဉ်ရှိလဲ။

သံအမတ်ကြီး ။ အင်ဒိုနီးရှားနိုင်ငံရဲ့ အကြီးအကဲတစ်ယောက်
အနေနဲ့ သံခင်းတမန်ခင်း ပိုကောင်းလာအောင်
လုပ်ဆောင်သွားပါ့မယ်။ ဒီမှာ စီးပွားရေးအရ
ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုအားလုံး ဘဏ်စနစ်
တွေကအစ လုပ်ပေးရမယ်လို့ စိတ်ကူးထား
တယ်။ ဘာကို မျှော်လင့်စောင့်စားနေသလဲဆို
ရင် အာဆီယံအသိုင်းအဝိုင်းထဲမှာ ဆက်ဆံမှု
တွေ အများကြီးရမယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ
သီးကြားမှာ ဟာကွက်ဆိုတာရှိမနေဘဲ ဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



မှုတွေ၊ ဆက်သွယ်မှုတွေ ပိုကောင်းလာမယ်လို့
မျှော်လင့်ပါတယ်။

မီဒီယာ ။ အခု ဒီမှာ မဲရေတွက်ပုံနဲ့ပတ်သက်ပြီး ဘယ်လို
မြင်ပါသလဲ။
(ည ၇ နာရီ၊ မဲရုံတွင် မဲရေတွက်နေစဉ်
မေးခြင်းဖြစ်သည်။)

သံအမတ်ကြီး ။ အများရှေ့မှာ အခုလို မဲရေတွက်ပုံက စနစ်ကျ
ပြီး ကောင်းမွန်ပါတယ်။ ကွန်ပျူတာစနစ်နဲ့
မရေတွက်နိုင်သေးတဲ့အတွက် အခုလိုနောက်ကျ
တာ ပြဿနာ မရှိပါဘူး။

ယခု အစိုးရသစ်၏ ပြုပြင်ပြောင်းလဲမှုနှင့် ရိုးဖြော
မှန်ကန်မှုက လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပြီမဟုတ်
လား။

ဤသို့ဆိုလျှင်...

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပန်းဥယျာဉ်ကြီးသည် လှ
ဝေဖြာသင်းပျံ့နေမည်မှာ မုချပင်။

★★★

# အပိုင်း သုံး

## နောက်ဆက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်နာယကက ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။ ယင်းမှတ်တမ်းတင်ဆောင်ရွက်ချက်များကို ဧပြီ ၂၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင်လည်း ဖော်ပြပါရှိခဲ့သည်။ အဆိုပါလုပ်ငန်းစဉ်(၃)ရပ်နှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သမ္မတထံမှပေးပို့သည့် သဝဏ်လွှာမှာ အောက်ပါအတိုင်း ဖြစ်သည်-

သို့

နာယက

ပြည်ထောင်စုလွှတ်တော်

အကြောင်းအရာ။ **သဝဏ်လွှာပေးပို့ခြင်း**

ရည်ညွှန်းချက်။ နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော် နာယကက (၂၈-၃-၂၀၁၂) ရက်စွဲပါ စာအမှတ်။ ၁/ပထ(စည်းဝေး) ၉/၂၀၁၂-၂၀ ဖြင့် ပေးပို့သည့်သဝဏ်လွှာ။

၁။ နိုင်ငံတော်သမ္မတက ဆုံးဖြတ်ဆောင်ရွက်ခဲ့သော အောက်ဖော်ပြပါလုပ်ငန်းစဉ်သုံးရပ်အပေါ် ဥပဒေနှင့်ညီညွတ်မှုရှိမရှိ စစ်ဆေးသင့်ကြောင်း ရည်ညွှန်းပါသဝဏ်လွှာဖြင့် နိုင်ငံတော်သမ္မတထံ ပေးပို့လာပါသည်-

(က) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ လစဉ်ချီးမြှင့်ငွေ လျှော့ပေါ့ခံစားခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



(ခ) အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့် ပေးခြင်း၊

(ဂ) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း။

၂။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၏ လစဉ် ချီးမြှင့်ငွေ လျှော့ပေါ့ခံစားရန်ကိစ္စနှင့်စပ်လျဉ်း၍ (၃၁-၃-၂၀၁၁) ရက်တွင် နိုင်ငံတော်သမ္မတရုံး၌ ပြုလုပ်ခဲ့သော ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်း နာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနား၌ နိုင်ငံတော်၏ လက်ရှိအခြေနေ၊ ဘဏ္ဍာရေးအခြေအနေနှင့် နိုင်ငံသားများ၏ အကျိုးကို ရှေးရှုသောအားဖြင့် ခံစားခွင့်ပြုထားသော လစာ ချီးမြှင့်ငွေများကို အပြည့်အဝ ခံစားခြင်းမပြုဘဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလတွင် ခံစားခဲ့ သော ထောက်ပံ့ငွေအတိုင်းသာ ခံစားမည်ဖြစ်ကြောင်း ကတိပြု ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

အောက်ပါအချက်များအား ဆင်ခြင်သုံးသပ်နိုင်ရန် ဖော်ပြ ပါသည်-

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၏ လစဉ်ချီးမြှင့်ငွေကို လျှော့ပေါ့ခံစားခြင်းသာ ဖြစ်ပါ သည်။ စရိတ်များကိုမူ ဥပဒေပါအတိုင်း ခံစားလျက် ရှိကြပါသည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်



ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ကို ပြင်ဆင် ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း မဟုတ်ပါ။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတ အား အပ်နှင်းထားသော အုပ်ချုပ်မှုအခွင့်အာဏာအရ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

(ဂ) နိုင်ငံတော်သမ္မတ၏ ကတိကဝတ်အား ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး(၁/၂၀၁၁) တွင် သဘော တူညီချက်ရယူပြီး ဖြစ်ပါသည်။

(ဃ) ဥပမာပြုရန်အားဖြင့် နိုင်ငံတော်သမ္မတစဝ်ရွှေသိုက် လက်ထက်တွင် ဝန်ကြီးချုပ် ဦးနု ဦးဆောင်သော ဝန်ကြီးများသည် (၂၀-၁-၄၉) ရက်၌ ကျင်းပခဲ့ သော ဝန်ကြီးများ အဖွဲ့အစည်းအဝေးဆုံးဖြတ်ချက် အရ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ပြည်ထောင်စု အစိုးရ (အဖွဲ့ဝင်ဝန်ကြီးများ၏ လစာငွေများ) အက် ဥပဒေ (၁၉၄၈ ခုနှစ် အက်ဥပဒေ အမှတ်-၄) အရ သတ်မှတ်ပြဋ္ဌာန်းထားသည့် လစာ၏ ၅၀ ရာခိုင် နှုန်းကိုလည်းကောင်း၊ ပါလီမန်အတွင်းဝန်များသည် ၄၀ ရာခိုင်နှုန်းကိုလည်းကောင်း လျှော့ပေါ့ခံစားရန် ညှိနှိုင်းဆုံးဖြတ် ဆောင်ရွက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၃။ သို့ရာတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ ချီးမြှင့်ငွေလျှော့ပေါ့ခံစားသည့် နိုင်ငံတော်သမ္မတ၏ ကတိကဝတ်ပြုဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်လိုက ဆောင်ရွက်နိုင်ကြောင်း ဖော်ပြအပ်ပါသည်။

၄။ နိုင်ငံ့ဝန်ထမ်းဟောင်း အငြိမ်းစားများအား ပင်စင်လစာကို (၁-၇-၂၀၁၁) ရက်မှစ၍ တိုးမြှင့်ခံစားရန် ဆောင်ရွက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်ပါ နိုင်ငံတော်သမ္မတသို့ အပ်နှင်းထားသော အုပ်ချုပ်မှုအခွင့်အာဏာအရ ဆောင်ရွက်ခဲ့ခြင်းသည် ၄င်းတို့၏ လူမှုစီးပွားရေးဘဝအား စောင့်ရှောက်ရန် တာဝန်ရှိသည့်အလျောက် ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါသည်။ စည်းကမ်းကောင်းမွန်စွာ တာဝန်ထမ်းဆောင်ခဲ့မှုကြောင့် အငြိမ်းစားလစာခံစားခွင့်ရသော်လည်း ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်များကြောင့် အခက်အခဲကြုံလျက်ရှိသော ၄င်းပုဂ္ဂိုလ်များအား ချီးမြှင့်စောင့်ရှောက်ခြင်းသာ ဖြစ်ပါသည်။

(ခ) အငြိမ်းစားလစာတိုးမြှင့်ခံစားခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည်လည်း Civil Service Regulations နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူ၍ အမိန့်ကြော်ငြာစာထုတ်ပြန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။



(ဂ) အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့သည့် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုပြီးဖြစ်သည့် ပင်စင်လစာငွေခွင့်ပြုချက်အတွင်းမှ ပေးခဲ့ခြင်း ဖြစ်ပါသည်။

(ဃ) ချီးမြှင့်ခဲ့သည့် ငွေပမာဏအား ရှင်းလင်းထားသည့် ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ရသုံးခန့်မှန်းခြေ ငွေစာရင်းသည်လည်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

(င) ထို့ပြင် ၂၀၁၂-၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင်လည်း အဆိုပါ အငြိမ်းစားလစာ တိုးမြှင့်ခြင်းအတွက် ထည့်သွင်းရေးဆွဲထားပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ဖြစ်ပါသည်။

၅။ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ လစဉ်ချီးမြှင့်ငွေ တိုးမြှင့်ခံစား

www.burmeseclassic.com

www.burmeseclassic.com



သည့်ကိစ္စနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ထိုသို့ တိုးမြှင့်ခံစားစေခြင်းအား ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်လိုက ဆောင်ရွက်နိုင်ကြောင်း ဖော်ပြအပ်ပါသည်။

၆။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ဗဟိုအဖွဲ့အစည်းသတ်မှတ်၍ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းတောင်းခံခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြပါသည်-

(က) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေအရသော်လည်းကောင်း ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ဖွဲ့စည်းခဲ့ခြင်း မဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသည့် အုပ်ချုပ်မှုအာဏာအရ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်ဖြင့် ဖွဲ့စည်းခဲ့သည့်ကော်မရှင် ဖြစ်ပါသည်။ **(ရှင်းလင်းချက်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၁၇ တွင် ဖွဲ့စည်း**ပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတ၌ တည်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မ ၂၁၈ ပုဒ်မခွဲ(က) တွင် ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်အားလုံး

www.burmeseclassic.com



ကို နိုင်ငံတော်သမ္မတ၏အမည်ဖြင့် ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၂၁၆ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စု၏အုပ်ချုပ်မှုအာဏာသည် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။)

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသော အစိုးရသစ်လက်ထက်တွင် အမျိုးသားအကျိုးစီးပွားအတွက် ပြည်ပဖိအားများ လျော့ကျရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့အတွက် မဖြစ်မနေ လိုအပ်ချက်အရ ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

(ဂ) ကော်မရှင်ကို ဗဟိုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်း၊ ငွေကြေးသုံးစွဲရန် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ်လျာထားမှုများအား ပယ်ဖျက်ခဲ့ပြီး ဖြစ်ပါသည်။

(ဃ) ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ကို ပြည်ထောင်စုဝန်ကြီးအဆင့်နှင့် ဒုတိယဝန်ကြီးအဆင့် သတ်မှတ်ပေးထားခြင်းတို့ကိုလည်း ပယ်ဖျက်ပြီး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(င) ကော်မရှင်ကို အုပ်ချုပ်ရေးအာဏာအရ ဖွဲ့စည်း [illegible]
ရှိခြင်း၊ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံသားမျာ [illegible]
မူလအခွင့်အရေးကို ကာကွယ်ရေးနှင့် မြှင့်တင် [illegible]
တို့အတွက် မရှိမဖြစ် လိုအပ်ခြင်းတို့ကြော [illegible]
ဆက်လက်ဖွဲ့စည်းထားရှိမည်ဖြစ်ပြီး နိုင်ငံတော်သ [illegible]
ရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရန်ပုံငွေမှ ထုတ် [illegible]
သုံးစွဲသွားမည်ဖြစ်ပါသည်။ ထို့ပြင် ဥပဒေ [illegible]
အခြေခံဖွဲ့စည်းသည့် ကော်မရှင်တစ်ရပ် ဖြစ်ေ [illegible]
ရေးအတွက် ဥပဒေကြမ်းတစ်ရပ် ပြုစုရေးဆွဲ [illegible]
ရှိပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် [illegible]
ပြဋ္ဌာန်း၍ ဆက်လက်ဖွံ့ဖြိုးတိုးတက် ရေးအတွ [illegible]
ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ နိုင်ငံတော်သမ္မတအနေဖြင့် ဒီမိုကရေစီလမ်းကြောင်း [illegible]
တွင် လျှောက်လှမ်းလျက်ရှိသော မြန်မာ့လူ့ဘောင်အဖွဲ့အ [illegible]
အကျိုးစီးပွားအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်လျက် [illegible]
သည်။ အထက်ဖော်ပြပါ ပြည်ထောင်စုလွှတ်တော်က [illegible]
လာသောကိစ္စသုံးခုနှင့်စပ်လျဉ်း၍ သုံးသပ်ဆောင်ရွက်နိုင် [illegible]
သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ပုံ
သိန်းစိန်
နိုင်ငံတော်သ [illegible]




[illegible] တ်ချက်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်
[illegible] ော် နာယကထံသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံ
[illegible] ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက် ရက်စွဲဖြင့် ပြည်ထောင်စု
[illegible] အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်အချို့နှင့်စပ်လျဉ်းသည့် သဝဏ်
[illegible] လွှာတစ်စောင် ပေးပို့ခဲ့သည်။ ယင်းသဝဏ်လွှာပါကိစ္စရပ်အပေါ်
[illegible] ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်
[illegible] သဘောထားမှတ်ချက်အစီရင်ခံစာကို ၂၀၁၂ ခုနှစ်၊ မတ်လ
[illegible] ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်
[illegible] အစည်းအဝေး၌ တင်ပြ၍ ဆန္ဒရယူခဲ့ရာ ထောက်ခံဆန္ဒမဲ (၄၇၇)
[illegible] ကန့်ကွက်ဆန္ဒမဲ (၃) မဲ၊ ကြားနေဆန္ဒမဲ (၇) မဲဖြင့်
[illegible] အစီရင်ခံစာပါ သဘောထားမှတ်ချက်များကို လွှတ်တော်က
[illegible] သဘောတူကြောင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။ သို့ဖြစ်၍
[illegible] ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အစီရင်
[illegible] နှင့်စပ်လျဉ်းသည့် လွှတ်တော်၏ ဆုံးဖြတ်ချက်အား သုံးသပ်
[illegible] ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံ
[illegible] တော်သမ္မတထံ သဝဏ်လွှာပေးပို့ခဲ့ခြင်း ဖြစ်သည်။

★★★

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်သမ္မတနှင့် တိုကျိုမီဒီယာ

ဦးသိန်းစိန်- ကျွန်တော့်အနေနဲ့ ဒီဂျပန်က သတင်းအဖွဲ့တွေနဲ့ မီဒီယာအဖွဲ့တွေကို ပထမဦးဆုံး နှုတ်ဆက်ပါတယ်။ ကျန်းကျန်း မာမာရှိဖို့အတွက် ဆုမွန်ကောင်းလက်ဆောင်လည်း တောင်းပါ တယ်။ ဂျပန်နိုင်ငံကို ၂၀၀၉ ခုနှစ်တုန်းက ကျွန်တော် ဝန်ကြီး ချုပ်တာဝန် ထမ်းဆောင်နေတုန်းက တစ်ခေါက် ရောက်ဖူးပါ တယ်။ အခုလိုပဲ မဲခေါင်-အာဆီယံအစည်းအဝေးကို သာမန် အားဖြင့် ကျွန်တော် လာပြီး တက်တာဖြစ်ပါတယ်။ သို့သော် လည်းပဲ အခုတစ်ကြိမ်မှာတော့ နိုင်ငံ့အကြီးအကဲတစ်ယောက် အနေနဲ့ ဂျပန်နိုင်ငံကို မရောက်တာ (၂၈) နှစ်ရှိပါပြီ။ (၂၈) နှစ်အတွင်းမှာ လာရောက်တဲ့ခရီးစဉ်က မဲခေါင်-ဂျပန်အစည်း အဝေး လာရောက်တက်ရုံသာမကဘဲနဲ့ နှစ်နိုင်ငံရဲ့ ဆက်ဆံရေး

www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ ဂျပန်အစိုးရနဲ့ ဂျပန်ပြည်သူတွေ မြန်မာနိုင်ငံအပေါ်မှာ လိုက်လိုက်လဲလဲနဲ့ ကျွန်တော်တို့ရဲ့ ဆက်ဆံရေးမျက်နှာစာသစ်တွေကို ပြန်လည်ပြီးတော့ ဖွင့်လှစ်ဖို့အတွက် ဝိုင်းဝန်းအားပေးကြတဲ့အတွက် ကျွန်တော့်အနေနဲ့ ကျေးဇူးတင်တဲ့အကြောင်း ပထမဦးဆုံး ပဏာမပြောကြားလိုပါတယ်။

ဒီခရီးစဉ်အတွင်းမှာ ကျွန်တော်တို့မြန်မာနိုင်ငံအတွက် အခက်အခဲဖြစ်နေတဲ့ ဂျပန်ရဲ့ချေးငွေကိစ္စတွေကို အဆင်ပြေအောင် ကျွန်တော်တို့အစိုးရအနေနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီအတွက်လည်း ဂျပန်အစိုးရကို ကျွန်တော်တို့ များစွာ ကျေးဇူးတင်ပါတယ်။ ဒီချေးငွေကိစ္စကို အဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့နောက်ဆက်တွဲမှာပဲ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ODA loan တွေ၊ နောက် Japan loan တွေ၊ ဒါတွေကို အဆင်ပြေအောင် ရှေ့ကို ဆက်လက်ဆောင်ရွက်ပေးမယ့် အစီအစဉ်တွေကို ဂျပန်ဝန်ကြီးချုပ်အနေနဲ့ ပြောကြားသွားခဲ့ပါ တယ်။ ဒီအတွက်လည်း ဂျပန်အစိုးရနဲ့ ဂျပန်ပြည်သူတွေကို ကျေးဇူးအများကြီး တင်ပါတယ်။

အခုအချိန်ကစပြီးတော့ သတင်းဌာနတွေက မေးဖို့မေးထားတဲ့မေးခွန်းတွေ ရှိပါတယ်။ ဒီမေးခွန်းတွေနဲ့ပတ်သက်ပြီးတော့ တခြားလည်း တွေ့ဆုံစရာတွေရှိနေတဲ့အတွက်ကြောင့် ခပ်တိုတိုပဲ ကျွန်တော်တို့ ဖြေပါ့မယ်။ ပထမဦးဆုံး NHK ကမေးထားတဲ့မေးခွန်းသုံးခု ရှိပါတယ်။



**NHK သတင်းဌာနမှ မေးမြန်းချက်အပေါ်**
**သမ္မတကြီးဦးသိန်းစိန် ပြန်လည်ဖြေကြားချက်များ**

**ဦးသိန်းစိန်**- ပထမမေးခွန်းကတော့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးကို ဂျပန်ကနေပြီးတော့ အကူအညီပေးဖို့အတွက် ဘာတွေကို မျှော်လင့်ထားပါသလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဂျပန်နိုင်ငံကလည်း နည်းပညာနဲ့ပတ်သက်ပြီးတော့ အင်မတန်မှ တိုးတက်နေတဲ့နိုင်ငံဖြစ်ပါတယ်။ အရင်းအနှီးနဲ့ပတ်သက်ပြီးတော့ ကြွယ်ဝချမ်းသာတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဂျပန်နိုင်ငံက နည်းပညာနဲ့ အရင်းအနှီး ပံ့ပိုးနိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။

**ဦးသိန်းစိန်**- ဒုတိယမေးခွန်းကတော့ ဒီမိုကရေစီလမ်းစဉ်နဲ့ ရှေ့ကိုသွားတဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘယ်လို ပူးပေါင်းဆောင်ရွက်သွားမလဲဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့မြန်မာနိုင်ငံမှာ လူဦးရေက သန်း (၆၀) နီးပါး ရှိပါတယ်။ သန်း (၆၀) သောပြည်သူတွေအတွက် အကျိုးရှိမယ့်၊ တူညီမယ့်လုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်သွားချင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဦးသိန်းစိန်** - နောက်ဆုံး တတိယမေးခွန်းကတော့ ဒေါ်အောင် ဆန်းစုကြည်အနေနဲ့ အင်န်အယ်လ်ဒီအနေနဲ့ ကျွန်တော်တို့ ကွန်စတီကျူးရှင်းကို ပြင်ဆင်ဖို့ မျှော်မှန်းထားပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘယ်လိုများ စဉ်းစားပါသလဲ လို့မေးထားတဲ့မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်တဲ့ ဥပဒေတစ်ရပ် ထည့်သွင်းထားပါတယ်။ ဒီဥပဒေနဲ့အညီ ဆောင်ရွက်လို့ရပါတယ်။ တိုင်းရင်းသားတွေ ဖွံ့ဖြိုးတိုးတက်မှု အကျိုးအတွက် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်ရဲ့ အကျိုး အတွက် လိုအပ်တာတွေကို ဒီဥပဒေအရ ပြင်လို့ရပါတယ်လို့ ဒီမှာတော့ ဥပဒေမှာ အများရဲ့ဆန္ဒနဲ့အညီ ပြင်နိုင်ခွင့်ပေးထားပါ တယ်။

### နိပွန်တယ်လီဗေးရှင်းမှ မေးမြန်းချက်အပေါ် သမ္မတကြီးဦးသိန်းစိန် ပြန်လည်ဖြေကြားချက်များ

**ဦးသိန်းစိန်** - တတိယကတော့ နိပွန်တယ်လီဗေးရှင်းအတွက် ဖြစ်ပါတယ်။ ဒီမှာလည်း မေးခွန်းသုံးခု မေးထားပါတယ်။ မေးခွန်းတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ပြန်ပြီးတော့ ဖော် တော့မပြတော့ပါဘူး။

ပထမမေးခွန်းကို ဖြေရမယ်ဆိုရင်တော့ ကျွန်တော်တို့ တိုင်းပြည်နဲ့ ပြည်သူတွေကို အမြန်တိုးတက်စေချင်ပါတယ်။



ဆင်းရဲနွမ်းပါးမှုနှုန်းတွေကလည်း များနေတဲ့အတွက်ကြောင့် ဒါတွေကိုလည်း ကျွန်တော်တို့ လျှော့ချချင်ပါတယ်။ ဒါကြောင့် မို့လို့ ဒါတွေကို အမြန်ပြုပြင်ပြောင်းလဲသင့်တာတွေကို အချိန် မဆွဲဘဲနဲ့ အမြန်ပြုပြင်ပြောင်းလဲနေတာ ဖြစ်ပါတယ်။ အဲဒါက တော့ ပထမအချက် ဖြစ်ပါတယ်။

**ဦးသိန်းစိန်** - ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ ထားဝယ် ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်ကိစ္စ ဖြစ်ပါတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်က ကျွန်တော် တို့တစ်နိုင်ငံတည်းအတွက်သာမကပါဘူး။ အာရှနိုင်ငံအချို့အပါ အဝင် အရှေ့တောင်အာရှနိုင်ငံများအပါအဝင် ဒေသအတွက်ပါ ကျွန်တော်တို့ အကျိုးခံစားရမှာ ဖြစ်ပါတယ်။ ဒါကို မြန်မာနိုင်ငံ အစိုးရအနေနဲ့ အမြန်အကောင်အထည်ဖော်နိုင်ဖို့အတွက် ကြိုးစား နေပါတယ်။ အခုလည်း ဒီဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတွေ ပါဝင်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။

**ဦးသိန်းစိန်** - တတိယနဲ့ နောက်ဆုံးမေးခွန်းကတော့ ဒေါ်အောင် ဆန်းစုကြည် ပါလီမန်ထဲကို ရောက်လာတယ်။ ရောက်လာတဲ့ အတွက်ကြောင့် သူ့က ကျွန်တော်တို့အစိုးရအဖွဲ့မှာ ဘယ်လို အနေအထားမျိုး မျှော်လင့်ထားပါသလဲဆိုပြီးတော့ မေးထားပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဟာကတော့ ကျွန်တော်တို့ ကက်ဘိနက်အနေနဲ့တော့ သူ့ကို ကျွန်တော်တို့ ဘယ်ရာထူးပေးမယ်၊ ဘာလုပ်မယ်ဆိုပြီး ဒီလိုမျှော်လင့်လို့ မရပါဘူး။ ဒါက သူ့ရဲ့လမ်းကြောင်းကို သူမ ကိုယ်တိုင်သာ ရွေးချယ်ရမှာ ဖြစ်ပါတယ်။

**ဦးသိန်းစိန်**– ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုဝန်ကြီးတွေက လွှတ်တော်ကိုယ်စားလှယ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကျွန်တော်တို့ ဒါသင့်တော်တဲ့သူတွေကို လွှတ်တော်ကို အတည်ပြုပြီးမှ ကျွန်တော်တို့ ရွေးချယ်ပါတယ်။ အကယ်၍များ လွှတ်တော်ကိုယ်စားလှယ်ဖြစ်တယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်ကနေ ထွက်ရပါတယ်။

**ဦးသိန်းစိန်**– အဲဒီလွှတ်တော်ကိုယ်စားလှယ်က ထွက်ရသည့်အပြင် ပါတီကနေဝင်ပြီးတော့ အရွေးခံတယ်ဆိုရင်လည်း ပါတီလုပ်ငန်းတွေကို ကျွန်တော်တို့ ဆက်ပြီးတော့ လုပ်လို့မရပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကန့်သတ်ထားတာ ဖြစ်ပါတယ်။

**ဦးသိန်းစိန်**– ဒါကြောင့်မို့လို့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လွှတ်တော်ထဲမှာနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ သူ့ရဲ့ အင်န်အယ်လ်ဒီပါတီအရေးကိစ္စတွေကိုပဲ ဆောင်ရွက်မလား။ ဒါမှမဟုတ် ခုနကလို ကက်ဘိနက် (အစိုးရအဖွဲ့) ထဲကို ရောက်လာဖို့ ကြိုးစားမလားဆိုတာကတော့ သူ့ရဲ့ဆန္ဒပဲ ဖြစ်ပါတယ်။



## နီကေးရှင်ဘွန်းသတင်းစာမှ မေးမြန်းချက်အပေါ် သမ္မတကြီး ဦးသိန်းစိန် ပြန်လည်ဖြေကြားချက်များ

**ဦးသိန်းစိန်**– နောက်တစ်ခုကတော့ 'နီကေး' က မေးခွန်းသုံးခု ဖြစ်ပါတယ်။

ပထမမေးခွန်းကတော့ နျူကလီးယား Power Plant နဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံက ဒါကို အစီအစဉ်ရှိပါသလား။ လျှပ်စစ်ဓာတ်အားတွေလည်း လိုနေတယ်။ လိုနေတဲ့အတွက် ဒါကို အစီအစဉ်ရှိပါသလားဆိုပြီးတော့ မေးတဲ့မေးခွန်း ဖြစ်ပါတယ်။

Nuclear Plant နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့မှာ အစီအစဉ် မရှိပါဘူး။ လျှပ်စစ်ဓာတ်အားတွေရဖို့အတွက် အခြားနည်းလမ်းနဲ့ပဲ ကြိုးပမ်းပြီးတော့ ဆောင်ရွက်သွားမှာပါ။

ဒုတိယမေးခွန်းကတော့ အခုနက ကျွန်တော် ဖြေတာနဲ့ ဆက်စပ်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အခုနကလို အစိုးရအဖွဲ့ဝန်ကြီးမှာ အခုနကလို ရောက်လာနိုင်သလားဆိုတဲ့ ကိစ္စပါပဲ။ ဒါကတော့ စောစောက ကျွန်တော် ဖြေသလိုပဲ သူ့အပေါ်မှာ မူတည်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီအပြည်ပြည်ဆိုင်

www.burmeseclassic.com




ရာ မီဒီယာတွေနဲ့ပတ်သက်ပြီးတော့ ဒီနိုကေးက မြန်မာနိုင်ငံမှာ အမြဲတမ်း ဗျူရိုအနေနဲ့ထားဖို့အတွက် ဒါကို ကျွန်တော်တို့အကြံ ဉာဏ်တောင်းတာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ တဖြည်းဖြည်း၊ ကျွန်တော်တို့ရဲ့ မီဒီယာအဆင့်အတန်း မြင့်တက် လာတာနဲ့အမျှ၊ ပြည်သူတွေရဲ့ ဒီမိုကရေစီအဆင့်အတန်း မြင့်တက်လာတာနဲ့အမျှ ဒီသတင်းဌာနတွေက ဘာပဲဖြစ်ဖြစ် လွတ်လွတ်လပ်လပ်နဲ့ ပွင့်ပွင့်လင်းလင်းနဲ့ ကျွန်တော်တို့ ဆက်ဆံ ပြီးတော့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ တတိယမေးခွန်းကတော့ ဖြစ်နိုင်ခြေရှိပါ တယ်။

ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲရောက်လာမယ်။ ရောက်လာတဲ့အခါမှာ သူနဲ့ပူးပေါင်းပြီး ကျွန်တော်တို့ ဘယ်လို ဆောင်ရွက်မလဲ။ နောက် ခုနတုန်းကလို သူ့ကို ဘယ်လိုများ မျှော်လင့်မလဲဆိုပြီး ပါလီမန်ထဲမှာ မေးထားတာ ရှိပါတယ်။

ဒီလိုမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပါလီမန် မှာ အတိုက်အခံပါတီဆိုတာ မရှိပါဘူး။ သူမ ပါဝင်လာတာ ဟာ ခုနကလို ဆွေးနွေးပြောဆိုတာတွေ၊ မေးခွန်းတွေ မေးခွင့် ရှိပါတယ်။ အဆိုတွေ၊ တင်သွင်းခွင့်တွေ ရှိပါတယ်။ ပိုမိုပြီး တော့ တိုင်းပြည်အတွက် အကျိုးပြုနိုင်တဲ့ဟာတွေ ပိုမိုပြီးတော့ သွက်သွက်လက်လက်နဲ့ ပါလီမန်ကြီးက ကျွန်တော်တို့ အသက် ဝင်လှုပ်ရှားလာမယ်လို့ ကျွန်တော့်အနေနဲ့ ဒီလိုထင်မြင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တချို့က ဒီလိုလုပ်ဆောင်နေတာတွေကို မယုံကြည်သူတွေ၊ အားမပေးသူတွေ ရှိနိုင်ပါသလား။ ဒါတွေနဲ့ပတ်သက်ပြီး ဘယ်လိုလက်တွဲဆောင်ရွက်သွားမလဲဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မျှော်မှန်းထားတာက နောက်ပြန်သွားဖို့အစီအစဉ် မရှိပါဘူး။ ဒီမိုကရေစီဆက်ပြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားဖို့ပဲ ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ လူအမျိုးမျိုး ရှိပါတယ်။ အယူအဆအမျိုးမျိုးလည်း ရှိပါတယ်။ ဆန့်ကျင်ဘက်သဘောထားရှိတဲ့သူတွေကိုလည်း သဘောထားချင်း တူညီလာအောင် တိုင်းပြည်အတွက် မတူညီတာတွေကို အသာထားပြီး တိုင်းပြည်အတွက် တူညီတာတွေ ပူးပေါင်းပြီးလုပ်ဖို့ ရှိပါတယ်။ ဒါ့ကြောင့်လည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံညှိနှိုင်းခဲ့တာ ဖြစ်ပါတယ်။

စက်ရုံတွေ ပေါ်ပေါက်လာရင် လူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာမှာပါ။ အလုပ်အကိုင်အခွင့်အလမ်းတွေရလာတဲ့အခါ ဝင်ငွေတွေရရှိမှာဖြစ်တဲ့အတွက် ဆင်းရဲနွမ်းပါးမှု သက်သာသွားမှာ ဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်နေပါတယ်။ ဆန်ရှင်ရုပ်သိမ်းဖို့နဲ့ပတ်သက်ပြီး အာဆီယံနိုင်ငံတွေက ဝိုင်းဝန်းတောင်းဆိုပေးနေပါတယ်။ ဂျပန်နိုင်ငံကလည်း ဝိုင်းဝန်းတောင်းဆိုပေးမယ်လို့ မျှော်လင့်ထားပါတယ်။



**ဦးသိန်းစိန်**– တတိယမေးခွန်းနဲ့ နောက်ဆုံးမေးခွန်းကတော့ လက်ရှိမြန်မာအစိုးရက ဒီမိုကရေစီစနစ်ကို နောက်ပြန်သွားမလားဆိုပြီး ပြည်သူတွေက စိုးရိမ်နေကြတဲ့အပေါ် ဘယ်လိုမြင်ပါသလဲဆိုတဲ့မေးခွန်းပါ။ ကျွန်တော့်အနေနဲ့ရော၊ ကျွန်တော့်အစိုးရအနေနဲ့ရော နိုင်ငံသားအားလုံးကို ဘယ်သူ့ကိုမဆို ရန်သူရယ်လို့ သဘောထားတာ မရှိပါဘူး။ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် ကျွန်တော်တို့ လွတ်လပ်ရေးစရကတည်းက လက်နက်ကိုင်ပြီးတော့ အစိုးရကို ဆန့်ကျင်လာခဲ့တဲ့ လက်နက်ကိုင်လူမျိုးစုတွေကိုတောင်မှ ဒီကနေ့ ငြိမ်းချမ်းရေးရအောင် တည်ဆောက်နေပါတယ်။

## ယူမီယူရီရှင်ဘွန်းသတင်းစာမှ မေးမြန်းချက်အပေါ် သမ္မတကြီးဦးသိန်းစိန်၏ ပြန်လည်ဖြေကြားချက်များ

**ဦးသိန်းစိန်**– နောက်တစ်ဖွဲ့ကတော့ ယူမီယူရီရှင်ဘွန်း ဖြစ်ပါတယ်။ ဒီအဖွဲ့ကလည်း မေးထားတာ မေးခွန်းသုံးခု ရှိပါတယ်။ ပထမမေးခွန်းနဲ့ပတ်သက်ပြီး အတိုချုံးပြောရမယ်ဆိုရင် Ethnic Minority Group တွေနဲ့ပတ်သက်လို့ Arms Group တွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘယ်လိုလုပ်နေတယ်၊ ဆောင်ရွက်နေတယ်ဆိုတာနဲ့ပတ်သက်ပြီးတော့ သိချင်တဲ့သဘောဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဆီမှာ တိုင်းရင်းသားလူမျိုးပေါင်းကတော့ တစ်ရာကျော်လောက် ရှိပါတယ်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း လက်နက်ကိုင်ပြီးတော့ အစိုးရကို ဆန့်ကျင်နေတဲ့အဖွဲ့၊ လူမျိုးစုအဖွဲ့ကတော့ (၁၁) ဖွဲ့ရှိပါတယ်။

**ဦးသိန်းစိန်** - ကျွန်တော်တို့ အစိုးရတက်လာပြီး တစ်လ၊ နှစ်လအတွင်းမှာပဲ ကျွန်တော်တို့ ဒီလူနည်းစုလက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ ကမ်းလှမ်းခဲ့ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့ အဆင့်နှစ်ဆင့်နဲ့ လုပ်ပါတယ်။ ပထမအဆင့်ကတော့ သူတို့တွေရှိနေတဲ့ ပြည်နယ်အဆင့်နဲ့ တိုက်တာခိုက်တာတွေ ရပ်စဲအောင် ကျွန်တော်တို့ လုပ်ပါတယ်။ ဒုတိယအဆင့်ကတော့ အခုအစိုးရကနေ ဖွဲ့ပေးတဲ့အဆင့်နဲ့ နိုင်ငံရေးအရ ဆွေးနွေးမှုတွေ လုပ်ပါတယ်။

**ဦးသိန်းစိန်** - အဲဒီတော့ လက်ရှိအခြေအနေမှာ ဒီ (၁၁) ဖွဲ့နဲ့ ကျွန်တော်တို့ ဆက်သွယ်ဆောင်ရွက်တဲ့နေရာမှာ မြန်မာနိုင်ငံမြောက်ပိုင်းမှာ ကျွန်တော်တို့တစ်ဖွဲ့တည်းပဲ နည်းနည်းကျန်နေပါတယ်။ ကျန်တဲ့ (၁၀) ဖွဲ့နဲ့က ကျွန်တော်တို့အားလုံး နားလည်မှုတွေ၊ ထိတွေ့မှုတွေ၊ ဆက်ဆံမှုတွေ ဒါတွေ ကျွန်တော်တို့ ရှိနေပါပြီ။ အဲဒီတော့ မြန်မာနိုင်ငံ ဒီကနေ့တော့ ပစ်ခတ်တိုက်ခိုက်မှုတွေ မရှိဘဲ၊ ရာနှုန်းပြည့်နီးပါး ကျွန်တော်တို့ ငြိမ်းချမ်းလျက်ရှိနေပါပြီ။



**ဦးသိန်းစိန်** - ဒုတိယအချက်ကတော့ ၂၀၁၅ မှာ Asean AEC အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အစိုးရရဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ အစီအမံတွေ၊ မဟာဗျူဟာကျသော အစီအစဉ်တွေ၊ ဒါတွေ၊ ဘယ်လိုတွေ ကျွန်တော်တို့ လုပ်နေတယ်။ နောက်တစ်ခါ ကျွန်တော်တို့ရဲ့ ဂျီဒီပီ၊ နောက်တစ်ခါ ကျွန်တော်တို့ရဲ့ Trade Volume ကျွန်တော်တို့ရဲ့ အက်ဖ်ဒီအိုင် စသည်အားဖြင့်ပေါ့။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ခြုံပြီးတော့ ဖြေရမယ်ဆိုရင် ဒီ AEC အတွက် ကျွန်တော်တို့မှာ Special Plan တွေ ချထားပြီးဖြစ်ပါတယ်။ Special Plan ရှိပြီး ဖြစ်ပါတယ်။ ကျန်တဲ့ဂျီဒီပီ တိုးတက်တဲ့ကိစ္စတွေ Trade Volume တိုးတက်တဲ့ကိစ္စတွေ၊ FDI တိုးတက်တဲ့ကိစ္စတွေ ဒါတွေကလည်း ခုနလို Action Plan နဲ့ လိုက်လျောညီထွေဖြစ်အောင် လက်တွေ့ဆောင်ရွက်နေပါတယ်။

**ဦးသိန်းစိန်** - တတိယမေးခွန်းနဲ့ နောက်ဆုံးမေးခွန်းကတော့ ကက်ဘိနက်ထဲမှာ ခုနကလို ပြုပြင်ပြောင်းလဲလိုတဲ့ နောက်တစ်ခါ Hard Liner တွေနဲ့ ဒါတွေရှိနေတယ်လို့ သိရပါတယ်။ ဒါတွေဟာ Hard Liner တွေဟာ ဒါတွေအတွက် ခုနကလို ဆန့်ကျင်နေရသလဲဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ထင်မြင်ချက်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကက်ဘိနက်ထဲမှာ ရှိတဲ့ Member တွေက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ညီညီ

www.burmeseclassic.com

www.burmeseclassic.com



ညွှတ်ညွှတ်နဲ့ လက်တွဲဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ တခြားနိုင်ငံတွေက ထင်မြင်ချက်ပေးတာပဲ ဖြစ်ပါတယ်။

**မန်နီချေးသတင်းစာမှ မေးမြန်းချက်အပေါ်**
**သမ္မတကြီးဦးသိန်းစိန် ပြန်လည်ဖြေကြားချက်များ**

**ဦးသိန်းစိန်**– နောက်သတင်းဌာနတစ်ခုကတော့ မန်နီချေးသတင်းစာဌာနမှ ဖြစ်ပါတယ်။ သူကလည်း မေးခွန်းသုံးခု မေးထားပါတယ်။

ပထမမေးခွန်းကတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်ဖို့အနေနဲ့ လိုအပ်ပါလားဆိုတာကို လိုအပ် တယ်လို့ ထင်ပါသလားဆိုတဲ့ မေးခွန်းပေါ့။ နောက်တစ်ခုက တော့ တပ်မတော်အပိုင်းကို ဒီပါလီမန်ထဲမှာ ပါဝင်ခွင့်နဲ့ပတ် သက်လို့ ခုနကလို ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဖို့အတွက် ဘယ်လိုထင်မြင်သလဲဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။

ပထမဆုံး မေးခွန်းနဲ့ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ပြင်နိုင်တဲ့ လုပ်ထုံးလုပ်နည်းတွေ ဖော်ပြထား ဖြစ်ပါတယ်။ ဥပမာတစ်ခုအနေနဲ့ ပါပြီးသားဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်မယ်ဆိုရင်လည်း ဥပဒေနဲ့ ပါ မန်အများစုရဲ့ ဆန္ဒနဲ့မှ ပြင်နိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက တပ်မတော်ပါလီမန်ထဲမှာ ရှိနေတာနဲ့ပတ်သက်ပြီးတော့ ဒီဟာ ကလည်း ပြည်သူတွေရဲ့ဆန္ဒအတိုင်းပဲ ဖြစ်မှာပါ။



**သိန်းစိန်**– ဒုတိယမေးခွန်းကတော့ နိုင်ငံပြုပြင်ပြောင်းလဲရေး မှုတွေမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘယ်လိုပူးပေါင်း ဆောင်ရွက်မလဲဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ အဲဒီတော့ အခု ည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံတာတွေ ရှိနေပါပြီ။ ညီတဲ့အချက်တွေကို အသာထားပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက် တွက် တူညီတဲ့အချက်တွေကို ပူးပေါင်းဆောင်ရွက်မယ်ဆိုပြီး ာ့ ဒီလိုလည်း ညှိနှိုင်းမှုတွေ ရရှိထားပါတယ်။

**သိန်းစိန်**– တတိယမေးခွန်းကတော့ ကျွန်တော်တို့ လောလော ည် တိုင်းပြည်ကို ပြုပြင်ပြောင်းလဲဖို့လုပ်ငန်းတွေနဲ့ပတ်သက် ဘယ်လိုအခက်အခဲရှိမလဲ၊ ဘာတွေလုပ်မလဲ၊ နောက်တစ်ခု ဒီမှာ ဆန့်ကျင်နေတဲ့သူတွေ Reform လုပ်တာကို မကြိုက် သူတွေ၊ ဒါတွေနဲ့ပတ်သက်ပြီးတော့ ရှေ့ဆက်လက်တွဲသွားဖို့ ခွန်းတွေ ဖြစ်ပါတယ်။

**သိန်းစိန်**– စီးပွားရေးနဲ့ပတ်သက်ပြီးတော့ ပြောင်းလဲမှုမှာလည်း င်း ၂ ပိုင်း ရှိပါတယ်။ ပထမတစ်ပိုင်းကတော့ စားနပ် ုလုံလောက်ရေးအတွက် ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ့ ကမ္ဘာ့လူဦးရေကလည်း သန်း ခုနစ်ထောင်လောက် ပြီဖြစ်ပါတယ်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းက စားရေးနဲ့ပတ် ပြီး လုံခြုံမှုအတွက်ကို အားလုံး ကျွန်တော်တို့ စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



လာကြပါပြီ။ ကျွန်တော်တို့နိုင်ငံကလည်း လူဦးရေ သန်း ... လောက်ရှိပါတယ်။ နောက် ကျွန်တော်တို့ အနှစ် ၂၀၊ ... နှစ်ဆိုရင် သန်း ၁၀၀ လောက် ဖြစ်လာမှာပါ။ ဒါ့ကြော ... စားနပ်ရိက္ခာ ဖူလုံရေးနဲ့ပတ်သက်ပြီး စိုက်ပျိုးရေးကဏ္ဍကို ... တိုးတက်နိုင်အောင် ကျွန်တော်တို့ပြုပြင်ပြောင်းလဲပြီး ဆောင်ရွ... နေပါတယ်။

**ဦးသိန်းစိန်–** ဒုတိယအချက်အနေနဲ့ကတော့ စီးပွားရေးပိုင်း... ကျွန်တော်တို့ စိုက်ပျိုးရေးကို ဘယ်လောက်ပဲ ကြိုးစားလဲ၊ အ... အနီးတွေ ကျွန်တော်တို့ လိုအပ်ပါတယ်။ နောက်တစ်ခါ ... ပညာပိုင်းတွေ လိုအပ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်... လိုအပ်ပါတယ်။

**ဦးသိန်းစိန်–** ဂျပန်နိုင်ငံနဲ့ နှိုင်းယှဉ်ရမယ်ဆိုရင် ဂျပန်နိုင်ငံ... ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံပါ။ ဒါပေမယ့် ဂျ... သဘာဝအရင်းအမြစ်က မယ်မယ်ရရ မရှိပါဘူး။ သို့... လည်း ခုနကလို အရင်းအနှီးတွေ ရှိတယ်၊ နည်းပညာ... ရှိတယ်၊ လူ့သားစွမ်းအင်တွေ ရှိတယ်။ ဒါကြောင့်မို့ ချမ်း... ကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်တို့... ဒီတိုင်း ပြုပြင်ပြောင်းလဲဖို့အတွက် ကြိုးစားဆောင်ရွက်... တယ်။



...သိန်းစိန်– ကျွန်တော်တို့ နောက်ဆုံးအနေနဲ့ ဂျပန်လူမျိုးတွေနဲ့ ...မာလူမျိုးတွေက ယဉ်ကျေးမှုဓလေ့စရိုက်တွေလည်း တူညီ...တယ်။ အဲဒီတော့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ...များတို့လို သတင်းဌာနတွေ၊ မီဒီယာတွေရဲ့အကူအညီလည်း ...န်တော်တို့ များစွာ လိုအပ်ပါတယ်။

...သိန်းစိန်– မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဂျပန်က ...ွားရေးလုပ်ငန်းရှင်တွေ မြန်မာနိုင်ငံမှာ သွားရောက်ပြီးတော့ ...နှံဖို့၊ နောက်တစ်ခါ မြန်မာနိုင်ငံက လူ့စွမ်းအားအရင်းအမြစ် ... မြင့်တင်ဖို့အတွက် ပညာရေး၊ ကျန်းမာရေး ဒီအကူအညီ ... ပိုင်းဝန်းပြီးပေးကြဖို့အတွက် ခင်ဗျားတို့မီဒီယာတွေအပိုင်း ...လည်း တိုက်တွန်းပေးစေလိုပါတယ်။

...သိန်းစိန်– နောင်ဆိုလို့ရှိရင် ခင်ဗျားတို့သတင်းဌာနတွေကို ...ည်း မြန်မာနိုင်ငံကို ကျွန်တော်တို့ ဖိတ်မှာပါ။

ပြည်တွင်းသတင်းစာဆရာများမှ မေးမြန်းချက်အပေါ်
သမ္မတကြီးဦးသိန်းစိန်၏ ပြန်လည်ဖြေကြားချက်

...ိုက်– ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ ...ပ်ပြီးတော့မှ ဆန့်ကျင်နဲ့ပတ်သက်တဲ့ အမေရိကန်ပြည် ...င်စုနဲ့ အီးယူကနေ လျှော့ပေါ့ပေးတာတွေ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



Suspension လုပ်မယ်လို့ပြောပါတယ်။ ကျွန်တော်တို့ ဖြ
ပြောင်းလဲတဲ့ကိစ္စနဲ့ ပြန်ပြီးတော့ တုံ့ပြန်တဲ့ဟာက ကျွန်တော်
လုံလောက်တဲ့ တုံ့ပြန်မှုတစ်ခုလို့ သမ္မတကြီးအနေနဲ့ မြင်
သလား။ ဒီလိုတုံ့ပြန်တဲ့ဟာကတော့ ကြိုးစားမှုနဲ့ ပြန်ရယူအ
ကို ဘယ်လိုမြင်ပါသလဲ။ ဒီဆန်ရှင်တွေအကုန်လုံး အနာဂ
ကာလမှာ အပြည့်အဝ ရုပ်သိမ်းမယ်လို့ မျှော်လင့်ပါသလား
အဲဒါလေးကို သိချင်ပါတယ်။

**ဦးသိန်းစိန်–** ဒီဆန်ရှင်ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်
ဒါစီးပွားရေးပိတ်ဆို့တားဆီးထားတာတွေက အစိုးရကို မ
ပါဘူး။ ပြည်သူလူထုတွေကို ထိခိုက်တဲ့ကိစ္စ ဖြစ်ပါတယ
(၁၀) ခုပိတ်ထားတယ်ဆိုရင် တစ်ခု ဖွင့်ပေးလိုက်ရင် တ
အလျောက် မြန်မာနိုင်ငံမှာ အကျိုးရှိပါတယ်။ ဝက်အူရစ်တ
လျှော့ပေးလိုက်ရင် တစ်ရစ်အတွက် မြန်မာနိုင်ငံမှာ အကျိ
ပါတယ်။ ကျွန်တော်တို့ကတော့ ဒါတွေကို အားလုံးဖွင့်ပေ
အတွက် မျှော်မှန်းပါတယ်။ လိုလားပါတယ်။ သို့သော်လည်
သူတို့ရဲ့သဘောထားအပေါ်မှာလည်း များစွာ မူတည်ပါတယ



ဂျပန်သတင်းဌာနများ၏ မေးမြန်းချက်အပေါ်
သမ္မတကြီးဦးသိန်းစိန်၏ ပြန်လည်ဖြေကြားချက်

**ဦးသိန်းစိန်–** အခုဆိုလို့ရှိရင် အမေရိကန်နိုင်ငံက ကျွန်တော်တို့ သံအမတ်ကြီးအဆင့် အဆက်ဖြတ်ထားတာ အနှစ် (၂၀) ကျော် ရှိပါပြီ။ ဒါကို သံအမတ်ကြီး ပြန်လည်ခန့်ပေးဖို့ဆိုပြီးတော့ ဒီလို ကျွန်တော်တို့ ကြေညာလာပါတယ်။ ဒီအတွက် မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိစေပါတယ်။ နောက်တစ်ခု ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီးတော့ ဒေါ်လာငွေကြေးအပေါ်မှာ သူတို့ ထိန်းချုပ်မှုတွေ ဟိုတုန်းက ရှိနေပါတယ်။ ဒီဟာတွေကို ဖြေလျှော့ပေးလိုက်တဲ့အတွက်ကြောင့် အကယ်၍ ဒီဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကျွန်တော်တို့အတွက်ရော၊ ဂျပန်နိုင်ငံအတွက်ရော ဒီလို ဆောင်ရွက်ပေးတဲ့အတွက်ကြောင့် အများကြီး အကျိုးရှိစေပါတယ်။

**ဦးသိန်းစိန်–** အီးယူဆိုလည်း အလားတူပါပဲ။ ဖြေလျှော့ပေးမှုတွေ ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။

**ဂျပန်သတင်းဌာနတစ်ခု–** ဒေါ်အောင်ဆန်းစုကြည်ဟာ လွှတ်တော်ထဲမှာ ဝင်ရောက်ဖို့ကိစ္စနဲ့ပတ်သက်ပြီးတော့ အချို့သော ကိစ္စရပ်များနဲ့ပတ်သက်ပြီးတော့ ဝင်ရောက်လို့မရနိုင်ဘူးဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမျိုး ဖြစ်ပေါ်နေပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ သူ့အနေနဲ့ ဘယ်အချိန်မှာ ဘယ်တော့ တကယ့်ကို လက်တွေ့ကျကျ လွှတ်တော်ထဲကို ဝင်လာနိုင်ပါ့မလား။ လွှတ်တော် အစည်းအဝေးမှာ တက်ရောက်နိုင်ပါ့မလဲ။

**ဦးသိန်းစိန်**– ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲဝင်မလာတာ သူ့ရဲ့သဘောဆန္ဒပဲ ဖြစ်ပါတယ်။ လွှတ်တော်ကြီးကတော့ သူ့ကို ကြိုဆိုနေပါတယ်။

★★★

## ကုလသမဂ္ဂ အထွေထွေအတွေးရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ လွှတ်တော်မိန့်ခွန်း

ကုလသမဂ္ဂ အတွင်းရေးမှူး မစ္စတာဘန်ကီမွန်းသည် နေပြည်တော်သို့ ၂၀၁၂ ၊ ဧပြီ ၂၉ ရက်တွင် ရောက်ရှိလာခဲ့တာ ၂၀၁၂၊ ဧပြီ ၃၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးနှင့် ည်းကောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံကာ ပြည်ထောင်စုလွှတ်တော်တွင် ထူးခြားသာမိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

နေပြည်တော် ၂၀၁၂ ခုနှစ်၊ ဧပြီ ၃၀ ရက်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်ခင်ဗျား၊

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခင်ဗျား၊

ဂုဏ်သရေရှိလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်သူပြည်သားတို့ခင်ဗျား…

မင်္ဂလာပါ…

ယခုကျင်းပသော ပြည်ထောင်စုလွှတ်တော် အထူး
အစည်းအဝေးကြီးမှာ ယခုလို ပါဝင်တက်ရောက်ခွင့်ရသည်မှာ
ကျွန်တော့်အတွက် အထူးအခွင့်အရေးပင် ဖြစ်ပါသည်။ ဤ
မြင့်မြတ်သော အစည်းအဝေးကြီးမှာ မိန့်ခွန်းပြောကြားခွင့်ရသော
ပထမဆုံး ဧည့်သည်ဖြစ်ရတဲ့အတွက် ကျွန်တော်အထူးပင်
ဂုဏ်ယူပါတယ်။

ဤတိုင်းပြည်ကြီး၏စွမ်းပကားကို ကျွန်တော် အထူးပင်
ယုံကြည်ပါတယ်။ ဒါတင်မက မြန်မာနိုင်ငံတော်၏ ပြည်သူ
ပြည်သားတို့၏ အနာဂတ်အလားအလာကောင်းမွန်ခြင်းကို
ကျွန်တော် ယုံကြည်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ ပိုမိုကျယ်ပြန့်သော ကမ္ဘာ့
နိုင်ငံများအကြား ဆက်ဆံရေးဖွင့်ဟမှုအတွက် ကျွန်တော်ဟာ
ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေနှင့် ကြိုးပမ်းဆောင်ရွက်ခဲ့
သည်။

ကျွန်တော်တို့ဟာ တည်ဆောက်မှုအခြေခံသော ဆက်ဆံ
ရေး (Constructive engager......) ကို ကျင့်သုံးခဲ့ပါတယ်။
ကျွန်တော်တို့ ငြိမ်းချမ်းရေးဒီမိုကရေစီနှင့် ဖွံ့ဖြိုးမှုရှေ့ရှုနိုင်ရန်
နိုင်ငံတကာ ထောက်ပံ့အားပေးမှုရရှိရန်၊ လူသိရှင်ကြား
ဆောင်ရွက်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေနှင့် ကျွန်တော်လာရောက်ခဲ့ခြင်းမှာ သုံးကြိမ် ရှိပါပြီ။

၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းအပြီး ခက်ခဲမှုနှင့်ရင်ဆိုင်သော အချိန်ကာလတွင် အပြည်ပြည်ဆိုင်ရာ အကူအညီရရှိနိုင်ရန် ကုလသမဂ္ဂက ကူညီနိုင်ခဲ့ပါတယ်။ ထိုအချိန်ကတည်းက ဒုက္ခပေါင်းများစွာကြားထဲကပင် မြန်မာနိုင်ငံဟာ ထင်ရှားသော ပြောင်းလဲမှုအတွက် အလားအလာရှိကြောင်း ကျွန်တော်တို့ တွေ့မြင်နိုင်ခဲ့ပါတယ်။

၂၀၀၉ ခုနှစ်မှာ ကျွန်တော် နောက်တစ်ကြိမ် ပြန်လာခဲ့ပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်လာခြင်း၊ ဖွံ့ဖြိုးမှုနှင့် လူ့အခွင့်အရေးခံစားခြင်းသည် မြန်မာနိုင်ငံသားအားလုံး လိုလားနေသော အနာဂတ်၏ တူညီသောအစိတ်အပိုင်းဖြစ်ကြောင်း၊ ကျွန်တော်ဟာ မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့ပါတယ်။

ယနေ့ ကျွန်တော်ဟာ သမိုင်းသစ်ကို ရေးဆွဲနေတဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်နေတဲ့ ထင်ရှားတဲ့ပြောင်းလဲမှုကြီးတွေဟာ ကမ္ဘာကို စိတ်ခတ်တက်ကြွစေခဲ့ပါတယ်။ အသင်တို့ရဲ့ မျှော်မှန်းချက်တွေဟာ ဒီထက် ကြီးမားတယ်ဆိုတာလည်း ကျွန်တော်တို့ သိရှိနေပါတယ်။

အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းမှာ မြန်မာနိုင်ငံဟာ



လေးစားခြင်းခံရသော တာဝန်သိအဖွဲ့ဝင်နိုင်ငံအဖြစ် မကြာမီ ပြန်လည်လာမယ်လို့ ကျွန်တော် သံသယကင်းစွာ ယုံကြည်ပါတယ်။

ကျွန်တော်တို့ရဲ့ အပြောင်းအလဲ မြန်ဆန်နေတဲ့ကမ္ဘာကြီးမှာ မြန်မာနိုင်ငံဟာ မိမိရဲ့ အိမ်နီးချင်းအာရှနိုင်ငံတွေကို မြန်ဆန်စွာ လိုက်မီလာမယ်လို့လည်း ကျွန်တော် သံသယကင်းစွာ ယုံကြည်ပါတယ်။

ငြိမ်းချမ်းမှု၊ ဒီမိုကရေစီနဲ့ ကြွယ်ဝချမ်းသာမှု ဖော်ဆောင်လာနိုင်ရေးအတွက် မြန်မာနိုင်ငံဟာ ၂၁ ရာစုနှစ်ရဲ့ စံပြဖြစ်လာနိုင်တယ်လို့လည်း ကျွန်တော် သံသယကင်းစွာ ယုံကြည်ပါတယ်။

ဒီလမ်းကြောင်းပေါ် ဆက်လျှောက်ဖို့ ကျွန်တော် တိုက်တွန်းပါတယ်။ အသင်တို့နှင့်အတူ ဒီလမ်းကြောင်းပေါ် လျှောက်လှမ်းဖို့လည်း အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကို တောင်းဆိုပါတယ်။

ကျွန်တော် ဒီကိုလာပြီး မြန်မာနိုင်ငံသူနိုင်ငံသားတွေကို ကုလသမဂ္ဂကို ယုံကြည်အားကိုးနိုင်တယ်။ ကျွန်တော့်ကို ယုံကြည်အားကိုးနိုင်တယ်ဆိုတာ ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်တည်ဆောက်နိုင်ဖို့ ကျွန်တော်တို့ အတူတကွ လုပ်ဆောင်ကြပါစို့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရှင်းရှင်းပြောချင်ပါတယ်။ အသင်တို့လျှောက်ရမယ့်လမ်းဟာ စိတ်လှုပ်ရှားဖွယ် ဖြစ်ပါတယ်။ ဒါပေမယ့် အမြဲတမ်း လွယ်ကူမည်မဟုတ်ပါ။

ဖြစ်ပေါ်လာမယ့် အောင်မြင်မှုရလဒ်ဟာ ဤလွှတ်တော်ကြီးပေါ် မူတည်နေပါတယ်။ ဤလွှတ်တော်ကြီးဟာ ပြည်သူတွေ တောင့်တလိုလားနေတဲ့ ဒီမိုကရေစီနဲ့ ပိုမိုကောင်းမွန်တဲ့ဘဝကို ခိုင်မာသော ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်စေနိုင်ပါတယ်။

အန္တရာယ်ရန်စွယ်တွေ မြောက်များစွာ ရှိပါတယ်။ အောင်မြင်မှုရရှိရန် ပုံသေနည်းတစ်ရပ်ဟူ၍ မရှိပါ။

ဤရွှေနိုင်ငံဟာ လူသားနှင့် သဘာဝအရင်းအမြစ်ကြွယ်ဝသောနိုင်ငံ ဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဆုံးမမှုဟာ နှစ်ကာလတစ်လျှောက် သွန်သင်လမ်းညွှန်ပေးခဲ့ပါတယ်။

အသင်တို့ရဲ့ ပညာရှိကြီးတွေဟာ ဆန္ဒာဓိပတိတရား၊ စိတ္တာဓိပတိတရား၊ ဝီရိယဓိပတိတရား၊ ဝိမံသာဓိပတိတရား၊ ပညာအကြီးအမှူးဆိုတဲ့ အဓိပတိတရားလေးပါးကို ကျင့်သုံးခဲ့တယ်။

ဤတရားတွေဟာ အသင်တို့ရဲ့ကိုယ်ကျင့်တရားမှာ ရှိနေတယ်။ ယဉ်ကျေးမှုပေါင်းစုံတဲ့၊ ပိုမိုကျယ်ပြန့်တဲ့ကမ္ဘာကြီးမှာ ဤသွန်သင်ဆုံးမမှုတွေဟာ အားတက်စေပါတယ်။

ဂုဏ်သရေရှိ လွှတ်တော်ကိုယ်စားလှယ်ကြီးခင်ဗျား…



ဤတရားလေးပါးဟာ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေမှာ ဘယ်လိုလမ်းညွှန်သွားနိုင်ပါတယ်ဆိုတာ ကျွန်တော့်ကို ပြောခွင့်ပြုပါ။

ဦးစွာပထမ ဆန္ဒာဓိပတိတရားမှာ ဆန္ဒဟာ ဒီနေရာမှာ နိုင်ငံရေးဆန္ဒ (Political Will) နှင့် ခေါင်းဆောင်မှုပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ပြုပြင်ပြောင်းလဲမှုလမ်းကြောင်းပေါ် တင်ဆောင်ပေးခဲ့တဲ့ သမ္မတကြီးဦးသိန်းစိန်ကို အခွေတော်ရဲ့ အမြော်အမြင်ရှိခြင်းနှင့် သတ္တိရှိခြင်းတို့ကို ချီးမွမ်းလိုပါတယ်။

ပြီးခဲ့တဲ့ရွေးကောက်ပွဲမှာ ပါဝင်ခဲ့ခြင်းဖြင့် နိုင်ငံရေးဖြစ်စဉ်တွေမှာ ပါဝင်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အခြားပုဂ္ဂိုလ်အဖွဲ့အစည်းတွေကို ကျွန်တော် ဂုဏ်ပြုလိုပါတယ်။

မြန်မာနိုင်ငံဟာ ပြန်လည်သင့်မြတ်ရေး ဒီမိုကရေစီနှင့် ဖွံ့ဖြိုးမှုတို့ရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

ဒါပေမယ့် ဒီလိုဖြစ်မြောက်နိုင်ဖို့အတွက် အခွေတော်တွေရဲ့ စိတ်ဓာတ်ခိုင်မာခြင်းနဲ့ တူညီစွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းတို့ လိုအပ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုလမ်းကြောင်းဟာ အမြဲတမ်းပြီး ရေရာခြင်းမရှိပါ။ ဤလမ်းကြောင်းဟာ ကျဉ်းမြောင်းသည့်အတွက်လည်း ပြန်လည်နောက်ဆုတ်နိုင်ခြင်း မရှိပါ။

ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးနယ်ပယ်တွေဟာ ပိုမို

www.burmeseclassic.com

www.burmeseclassic.com



ကြီးထွားလာသည်နှင့်အမျှ ပြည်သူတွေ အထူးသဖြင့် လူငယ်တွေရဲ့ မျှော်လင့်ချက်တွေဟာ ကြီးမားလာပါပြီ။

ဤစိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့ ခိုင်မြဲတဲ့အပြောင်းအလဲ ဖြစ်လာနိုင်တယ်။ ကျွန်တော်တို့ ပူးပေါင်းပြီး နိုင်ငံရေးဆန္ဒ (Political Will) အပြည့်အဝ ထားရှိကြပါစို့။

ဂုဏ်သရေရှိ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား–

ရွေးကောက်ပွဲကျင်းပခြင်းနှင့် ပွင့်လင်းသော အစိုးရရှိခြင်းတို့ဟာ ဒီမိုကရေစီ၏သော့ချက်များ ဖြစ်ကြပါတယ်။ သို့ရာတွင် ၄င်းတို့နှင့်အတူ ကောင်းမွန်တဲ့ နိုင်ငံရေး ရာသီဥတုရှိနေဖို့လည်း လိုအပ်ပါတယ်။

ဒုတိယအနေနဲ့ကတော့ မတူကွဲပြားမှု ကြုံကြိုက်တဲ့အခါများမှာ ထားရှိရန်လိုအပ်တဲ့ အပြုသဘောရှိသောဆန္ဒ ဖြစ်ပါတယ်။

သမ္မတကြီးဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ဟာ နိုင်ငံတော်ရဲ့အကျိုးအတွက် နိုင်ငံရေးကို ကျော်လွှားနိုင်တဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုနဲ့ နိုင်ငံ့ခေါင်းဆောင်အရည်အချင်း ပြည့်ဝမှုကို ဖော်ဆောင်ပြသနိုင်ခဲ့ပါတယ်။

အဖွဲ့အစည်းများကြားမှာ မတူကွဲပြားမှုများ ရှိကြမယ်ဆိုတာ ထူးဆန်းသည့်ကိစ္စမဟုတ်ပါ။ အဲဒီလို မတူကွဲပြားမှုများဟာ ကြီးမားနိုင်သလို အသေးအမွှားလည်း ဖြစ်နိုင်ပါတယ်။ အခု ကျမ်းသစ္စာကျိန်ဆိုမှုနဲ့ပတ်သက်ပြီး ဖြစ်ပေါ်နေသလိုပါဘဲ



အဲဒီကိစ္စတွေကိုလည်း နိုင်ငံတော်ရဲ့ရေရှည်အကျိုးနဲ့ ငံးတို့ရဲ့ လတ်တလောလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့အတွက် လူကြီးမင်းတို့ရဲ့ခေါင်းဆောင်မှုနဲ့ ရလဒ်ကို မျှော်ကိုးနေကြတဲ့ ပြည်သူများရဲ့အကျိုးကို အလေးထားပြီး လူကြီးမင်းတို့အနေနဲ့ ဖြေရှင်းသွားနိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ရှုပ်ထွေးကျယ်ပြန့်သော မြန်မာနိုင်ငံအရေးတွေကို ဖြေရှင်းနိုင်ဖို့ ဦးတည်ချက်ချင်း တူညီဖို့ဖြစ်ပါတယ်။

ထိပ်တိုက်ရင်ဆိုင်ခြင်းနှင့် ဖိနှိပ်ခြင်းကို ကျင့်သုံးခဲ့ကြပေမယ့် အောင်မြင်မှုမရရှိခဲ့ပါဘူး။

ရင့်ကျက်သော ဒီမိုကရေစီဖော်ဆောင်နိုင်ဖို့ နိုင်ငံရေးမျိုးဆက်သစ်တွေရဲ့ ကြီးမားတဲ့အင်အားတွေကို စုစည်းပြီး အသုံးချနိုင်ဖို့ လိုအပ်ကြောင်း သမ္မတဦးသိန်းစိန်က ပြောကြားခဲ့ပါတယ်။

တပ်မတော်အပါအဝင် မြန်မာနိုင်ငံရဲ့ လူမှုအဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေတဲ့ မျိုးဆက်သစ်ရွေ့လျားမှုဟာ အားလုံးရဲ့ နားလည်မှု၊ စည်းလုံးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုလိုအပ်ပါတယ်။

ဖွံ့ဖြိုးမှုမှ တရားဥပဒေစိုးမိုးမှုသို့လည်းကောင်း၊ ငြိမ်းချမ်းတည်ငြိမ်ရေးမှ လူ့အခွင့်အရေးသို့လည်းကောင်း ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် (Reform Agenda) ဖြင့် သဘောတရား (Policy) ဆိုင်ရာ ဦးစားပေးချက်များ ချမှတ်နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဤလွှတ်တော်ဟာ မြန်မာနိုင်ငံ ဒီမိုကရေစီအ
အပြောင်းရဲ့ ဗဟိုချက်ဖြစ်ပါတယ်။ ဒီနေရာမှာ တိုင်းရင်းသ
ပေါင်းစုံ၊ ဘာသာပေါင်းစုံတို့မှ ကိုယ်စားလှယ်များ စုစည်း
ပါတယ်။ ဒီနေရာမှာ ပါတီပေါင်းစုံတို့က လက်တွဲပြီး ပြောင်း
မှုအတွက် အားလုံး ပါဝင်တဲ့ အမျိုးသားလုပ်ငန်းစဉ် (Na-
tional Agenda) ရေးဆွဲကြရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော် နာယကကြီးဦးခင်အောင်မြ
နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရရွှေမန်းတို့၏ ဦးဆောင်မှု
လွှတ်တော်၏ လုပ်ငန်းစဉ်အတွင်း ဆောင်ရွက်ဖြစ်ဖို့အခွင့်အလ
ပိုမိုရရှိနိုင်ပါတယ်။



စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဖွံ့ဖြိုးမှု
ဖို့ ဒီမိုကရေစီရှင်သန်နိုင်စေသော စိမ့်စမ်းမြောက်များစွာ လို
ပါတယ်။ ဒီလိုဖြစ်မြောက်နိုင်ဖို့ ပြည်သူတွေရဲ့စကားသံတွေ
နားထောင်ဖို့ လိုအပ်ပါတယ်။ အမျိုးသားနိုင်ငံရေးအဆင့်ဆ
ပြည်သူတွေပါဝင်နိုင်ဖို့ နိုင်ငံရေးမှာ နေရာပေးအပ်ဖို့လိုအ
တယ်။

မြန်မာနိုင်ငံသစ် တည်ဆောက်ရာတွင် အမျိုးသမီး
လူငယ်များ၊ ကျေးလက်နေ ဆင်းရဲသူများ၊ တိုင်းရင်းသ
လူမျိုးစုများ၊ ဘာသာရေးလူထုများ၊ မီဒီယာများ၊ လူမှုလူတန်း
အဖွဲ့အစည်းများအားလုံး ကဏ္ဍအသီးသီးတွင် ပါဝင်နိုင်ပါတ
ဂုဏ်သရေရှိ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



တတိယကတော့ ဝီရိယဓိပတိတရားပဲ ဖြစ်ပါတယ်။

ဝီရိယဓိပတိတရားမပါတဲ့အလုပ်ဟာ လိုအပ်တဲ့ရလဒ် မရရှိနိုင်ပါ။ မြန်မာနိုင်ငံသူနိုင်ငံသားတွေရဲ့ မျှော်လင့်ချက်တွေ ကြီးမားနေပါတယ်။ သူတို့ဟာ ဒီလွှတ်တော်ကြီးကို ပြုပြင် ပြောင်းလဲမှု ဆောင်ရွက်တဲ့နေရာမှာ အရှိန်အဟုန် မြင့်တက်စေ လိုပါတယ်။

ဒါ့ကြောင့် ဝီမံသာဓိပတိတရားဖြစ်တဲ့ ပညာဆိုတာ လိုအပ်ပါတယ်။

စစ်မှန်တဲ့ခေါင်းဆောင်မှုဟာ ပညာအပေါ် အခြေပြုပါ တယ်။ နိုင်ငံတိုင်းဟာ မိမိပြည်သူတွေရဲ့ လိုအပ်ချက်နှင့် မျှော်မှန်းချက်နဲ့ ကိုက်ညီတဲ့ တိုးတက်ရေးလမ်းကြောင်းပေါ် လျှောက်ရပါတယ်။

အသိတရားနှင့် ဉာဏ်ပညာပြည့်ဝမှုဖြင့် မြန်မာနိုင်ငံ တွင် ပါတီများရဲ့ အစွမ်းအစ အပြည့်အဝ အသုံးချနိုင်ခြင်းနှင့် တရားသေထားရှိခြင်းဖြင့် ပိတ်ညှပ်နေရခြင်းတို့မရှိဖို့ လိုပါ တယ်။ အသိတရားနှင့်ပညာရှေ့ထားခြင်းဖြင့် အားလုံး ရှေ့ လျှောက်နိုင်စေမယ့် ပျော့ပျောင်းမှုထားရှိခြင်းလည်း ဆိုလိုပါ တယ်။

ဂုဏ်သရေရှိ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား

ရှေ့လျှောက်တွင် အရေးကြီးသော မှတ်ကျောက်ကြီးများ ရှိပါတယ်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံဟာ အာဆီယံရဲ့



ဥက္ကဋ္ဌနေရာယူခြင်းနှင့်အတူ ဒေသအတွင်း ခေါင်းဆောင်မှုနှင့် ပါလာသော တာဝန်ဝတ္တရားများအပေါ် မျှော်လင့်ချက်များ ရှိလာ ပါတယ်။

၂၀၁၅ ခုနှစ်မှာ ရွေးကောက်ပွဲ ထပ်မံကျင်းပကြဦးမည် ဖြစ်ပါတယ်။ ဤအရေးပါတဲ့အချိန်တွေမှာ မြန်မာနိုင်ငံနဲ့ အပြည် ပြည်ဆိုင်ရာအသိုင်းအဝန်းတို့ အလုပ်တွေ လုပ်ကြရမှာဖြစ်ပါ တယ်။

ဒါတွေကို မြန်မာနိုင်ငံသူနိုင်ငံသားတို့ ဦးထိပ်ထားပြီး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အပြောင်းအလဲကို တမ်းတ နေသူများ၊ သတ္တိရှိရှိ စွန့်စားနိုင်ခဲ့သူများ ဒီမိုကရေစီမျှော်လင့် ချက်တွေကို မစွန့်လွှတ်နိုင်သူများ၊ အပြောင်းအလဲ စောင့်မျှော် နေသူများအတွက်လည်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

သူတို့ရဲ့မျှော်လင့်ချက်တွေ ပြည့်မီအောင် ကျွန်တော်တို့ လုပ်ဆောင်ချက်တွေ ကိုက်ညီဖို့လိုပါတယ်။ အဲဒီလို လုပ်ဆောင် တဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး အရှိန်မတူပေမယ့် အားလုံးဟာ သက်တွဲကြရမှာ ဖြစ်ပါတယ်။

ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီ အသွင် ကူးပြောင်းရေးကို ရှေ့ရှုနိုင်ရန် ဤသမိုင်းဝင်အချိန်မှာ အချက်(၄)ချက်ပါတဲ့ လုပ်ငန်းအစီအစဉ်ကို ဖော်ပြလိုပါတယ်။

ပထမဆုံး ပြည်သူတွေဟာ သူတို့ရဲ့ဘဝတွေမှာ ဒီမို ကရေစီအသွင်ကူးပြောင်းရေးရဲ့ရလဒ်ကို အမြန်ဆုံး မြင်နိုင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုပါတယ်။

ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတွေမှာ ပိုမိုရင်းနှီးဖို့ ဆုံးဖြတ်ခြင်းဟာ အစကောင်းပဲ ဖြစ်ပါတယ်။ ကျေးလက်ဆင်းရဲမှုဒုက္ခမှ လွတ်မြောက်လာစေနိုင်ဖို့ အလုပ်အကိုင် ပိုမိုရရှိနိုင်ရေးကို ဦးစားပေးရမှာ ဖြစ်ပါတယ်။ ဒါတွေဟာ မြန်မာပြည်သူတွေအတွက် ဦးစားပေးလိုအပ်ချက်တွေ ဖြစ်ပါတယ်။ လွှတ်တော်အတွက်လည်း ဦးစားပေးရမယ့်အချက်တွေလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဒီ့ထက်ပိုလုပ်ဖို့ လိုပါတယ်။

ဒီနေ့ ကျွန်တော်က အပြည်ပြည်ဆိုင်ရာအသိုင်းအဝန်းကို ပိတ်ဆို့မှုအပေါင်းကို ဖယ်ရှားခြင်း၊ လျှော့ပေါ့ဆိုင်းငံ့ခြင်းတို့ကို ပိုမိုဆောင်ရွက်ကြပါရန် တောင်းဆိုလိုပါတယ်။

ဒုတိယအနေနဲ့ မြန်မာနိုင်ငံမှာ နိုင်ငံတကာ ဖွံ့ဖြိုးမှုအကူအညီနှင့် နိုင်ငံခြားနှင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လိုအပ်ပါတယ်။

အခြားအိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် မြန်မာနိုင်ငံဟာ လူတစ်ဦးစီအတွက် ဖွံ့ဖြိုးမှုအကူအညီ ရာခိုင်နှုန်းအနည်းဆုံး ရရှိတဲ့နိုင်ငံ ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲမှုရဲ့ အကောင်းဆုံးအားပေးမှုဟာ ထောက်ပံ့မှုမှ ရင်းနှီးမြှုပ်နှံခြင်းပဲ ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ လွှတ်တော်ဟာ ကူညီထောက်ပံ့ခြင်းကိုဖြစ်စေတဲ့ အခြေအနေများ ဖန်တီးရမှာဖြစ်ပါတယ်။

အိမ်နီးချင်းနိုင်ငံများရဲ့ အတွေ့အကြုံကို လေ့လာခြင်းဖြင့်



မြန်မာနိုင်ငံဟာ မိမိ၏ သဘာဝအရင်းအမြစ်များကို ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်ရင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများကို အားပေးခြင်း၊ ပြည်သူ့ပိုင်နှင့် ပုဂ္ဂလိကပိုင် ကဏ္ဍများ၌ ချုပ်ချုပ်မှု (Govermance) လုပ်ငန်းပိုမိုပြောင်းမြောက်စေခြင်း၊ နိုင်ငံပြည်၏ တန်ဖိုးကြီးမားသော ရေ၊ မြေ၊ တော၊ တောင်သဘာဝကို ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

တိုးတက်ဖွံ့ဖြိုးခြင်းရဲ့ အကျိုးအမြတ်ကို ပြည်သူအားလုံးနှင့် ပြည်နယ်အားလုံး မျှဝေခံစားနိုင်ရန် ကူညီမျှတသော ဖွံ့ဖြိုးမှုကို ဖော်ဆောင်သောမူဝါဒများကို ချမှတ်ကြပါစို့။

မြန်မာနိုင်ငံဟာ ဤဒေသကြီးရဲ့ စီးပွားရေးအရှိန်အဟုန်မှာ ပါဝင်ဖို့ အချိန်တန်နေပါပြီ။

တတိယအချက်ကတော့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အပြည့်အဝဖော်ဆောင်ရန် ဖြစ်ပါတယ်။ ဒီခက်ခဲတဲ့ ကိစ္စရပ်မှာ တိုးတက်မှုလိုနေပါတယ်။

ဥပမာ- ရွှေ့ပြောင်းခံရသောလူထုများ၊ တိုင်းရင်းသားလူမျိုးစုနှင့် နိုင်ငံရေးအဖွဲ့များအတွက် လုံခြုံရေးအာမခံခြင်းနှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်းတို့ ဖြစ်ပါတယ်။ ညီမှုနှင့် တရားမျှတမှုအပေါ် အခြေခံထားတဲ့ တိုးတက်မှုအရှိန်အဟုန်ကောင်းကို ထိန်းသိမ်းရမယ်။ ဒါမှလည်း အစိုးရနှင့် နိုင်ငံပြည်ရဲ့ လူမျိုးစုနိုင်ငံရေးနှင့် ဘာသာရေးအဖွဲ့အစည်းတို့ အကြား ယုံကြည်မှုကို တည်ဆောက်သွားနိုင်မယ်။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများအကြား အပစ်အခတ် ရပ်စဲရေးအတွက် တိုးတက်မှုများရရှိနေမှုကို ကျွန်တော် ချီးမွမ်းလိုပါတယ်။ နှစ်ဖက်အကြားမှာ ကျန်ရှိနေတဲ့ကိစ္စမှန်သမျှကို အမြန်ဆုံး ဖြေရှင်းသွားနိုင်ဖို့ ကျွန်တော် တိုက်တွန်းလိုပါတယ်။

ကချင်ပြည်နယ်မှာ ဖြစ်နေတဲ့အခြေအနေမှာ အခြားအဖွဲ့ကြီးများနဲ့ သဘောတူညီချက်ယူနိုင်ခဲ့သော အပစ်အခတ်ရပ်စဲရေးအခြေအနေနှင့် ကွာဟလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ဖော်ဆောင်စေမယ့် အပစ်အခတ် ရပ်စဲမှုနှင့် နိုင်ငံရေးနဲ့သက်ဆိုင်တဲ့ သဘောတူညီချက်အခွင့်အလမ်းကို ကချင်လူမျိုးစုတွေက မဆုံးရှုံးသင့်ပါ။ လူသားချင်းဆိုင်ရာ အကူအညီများ ပေးနိုင်ဖို့အတွက် ကချင်ပြည်နယ်ကို ဝင်ရောက်သွားလာခွင့်ပေးခြင်းကို ကျွန်တော်တို့ အသိအမှတ်ပြုလိုပါတယ်။ အဲဒီလို ဝင်ရောက်သွားလာနိုင်မှု အခွင့်အရေး ဆက်လက်ရရှိနေရမှာ ဖြစ်ပါတယ်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အောင်မြင်မှုဟာ ဤကိစ္စတွေကို လွှတ်တော်အတွင်း၌လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်း၌လည်းကောင်း မည်သို့မည်ပုံ ဆွေးနွေးကြသည့်အပေါ်မှာ မူတည်ပါလိမ့်မယ်။

စတုတ္ထအချက်ကတော့ တရားဥပဒေစိုးမိုးရေး၊ အထူးသဖြင့် လွတ်လပ်စွာ ပေါင်းသင်းဆက်ဆံခြင်းနှင့် ပြောဆိုခြင်း



တို့ပါဝင်တဲ့ လူ့အခွင့်အရေးများကို လေးစားရေးကိုအခြေခံတဲ့ အားလုံးပါဝင်သော ဒီမိုကရေစီထုံးတမ်းကျင့်စဉ် (Democratic Culture) ခေါ်ဆောင်ရန် လိုအပ်ပါတယ်။

လူမှုလူတန်းစားအဖွဲ့အစည်းများနှင့် လူမျိုးစုများ၏ အခွင့်အရေးများကို ကာကွယ်သည့် ဥပဒေချမှတ်ချက်များ လိုအပ်ပါတယ်။ အမျိုးသားလူ့အခွင့်ရေးကော်မရှင်ဖွဲ့စည်းခြင်းသည် အပါအဝင် ဖြစ်ပါတယ်။

ဂုဏ်သရေရှိလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား··

ကမ္ဘာတစ်ဝှမ်းလုံးတွင် အစိုးရများသည် တစ်ဦးတစ်ဘာသာတည်း လုပ်ဆောင်နိုင်ခြင်း မရှိပေ။ တိုးတက်မှုကို အတူတကွ ဖော်ဆောင်ရမည်။ ကုလသမဂ္ဂသည် အစွမ်းရှိသ၍ ကူညီရန် အဆင်သင့်ရှိပါတယ်။ ကုလသမဂ္ဂအပါအဝင် အခြားအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ လမ်းညွှန်အကြံပေးမှုကို မြန်မာနိုင်ငံက လိုလားခြင်းကို ကျွန်တော် ကြိုဆိုပါတယ်။

UN Global Compact, the Economic and Social Commission for Asia and the Pocific နှင့် UN Office on Drags and Cime သည် ပူးပေါင်းဆောင်ရွက်မှုကြောင့် အမျိုးသားကြိုးပမ်း တိုးတက်ခြင်းကို ဖော်ဆောင်နိုင်ခဲ့ပါတယ်။

အလားတူပင် UNDP သည် မြန်မာနိုင်ငံ ပုံမှန် Country Programme ရှိရန် လိုအပ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးမှုမှာ အရေးပါအရာရောက်စေမည့်သဘောရှိပြီး နှစ် (၃၀) အတွင်း ပထမဆုံးသော သန်းခေါင်စာရင်းကောက်ခံမှုတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလုပ်ငန်းများသည် အမြဲအသင့်ရှိနေဖို့ ကျွန်တော် ဆောင်ရွက်ပါမယ်။

ဒီလုပ်ငန်းတွေမှာ ငြိမ်းချမ်းမှုတည်ဆောက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရွေးကောက်ပွဲဆိုင်ရာ အကူအညီအဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ဒီမိုကရေစီကျင့်စဉ်များ ဖော်ဆောင်ရေးတို့ ပါဝင်ပါတယ်။

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်မှုဟာ သဘာဝကျပါတယ်။

မြန်မာနိုင်ငံဟာ ဒီအဖွဲ့အစည်းကြီးရဲ့ သမိုင်းမှာအရေးပါတဲ့နေရာမှာ ရှိပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂ စတင်တည်ထောင်တဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အပြင် Peacekeeping Operation မှာလည်း အစကနဦးမှာ ပါဝင်ခဲ့ပါတယ်။ သည်ပူးပေါင်းမှုကို လာမည့်နှစ်ကာလများတစ်လျှောက် ပြန်လည်ရှင်သန်ဖို့ ဆန္ဒပြုကြပါစို့။ အတွင်းရေးမှူးချုပ်အနေနှင့် ကျွန်တော်ဟာ နိုင်ငံရဲ့သားကောင်းဖြစ်တဲ့ ဦးသန့်ခြေရာကို လိုက်နေပါတယ်။

သူဟာ အကြမ်းဖက်မှုကို ကျော်လွှားဖို့ အတ္တစိတ်ကို ကျော်လွှားဖို့၊ ကျွန်တော်တို့ လူသားအားလုံးရဲ့ အကျိုးအမြတ်ကို ဆောင်ရွက်ဖို့ ကမ္ဘာကို အမြဲသတိပေးခဲ့ပါတယ်။



တစ်ခုတည်းသော ကမ္ဘာ့စိတ်ဓာတ်ဖြစ်ပေါ်စေရန် အချင်းချင်း နားလည်မှုရှိရန်နှင့် အပြန်အလှန် ဝတ္တရားများရှိဖို့ လိုကြောင်း ယုံကြည်ခဲ့ပါတယ်။


ဤခေတ်ဤအခါရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့ မြန်မာရဲ့ပါဝင်မှု လိုနေပါတယ်။ သည်တောင်းဆိုချက်ကို ဖြည့်ဆည်းဖို့ အဆွေတော်တို့လက်ထဲမှာ ရှိနေပါတယ်။

ကျေးဇူးတင်ပါတယ်။

★★★

www.burmeseclassic.com

www.burmeseclassic.com



## ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် ပြည်တွင်းမီဒီယာများ

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံသို့လာရောက်ခိုက် နေပြည်တော်တွင် ပြည်တွင်းမီဒီယာများဖြစ်သည့် နယူးလိုက်အော့ဖ်မြန်မာ၊ ရန်ကုန်တိုင်းမ်၊ 7 Days News၊ Weekly Eleven ၊ မြန်မာတိုင်းမ်တို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းတင်ဆက်လိုက်ပါသည်။

**မစ္စတာဘန်ကီမွန်း**- ဒီလို စောင့်နေရတဲ့အတွက် အားနာပါတယ်ဗျာ။ ကျွန်တော့်အနေနဲ့ အချိန်က တကယ့်ကို အကန့်အသတ်နဲ့ ဖြစ်နေတဲ့အတွက် ကျွန်တော့်ရဲ့ Statement ကို မပြောတော့ဘဲ မေးလာတဲ့မေးခွန်းတွေကိုပဲ ဖြေပါတော့မယ်ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



**မေး-** ကျွန်တော် သန်းမြတ်ထွန်းပါ။ နယူးလိုက်အော့ဖ်မြန်မာ အယ်ဒီတာချုပ်ပါ။ မေးခွန်းနှစ်ခု ရှိပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံကို ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေကို ရုပ်သိမ်းပေးဖို့ တောင်းဆိုနေကြပါတယ်။ ဂျပန်ကလည်း အခုမြန်မာနိုင်ငံကို အထောက်အပံ့တွေ ပေးနေပါပြီ။ သို့သော်လည်း အချို့သောနိုင်ငံများကတော့ ဒီလုပ်ငန်းစဉ် (မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်) မှာ ပြည့်ပြည့်ဝဝ ပါဝင်ခြင်း မရှိပါဘူး။ ဒီအပေါ်မှာ ကျွန်တော် မေးလိုတာက ကမ္ဘာ့ကုလသမဂ္ဂက အဖွဲ့အနေနဲ့ အဲဒီလိုပါဝင်ခြင်း မရှိတဲ့နိုင်ငံတွေကို စည်းရုံးဆော်ဩဖို့အစီအစဉ်ရှိမရှိ သိချင်ပါတယ်ခင်ဗျာ။

ဒုတိယမေးခွန်းကတော့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေနဲ့ရော မြန်မာနိုင်ငံအပေါ်မှာ ဘယ်လိုထောက်ပံ့ကူညီမှုတွေ ဆောင်ရွက်ပေးသွားမယ်ဆိုတာ သိလိုပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**မစ္စတာဘန်ကီမွန်း-** ကျေးဇူးပါပဲ။ ခင်ဗျားတို့နိုင်ငံဟာ အရှိန်အဟုန်၊ အဲ...အပြောင်းအလဲတစ်ခုကို ဖြတ်သန်းနေပါတယ်။ အရမ်းအားတက်စရာကောင်းပါတယ်။ ခင်ဗျားတို့အနေနဲ့ တကယ့်ကို အပြုသဘောဆောင်တဲ့လမ်းကြောင်းကို သွားနေပါတယ်။ မနှစ်က မြန်မာသမ္မတဦးသိန်းစိန်နဲ့ ဘာလီမှာကျင်းပ



အာဆီယံထိပ်သီးအစည်းအဝေးမှာ တွေ့ခဲ့တုန်းက ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။ သမ္မတဦးသိန်းစိန်က အရေးယူပိတ်ဆို့မှုတွေ ပြန်လည်ရုပ်သိမ်းပေးနိုင်အောင် ဆောင်ရွက်ရမယ့်အရေးကိစ္စကို အရမ်းစိတ်ဝင်စားပါတယ်။ ကျွန်တော် သမ္မတဦးသိန်းစိန်ကို နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ယုံကြည်စိတ်ချမှုကို ရရှိပြီး အရေးယူပိတ်ဆို့မှုတွေ ရုပ်သိမ်းသွားစေနိုင်အောင် ဆောင်ရွက်ပြုပြင်ရမယ့် အကောင်းဆုံးအကြံဉာဏ်ကို ပြောခဲ့ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို လွှတ်ပေးရေး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်၊ ရဲရင့်ပြတ်သားတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ဖို့တို့ ဖြစ်ပါတယ်။

သမ္မတက ဒါတွေကို လုပ်ထားပါတယ်။ အခုဆိုရင် နိုင်ငံတကာအသိုင်းအဝိုင်းက အပြုသဘောတုံ့ပြန်မှုတွေကို လုပ်ဆောင်နေကြပါပြီ။ ဥရောပသမဂ္ဂကလည်း လက်နက်ကုန်သွယ်မှုကလွဲရင် အခြားသောကဏ္ဍတွေအပေါ်မှာ လုပ်ထားတဲ့ပိတ်ဆို့မှုတွေကို တစ်နှစ်ဆိုင်းငံ့ဖြေလျှော့ပေးထားပါပြီ။ အားလုံး လွတ်ကင်းလုနီးပါး ဖြစ်နေပါပြီ။ ဩစတြေးလျ၊ ဂျပန်၊ အမေရိကန်အားလုံးက ဒီကိစ္စအပေါ် အလေးအနက်ထားပြီး စဉ်းစားဆောင်ရွက်နေကြပါတယ်။ ကျွန်တော့်အမြင်ကတော့ တစ်ကမ္ဘာလုံးက အပြုသဘောတုံ့ပြန်မှုတွေ လုပ်နေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနေနဲ့လည်း မနက်ဖြန် လွှတ်တော်မှာ ပြောကြားမယ့် မိန့်ခွန်းကနေတစ်ဆင့် မြန်မာအပေါ်မှာ ပိတ်ဆို့မှုတွေ လုပ်ထားတဲ့နိုင်ငံတွေကို ရုပ်သိမ်းမှုတွေ လုပ်ပေးကြဖို့အရေး၊ ဆိုင်းငံ့ဖြေလျှော့မှုတွေ လုပ်ပေးကြဖို့အရေးအတွက် အလေးအနက် စဉ်းစားဆောင်ရွက်ကြဖို့ ပြောကြားမှာ ဖြစ်ပါတယ်။

ဒုတိယမေးခွန်းကို ဖြေကြားရမယ်ဆိုရင်တော့ ကုလသမဂ္ဂအနေနဲ့လည်း မြန်မာနိုင်ငံမှာ ကျွန်တော်တို့ရဲ့လုပ်ငန်းစဉ်တွေအားလုံးကို ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်သွားတော့မှာ ဖြစ်ပါတယ်။ UNDP အနေနဲ့က လုပ်ငန်းစဉ်တွေကို အပြည့်အဝဆောင်ရွက်ခြင်းမရှိဘဲ အကန့်အသတ်နဲ့ပဲ လုပ်ဆောင်နေခဲ့တာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ကတော့ အစိုးရအဖွဲ့ဝင်တွေနဲ့ ဆွေးနွေးပြီး လုပ်ငန်းစဉ်တွေကို ဖြစ်နိုင်သမျှ မြန်မြန် ပုံမှန်အတိုင်း လုပ်ဆောင်နိုင်ဖို့ ကြိုးစားသွားမှာပါ။ ဒီလထဲမှာပဲ UNDP နဲ့ မြန်မာအပေါ် လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးမှုအတွက် ထောက်ပံ့မှုတွေလုပ်ဖို့ ဆွေးနွေးထားပြီး ဖြစ်ပါတယ်။

ခင်ဗျားတို့ ကျွန်တော့်ရဲ့ အစီအစဉ်ကို သိကြမှာပါ။ ကျွန်တော့်အနေနဲ့ကလည်း ကမ္ဘာ့စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ကြမယ့် ကုလသမဂ္ဂရဲ့ "Global Compact" (နိုင်ငံတကာသဘောတူညီချက်) အစီအစဉ်ကို စတင်တော့မှာ ဖြစ်ပါတယ်။ ဒါဟာ ဒေသခံစွန့်ဦး



တီထွင်သမားတွေအတွက် နိုင်ငံတကာစီးပွားရေးလုပ်ငန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အလွန်အရေးပါတဲ့ အခွင့်ကောင်း အခါကောင်း ဖြစ်လာပါလိမ့်မယ်။

ဒါ ကုလသမဂ္ဂက လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက စတင်ခဲ့တာဖြစ်ပြီး ဒီ Global Compact ကို ကမ္ဘာတစ်ဝှမ်းက စီးပွားရေးလုပ်ငန်းခေါင်းဆောင်ပေါင်း (၈၀၀၀) လောက်က ပူးပေါင်းပါဝင်မယ့်အစီအစဉ် ဖြစ်ပါတယ်။ ဒါဟာ ခင်ဗျားတို့နိုင်ငံကို ကမ္ဘာ့ဈေးကွက်ထဲ ထိုးဖောက်ဝင်ရောက်နိုင်ဖို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေကို တွန်းအားပေးနိုင်ဖို့အတွက် အလွန်ကောင်းတဲ့ အခွင့်အရေးတစ်ရပ် ဖြစ်ပါလိမ့်မယ်။ ဒါကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတဦးသိန်းစိန်တို့ရဲ့ လုပ်ဆောင်ကြစေလိုတဲ့အရာလည်းဖြစ်သလို ကုလသမဂ္ဂအနေနဲ့လည်း နိုင်ငံတကာအလှူရှင်တွေနဲ့ တရားဝင် ဖွံ့ဖြိုးရေးအထောက်အပံ့တွေကို ဘယ်လိုနည်းနဲ့ တိုးမြှင့်ဆောင်ရွက်ပေးနိုင်မယ်ဆိုပြီး ဆွေးနွေးနေတဲ့ကိစ္စလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ODA ပင်လယ်ရပ်ခြားဖွံ့ဖြိုးရေးအကူအညီများကို အနိမ့်ဆုံးရရှိနေတဲ့ နိုင်ငံတွေထဲက တစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်တော့်အမြင်ကလည်း မြန်မာနိုင်ငံမှာ တကယ့်ကို အပြုသဘောဆောင်တဲ့ ဒီမိုကရေစီပြောင်းလဲပြုပြင်ရေးလုပ်ငန်းစဉ် ဖြစ်ထွန်းပေါ်ပေါက်နေပါတယ်။ ဒီအတွက် နိုင်ငံကာအသိုင်းအဝိုင်းကလည်း ပိုမိုကူညီထောက်ပံ့သင့်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီအတွက်လည်း ကုလသမဂ္ဂအနေနဲ့ နိုင်ငံတကာအသိုင်း အဝိုင်းနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး-** ဦးကိုကိုပါ။ ရန်ကုန်မီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဖြစ်ပါတယ် ကျွန်တော် မေးခွန်းနှစ်ခု မေးချင်ပါတယ်။ အတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်တဲ့ကာလအတွင်းမှာ ဆောင်ရွက်ချင်တဲ့ ဦး လုပ်ငန်းတွေထဲမှာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ကူညီရေးလည်း ပါတယ်ဆိုတဲ့သတင်းကို ဖတ် ပါတယ်။ ကျွန်တော် ဒီအကြောင်းကို အသေးစိတ် သိချင်ပါ တယ်။ ဒီတော့ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ အဓိက ဆောင်ရွက်မယ့်တာဝန် ဟာ ဘာလဲဆိုတာ သိချင်ပါတယ်။ ဒါက ပထမမေးခွန်းပါ။ ဒုတိယမေးခွန်းကတော့ အတွင်းရေးမှူးချုပ်လည်း သိပြီးဖြစ်ပါ လိမ့်မယ်။ အင်န်အယ်လ်ဒီအနေနဲ့ ကျမ်းသစ္စာကျိန်ဆိုရေးစကား လုံး အသုံးအနှုန်းကိစ္စနဲ့ပတ်သက်ပြီး လွှတ်တော်ကို အခုထိ မတက်သေးပါဘူး။ သူတို့က စကားလုံးကို ပြင်ဆင်ပေး တောင်းဆိုနေပါတယ်။ ဒီကိစ္စအတွက်နဲ့လည်း အင်န်အယ်ဒီဟာ လွှတ်တော်မှာ မပါဝင်နိုင်သဲဖြစ်နေပါတယ်။ ဒီအပေါ်မှာ အတွင်းရေးမှူးချုပ်ရဲ့ သဘောထားအမြင်ကို သိလိုပါတယ် ကျေးဇူးတင်ပါတယ်ခင်ဗျာ။



**ဖြေ - ဘန်ကီမွန်း-** ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအပြောင်းအလဲ တွေ ပေါ်ပေါက်ဖြစ်ထွန်းဖို့ကို လိုလားနေ၊ မျှော်လင့်နေကြပါ တယ်။ ဒီအတွက် သမ္မတဦးသိန်းစိန်အနေနဲ့ ကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို လွှတ်ပေးဖို့လို့ မျှော်လင့် ပါတယ်။ ဒါဟာ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်း ရဲ့ ယုံကြည်မှုကို ရရှိနိုင်မယ့် အဓိကအချက်တစ်ချက်လည်း ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့အနေနဲ့ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွေကို ဆက်လက်မြင်တွေ့ ဖို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကရင်၊ ကာအင်န်ယူတို့၊ ကချင်တို့နဲ့ အပစ်အခတ် ရပ်စဲရေး ဆောင်ရွက် နေတဲ့ကိစ္စတွေကိုလည်း ကြိုဆိုပါတယ်။

ဘာကြောင့် ကချင်နဲ့ အပစ်အခတ်ရပ်စဲရေးကိစ္စ သဘောတူညီချက်မအောင်မြင်ရ သေးတာလည်းဆိုတဲ့ အကြောင်းနဲ့ ပတ်သက်ပြီးတော့လည်း လိုအပ်ချက်တွေကို ဆက်လက်ဆောင်ရွက်ဖို့လိုပါတယ်။ ဒါဟာ အားလုံး ပါဝင်နိုင် တဲ့နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုမျိုးတွေ လုပ်ဆောင်သင့်ပါတယ်။ အကယ့်ကို အရေးကြီးတဲ့ကိစ္စ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အမျိုးသားမြန်မာ့လူ့အခွင့်အရေး ကော်မရှင်အနေနဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို ပြည့်ပြည့်ဝဝ ဆောင်ရွက်တာမျိုးကို မျှော်လင့်ပါတယ်။ ဒါတွေကတော့

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်စွာ ထုတ်ဖော်ပြောကြားနိုင်ခွင့်၊ လူ့ဂုဏ်သိက္ခာအရေးနဲ့ လူ့အခွင့်ရေးကိစ္စတွေမှာ ပြည့်ပြည့်ဝဝ လေးစားလိုက်နာဖို့ပဲ ဖြစ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ပတ်သက်လို့ကတော့ နှစ်ဖက်စလုံးက ယေဘုယျဖြစ်တဲ့ ချဉ်းကပ်မှုမျိုးတွေ လုပ်ဖို့လိုတယ်လို့ မြင်ပါတယ်။ ထိပ်တိုက်ရင်ဆိုင်မှုမျိုးမလုပ်ဘဲနဲ့ ဆောင်ရွက်သင့်ပါတယ်။ နှစ်ဖက်စလုံးအတွက် အလွန်အရေးပါတဲ့ နိုင်ငံရေးလုပ်ငန်းစဉ် ဖြစ်ပါတယ်။ အားလုံးကလည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် အထူးသတိထားပြီး ဆောင်ရွက်နေတယ်ဆိုတာ သေချာပါတယ်။

နှစ်ဖက်စလုံးအနေနဲ့ သဘောထားပျော့ပျောင်းစွာ အပြုသဘောဆောင်စွာနဲ့ ကိုင်တွယ်ဆောင်ရွက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ပြီးတော့ လွှတ်တော်တာဝန်ရှိသူတွေအနေနဲ့လည်း ဒီနိုင်ငံမှာ ဖြစ်ထွန်းနေတဲ့ ဒီမိုကရေစီအပြောင်းအလဲဖြစ်စဉ်အတွက် ဖြစ်နိုင်တဲ့ အတိုင်းအတာတွေထဲကနေပြီး ဆောင်ရွက်ပြီးတော့ အဖြေကို ရှာဖွေနိုင်ပါလိမ့်မယ်။

**မေး**- ကျွန်မ အေးမြကျော်ပါ။ 7 Days News ဂျာနယ်ကပါ။ အတွင်းရေးမှူးအပါအဝင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ ကချင်အရေးနဲ့ပတ်သက်ပြီး ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မယ်ဆိုတာ သိချင်ပါတယ်။ ဘာလို့ဆို



ဆိုတော့ အခုရက်ပိုင်းအတွင်းမှာ ကချင်ဒေသမှာ တိုက်ပွဲအချို့ ဖြစ်ပွားခဲ့တဲ့အပြင် လူ့အခွင့်ရေးဆိုင်ရာ ထိပါးလုပ်ဆောင်တဲ့ကိစ္စရပ်တချို့ ဖြစ်ပွားခဲ့ပါတယ်။

**မစ္စတာဘန်ကီမွန်း**- ဒီကိစ္စနဲ့ပတ်သက်ပြီးလည်း ကျွန်တော် တစ်စိတ်တစ်ပိုင်း ပြောခဲ့ပြီးပါပြီ။ ကုလသမဂ္ဂအနေနဲ့ မြန်မာအစိုးရကို ကေအိုင်အေ၊ ကေအိုင်အိုအဖွဲ့တွေနဲ့ ပြန်လည် ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်ရာမှာ အကူအညီအထောက်အပံ့တွေပေးဖို့ လုပ်ထားပြီးပါပြီ။ လိုအပ်မယ်ဆိုရင် နည်းပညာအထောက်အပံ့၊ လော်ဂျစ်စတစ်အထောက်အပံ့၊ ပြီးတော့ လိုအပ်ရင် ငွေကြေးအထောက်အပံ့တွေကိုပေးဖို့ ကြိုးစားသွားမှာပါ။ ပြီးတော့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့ လိုအပ်နေတဲ့သူတွေကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ ပေးအပ်နိုင်ဖို့ကိုလည်း မြန်မာအစိုးရကို အကူအညီပေးသွားမှာ ဖြစ်ပါတယ်။

**မေး**- ကျွန်တော် သန်းဇော်ထွန်းပါ။ Weekly Eleven ဂျာနယ်က ဖြစ်ပါတယ်။ မြန်မာသမ္မတကြီးက မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ဒီမိုကရေစီအပြောင်းအလဲဖြစ်စဉ်နဲ့ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကိစ္စရပ်တွေဟာ လုံးဝ နောက်ကြောင်းပြန်လှည့်နိုင်တော့ဘူးလို့ ပြောကြားထားတာ ရှိပါတယ်။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူးချုပ်အနေနဲ့ အဆိုပါကိစ္စရပ်တွေမှာ နောက်ကြောင်းပြန်ရောက်သွားနိုင်မယ်။ ဒါမှမဟုတ် စက်ဝိုင်းကို ပက်နေသလိုမျိုးဖြစ်နေတဲ့ အရိပ်လက္ခဏာမျိုးများ တွေ့မိတာရှိပါသလားခင်ဗျာ။ နောက်ထပ် မေးခွန်းတစ်ခုကတော့ အတွင်းရေးမှူးချုပ် မြန်မာနိုင်ငံကို မလာခင်တုန်းက မြန်မာနိုင်ငံရဲ့ အပြောင်းအလဲဖြစ်စဉ်တွေဟာ အခုမှ အဦးအစပဲ ရှိပါသေးတယ်။ ရှေ့ဆက်ပြီး တွေ့ကြုံရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေ အမြောက်အမြား ရှိနေတယ်။ စိုးရိမ်စရာကိစ္စရပ်တွေလည်း ရှိပါတယ်လို့ ပြောခဲ့တာသိရပါတယ်။ ဒီတော့ ကျွန်တော် မေးချင်တာက အဲဒီစိန်ခေါ်မှုတွေ၊ စိုးရိမ်စရာကိစ္စတွေဟာ ဘာလဲဆိုတာ သိချင်ပါတယ်။ ပြီးတော့ ဒီစိန်ခေါ်မှုတွေ၊ စိုးရိမ်စရာကိစ္စတွေကို ဘယ်လိုရင်ဆိုင်သင့်တယ်ဆိုတာ သိချင်ပါတယ်။

**မစ္စတာဘန်ကီမွန်း-** ကျွန်တော် သမ္မတဦးသိန်းစိန်နဲ့ ပြီးခဲ့တဲ့ နိုဝင်ဘာလက ဘာလီ (အင်ဒိုနီးရှား အာဆီယံထိပ်သီးအစည်းအဝေးပွဲ) မှာ တွေ့ခဲ့တုန်းက ကျွန်တော့်ကို ပြောခဲ့တာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းဟာ ကျဉ်းကျဉ်းမြောင်းမြောင်းပဲဖြစ်တဲ့အတွက် နောက်ကြောင်းကို ပြန်ရောက်သွားဖို့ မရှိပါဘူးတဲ့။ အမှန်တကယ်လည်း ဒီဖြစ်စဉ်တွေဟာ နောက်ကြောင်းကို လုံးဝပြန်မလှည့်သွားသင့်ပါဘူး။ ဒီအတွက် မြန်မာအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် လှေလာသင့်



သလို၊ နိုင်ငံရေးလုပ်ငန်းစဉ်တွေကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ဖို့လိုပါတယ်။ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေကို စဉ်ဆက်မပြတ် ဆောင်ရွက်သင့်ပါတယ်။ ကိစ္စရပ်အားလုံးကို စဉ်ဆက်မပြတ် ဆောင်ရွက်တဲ့လမ်းကြောင်းအတိုင်း လုပ်ဆောင်သွားဖို့ လိုပါတယ်။ ဒီအတွက်ကြောင့်ပဲ များစွာသော ကမ္ဘာ့ထိပ်သီးပုဂ္ဂိုလ်တွေ ရောက်ရှိနေကြတာပါ။ အခုဆိုရင်ပဲ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင်အပါအဝင် အီးယူရဲ့ခေါင်းဆောင်တစ်ဦးနဲ့ ဂျာမနီနိုင်ငံခြားရေးဝန်ကြီး စတဲ့သုံးဦး အခုလောလောဆယ် ရောက်နေပါတယ်။

နောက်ထပ်လည်း လာကြဦးမှာပါ။ ဒါ တကယ့်ကို ကောင်းမွန်တဲ့အခွင့်အရေးပါ။ ဒါကို မြန်မာအနေနဲ့ ပြည့်ပြည့်ဝဝ အသုံးချနိုင်ဖို့ လိုပါတယ်။ ကုလသမဂ္ဂအနေနဲ့ပြောချင်တာက ခင်ဗျားတို့အနေနဲ့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်နေတာထက် ခင်ဗျားတို့ကိုယ်တိုင် လမ်းကြောင်းနဲ့ လုပ်ဆောင်ရမယ့်နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို အပြည့်အဝ လွှတ်ပေးဖို့၊ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ကို အပြည့်အဝ ဆောင်ရွက်ဖို့တို့ ဖြစ်ပါတယ်။


ပြီးတော့ တိုင်းရင်းသားလူမျိုးစုတွေနဲ့ ဆွေးနွေးစေ့စပ်ဆွေးနွေးကိစ္စတွေပါပဲ။ ဒီကိစ္စဟာ တကယ့်ကို နိုင်ငံရေးဖြစ်စဉ်ကို

www.burmeseclassic.com



တည်ငြိမ်အောင် ထောက်ကူပေးနိုင်မယ့်အရာ ဖြစ်ပါတယ်။ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်တွေသာ မတိုးတက်လာရင် နိုင်ငံရေးဖြစ်စဉ်ဟာလည်း ရေရှည်မတည်ငြိမ်နိုင်ပါဘူး။ ပြီးတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျတော့လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် မက်လုံးတွေရှိလာမှာမဟုတ်သလို ဒါတွေက တကယ့်ကို မက်လုံးပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါမှသာ ရင်းနှီးမြှုပ်နှံမှုတွေက စိုးရိမ်ကြောင့်ကြမှုမရှိဘဲ မြန်မာနိုင်ငံကို ဝင်ရောက်လာကြမှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ကုလသမဂ္ဂအနေနဲ့ UNDP စပြီး ကုလသမဂ္ဂရဲ့ အဖွဲ့ဝင်နိုင်ငံတွေ ပူးပေါင်းပါဝင်ထားတဲ့ အေဂျင်စီ ၁၅ ခု ပါဝင်တဲ့အဖွဲ့ဟာ လုပ်ငန်းစဉ်တွေကို ပြည့်ပြည့်ဝဝ ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။ ဒါကိုလည်း အပြည့်အဝ အသုံးချနိုင်ဖို့ လိုအပ်ပါတယ်။ ပြီးတော့ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေက ခေါင်းဆောင်တွေနဲ့ ဒီနေ့အစည်းအဝေး လုပ်ခဲ့ပါတယ်။ သူတို့ကို ကျွန်တော် ပြောခဲ့တာကတော့ ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံကို ကူညီဖို့ အဖွဲ့တစ်ရပ်ရှိဖို့ လိုပါတယ်။

**မေး–** ကျွန်တော် မြန်မာတိုင်းမ်က ဆန်းထူးပါ။ ဆယ်စုနှစ်ပေါင်းများစွာနဲ့ ချီကြာနေပြီဖြစ်တဲ့ ပဋိပက္ခအရေးတွေကြောင့် နယ်စပ်ဒေသတွေမှာ အထူးသဖြင့် ထိုင်းနိုင်ငံမှာ ဒုက္ခသည်တွေ အများအပြား ရောက်ရှိနေရပါတယ်။ ဒီပုဂ္ဂိုလ်တွေ မြန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံကို ပြန်လာပြီးနေထိုင်နိုင်ဖို့အတွက် ကုလသမဂ္ဂအနေနဲ့ ဘယ်လိုများ ကူညီဆောင်ရွက်ပေးသွားနိုင်မယ်ဆိုတာ သိလိုပါတယ်။

BURMESE CLASSIC

**ဘန်ကီမွန်း**- ဒါဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာအရေးကိစ္စ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကုလသမဂ္ဂရဲ့ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ရှိပါတယ်။ ယူနီဆက်ဖ်လို ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းတွေ ရှိတယ်။ ဒီအဖွဲ့အစည်းတွေဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ ပေးနိုင်ဖို့အတွက် အမြဲမပြတ် ဆောင်ရွက်နေကြပါတယ်။ သူတို့တွေကို တိုင်းရင်းသားလူမျိုးစုတွေအဖြစ် အသိအမှတ်ပြုပေးနိုင်၊ အာမခံပေးနိုင်ဖို့ လိုအပ်နေကြပါတယ်။ ဒါတွေဟာ တကယ့်ကို အရေးကြီးပါတယ်။ ဒီပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် ပထမဦးဆုံး လုပ်ရမယ့်ကိစ္စကတော့ သူတို့ကို မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုပေးနိုင်ရေး ဖြစ်ပါတယ်။ ပြီးတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး သမ္မတဦးသိန်းစိန်အပြင် အခြားသောခေါင်းဆောင်တွေနဲ့ပါ တွေ့ဆုံဆွေးနွေးသွားဖို့ ရှိပါတယ်။

★★★

## ကျမ်းကိုးစာရင်း


၁။ အခြေပြုမြန်မာနိုင်ငံရေးသမိုင်း
ပ-၃-တ (လမ်းစဉ်ပါတီဌာနချုပ်)

၂။ ရန်ကုန်တိုင်းမ်ဂျာနယ်
တွဲ(၇)၊ အမှတ်(၅၀)

၃။ မော်နီတာဂျာနယ်
တွဲ(၁)၊ အမှတ်(၆၆)

၄။ မော်နီတာဂျာနယ်
တွဲ(၁)၊ အမှတ်(၇၁)

၅။ လျှပ်တစ်ပြက်သတင်းဂျာနယ်
တွဲ(၃)၊ အမှတ်(၆၅)

၆။ စောင့်ကြည့်ဂျာနယ်
တွဲ(၇)၊ အမှတ်(၁၅)

၇။ Weekly Eleven (၄-၁-၂၀၁၂)

၈။ Weekly Eleven
တွဲ(၇)၊ အမှတ်(၁၄)

၉။ Hot News
တွဲ (၂)၊ အမှတ်(၆၈)

၁၀။ Open News
တွဲ(၂)၊ အမှတ်(၂၄)


www.burmeseclassic.com

www.burmeseclassic.com

၁၁။ New Weeks

တွဲ (၂)၊ အမှတ်(၂၄)

၁၂။ Hot News

တွဲ(၁)၊ အမှတ်(၂၈)

၁၃။ Real Time

တွဲ(၁)၊ အမှတ်(၄၃)

၁၄။ 7 Day News

တွဲ(၁၀)၊ အမှတ်(၄၂)

၁၅။ ကြေးမုံသတင်းစာ (၂၁-၁-၂၀၁၂)

၁၆။ ကြေးမုံသတင်းစာ (၂၆-၃-၂၀၁၂)

၁၇။ ကြေးမုံသတင်းစာ (၂၅-၃-၂၀၁၂)

★★★

www.burmeseclassic.com